# မိလိန္ဒမင်းနှင့် ရှင်နာဂသေန

# တို့၏

# ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ

## (မိလိန္ဒပဉှာ)

**ဦးထွန်းထွန်းလင်း**

**[Dhammajãla – Dhamma Notes and Guide For Theological Exam]**

**[28-12-2024]**

## မိလိန္ဒပဉှာ - မာတိကာ

နိဒါန်း

### (၁) မဟာဝဂ်


၁- ပညတ္တိပဉှာ (ဘွဲ့မည်တော်ကို မေးခြင်း)

၂ - ဝဿဂဏနပဉှာ (သိက္ခာတော်ကို မေးခြင်း)

၃- ဝီမံသနပဉှာ (စုံစမ်းလျှောက်မေးခြင်း)

၄- အနန္တကာယပဉှာ (အနန္တကာယအမတ်၏ လျှောက်ထားမေးမြန်းချက်)

၅- ပဗ္ဗဇ္ဇပဉှာ (ရဟန်းပြုခြင်းဆိုင်ရာ ပြဿနာ)

၆- ပဋိသန္ဓိပဉှာ (ပဋိသန္ဓေ နေ မနေ ပြဿနာ)

၇- ယောနိသောမနသိကာရပဉှာ (ယောနိသောမနသိကာရ ပြဿနာ)

၈- မနသိကာရလက္ခဏပဉှာ (မနသိကာရလက္ခဏာ ပြဿနာ)

၉- သီလလက္ခဏပဉှာ (သီလလက္ခဏာ ပြဿနာ)

၁၀- သမ္ပသာဒနလက္ခဏပဉှာ (သဒ္ဒါ၏ ကြည်လင်ခြင်း လက္ခဏာ ပြဿနာ)

၁၁- သမ္ပက္ခန္ဒနလက္ခဏသဒ္ဓါပဉှာ (သဒ္ဓါ၏ ပြေးဝင်ခြင်းလက္ခဏာ ပြဿနာ)

၁၂- ဝီရိယလက္ခဏပဉှာ (ဝီရိယလက္ခဏာ ပြဿနာ)

၁၃- သတိလက္ခဏပဉှာ (သတိလက္ခဏာ ပြဿနာ)

၁၄- သမာဓိလက္ခဏပဉှာ (သမာဓိလက္ခဏာ ပြဿနာ)

၁၅- ပညာလက္ခဏပဉှာ  (ပညာလက္ခဏာ ပြဿနာ)

၁၆ - ဧကကိစ္စ အဘိနိပ္ပါဒနပဉှာ (တရားအသီးသီးတို့ အကျိုးတခုတည်းကို ပြီးစီးခြင်း ပြဿနာ)


### (၂) အဒ္ဓါနဝဂ်


၁- ဓမ္မသန္တတိပဉှာ (တရားအစဉ်အဆက် ဆက်စပ်ပုံ ပြဿနာ)

၂-  ပဋိသန္ဓဟနပဉှာ  (ပဋိ န္ဓေမနေရမှုကို သိ မသိ ပြဿနာ)

၃- ဉာဏပညာပဉှ (ဉာဏ်နှင့်ပညာ ပြဿနာ)

၄- ပဋိသန္ဓဟနပုဂ္ဂလဝေဒိယနပဉှ (ပဋိသန္ဓေမနေသူ ဝေဒနာ ခံစား မခံစား ပြဿနာ)

၅- ဝေဒနာပဉှ (ဝေဒနာ ပြဿနာ)

၆- နာမရူပ ကေတ္တနာနတ္တပဉှ (ရုပ်နာမ်တူ မတူပြဿနာ)

၇- ထေရပဋိသန္ဓဟနာ ပဋိသန္ဓဟနပဉှ (နာဂသေနမထေရ် တဖန် ပဋိသန္ဓေနေ မနေ ပြဿနာ)

၈- နာမရူပ ပဋိသန္ဓဟနပဉှ (နာမ်ရုပ်နှင့် ပဋိသန္ဓေနေမှု ပြဿနာ)

၉- အဒ္ဓါနပဉှ (ကာလ ပြဿနာ)

## (၃) ဝိစာရဝဂ်

၁- အဒ္ဓါနမူလပဉှ (ကာလ၏ အရင်းမူလ ပြဿနာ)

၂- ပုရိမကောဋိပဉှ (ရှေးအစွန်း ပြဿနာ)

၃- ကောဋိပညာယနပဉှ (ရှေးအစွန်းထင် မထင် ပြဿနာ)

၄- သင်္ခါရဇာယမာနပဉှ (ဖြစ်ဆဲသင်္ခါရ ရှိမရှိ ပြဿနာ)

၅- ဘဝန္တသင်္ခါရဇာယမာနပဉှ (ဖြစ်ရာမရှိဘဲ သင်္ခါရဖြစ် မဖြစ် ပြဿနာ)

၆- ဝေဒဂူပဉှ  (ဇီဝမည်သော လိပ်ပြာကောင်အတ္တ ပြဿနာ)

၇- စက္ခုဝိညာဏာဒိပဉှ (စက္ခုဝိညာဏ်စသည်ဖြစ်ပုံ ပြဿနာ)

၈- ဖဿလက္ခဏပဉှ (ဖဿလက္ခဏာ ပြဿနာ)

၉- ဝေဒနာလက္ခဏပဉှ (ဝေဒနာလက္ခဏာ ပြဿနာ)

၁၀- သညာလက္ခဏပဉှ  (သညာလက္ခဏာ ပြဿနာ)

၁၁- စေတနာလက္ခဏပဉှ (စေတနာလက္ခဏာ ပြဿနာ)

၁၂- ဝိညာဏလက္ခဏပဉှ (ဝိညာဏလက္ခဏာ ပြဿနာ)

၁၃- ဝိတက္ကလက္ခဏပဉှ (ဝိတက်လက္ခဏာ ပြဿနာ)

၁၄- ဝိစာရလက္ခဏပဉှ (ဝိစာရလက္ခဏာ ပြဿနာ)

## (၄) နိဗ္ဗာနဝဂ်

၁- ဖဿာဒိ ဝိနိဗ္ဘုဇနပဉှ (ဖဿစသည်တို့ကို ခွဲခြား၍ သိ မသိ ပြဿနာ)

၂- နာဂသေနပဉှ (အရှင်နာဂသေန မေး သော ပြဿနာ)

၃- ပဉ္စာယတန ကမ္မနိဗ္ဗတ္တပဉှ (အာယတနငါးပါး ကံကြောင့်ဖြစ်ပုံ ပြဿနာ)

၄- ကမ္မနာနာ ကရဏပဉှ (ကုသိုလ်ကံ အကုသိုလ်ကံ ခြားနားမှု ပြဿနာ)

၅- ဝါယာမ ကရဏပဉှ (လုံ့လဝီရိယထုတ်ခြင်း ပြဿနာ)

၆- နေရယိကဂ္ဂိဉဏှဘာဝပဉှ (ငရဲမီး ပူလောင်ပုံ ပြဿနာ)

၇- ပထဝိသန္ဓာရကပဉှ (မြေကြီးတည်နေပုံ ပြဿနာ)

၈- နိရောဓနိဗ္ဗာနပဉှ(ချုပ်ခြင်းသည် နိဗ္ဗာန် မည် မမည် ပြဿနာ)

၉ - နိဗ္ဗာနလဘနပဉှ (နိဗ္ဗာန်ရခြင်း ပြဿနာ)

၁၀- နိဗ္ဗာနသုခဇာနနပဉှ (နိဗ္ဗာန်ချမ်းသာကို သိ မသိ ပြဿနာ)

## (၅) ဗုဒ္ဓဝဂ်

၁- ဗုဒ္ဓဿ အတ္ထိနတ္ထိဘာဝပဉှ (မြတ်စွာဘုရား ရှိ မရှိ ပြဿနာ)

၂- ဗုဒ္ဓဿဒ္ဓဿ အနုတ္တရဘာဝပဉှ (မြတ်စွာဘုရား အတုမရှိမြတ်ပုံ ပြဿနာ)

၃- ဗုဒ္ဓဿဒ္ဓဿ အနုတ္တရဘာဝဇာနနပဉှ (မြတ်စွာဘုရား၏ အတုမရှိသည့် အဖြစ်ကို သိ မသိ ပြဿနာ)

၄- ဓမ္မဒိဋ္ဌပဉှ (တရားတော်ကို မြင် မမြင် ပြဿနာ)

၅- အသင်္ကမန ပဋိသန္ဒဟနပဉှ(မပြောင်းရွှေ့ဘဲ ပဋိသန္ဓေ နေ မနေ ပြဿနာ)

၆- ဝေဒဂူပဉှ (ဝေဒဂူ အတ္တလိပ်ပြာကောင် ပြဿနာ)

၇- အညကာယသင်္ကမနပဉှ (အခြားကိုယ်သို့ ပြောင်းသော သတ္တဝါ ရှိ မရှိ ပြဿနာ)

၈- ကမ္မဖလ အတ္ထိဘာဝပဉှ (ကံ၏ အကျိုးရှိသည်၏ အဖြစ် ပြဿနာ)

၉- ဥပ္ပဇ္ဇတိဇာနနပဉှ (ပဋိသန္ဓေဖြစ်တည်မှုကို သိ မသိ ပြဿနာ)

၁၀- ဗုဒ္ဓနိဒဿနပဉှ (မြတ်စွာဘုရားကို ပြနိုင် မပြနိုင် ပြဿနာ)

## (၆) သတိဝဂ်

၁- ကာယပိယာယနပဉှာ (မိမိကိုယ်ကို ချစ် မချစ် ပြဿနာ)

၂- သဗ္ဗညု ဘာဝပဉှာ (မြတ်စွာဘုရား တရားအားလုံးကို သိ မသိ ပြဿနာ)

၃- မဟာပုရိသလက္ခဏပဉှာ (မြတ်စွာဘုရား မဟာပုရိသလက္ခဏာ ပြည့်စုံ မပြည့်စုံ ပြဿနာ)

၄- ဘဂဝတောဗြဟ္မစာရီပဉှာ  (မြတ်စွာဘုရား ဗြဟ္မာစာရီ မည် မမည် ပြဿနာ)

၅- ဘဂဝတော ဥပသမ္ပဒါပဉှာ (မြတ်စွာဘုရား ပဉ္စင်း ဖြစ် မဖြစ် ဖြစ် ပြဿနာ)

၆- အဿုဘေသဇ္ဇာ ဘေသဇ္ဇပဉှာ (မျက်ရည်၏ ဆေး ဆေးနှင့် ဘေးဖြစ်ပုံ ပြဿနာ)

၇- သရာဂ ဝီတရာဂ နာနာကရဏပဉှာ (ရာဂရှိသူနှင့် ရာဂကင်းသူ ထူးပုံ ပြဿန

၈- ပညာပတိဋ္ဌာနပဉှာ (ပညာ၏ တည်နေရာ ပြဿနာ)

၉- သံသာရပဉှာ (သံသရာပြဿနာ)

၁၀- စိရကတသရဏပဉှာ (ကြာမြင့်စွာက ပြုပြီးသည်ကို အောက်မေ့နိုင်မှု ပြဿနာ)

၁၁- အဘိဇာနန္တသတိပဉှာ (သတိသည် အမြဲသိမှတ်၍ ဖြစ်မဖြစ် ပြဿနာ)

## (၇) အရူပဓမ္မဝဝတ္ထာနဝဂ်

၁- သတိဥပ္ပဇ္ဇနပဉှာ (သတိဖြစ်ပေါ် ပုံ ပြဿနာ)

၂- ဗုဒ္ဓဂုဏသတိပဋိလာဘပဉှာ ( ဘုရားဂုဏ်တော်ကို သတိရမှု ပြဿနာ)

၃- ဒုက္ခပ္ပဟာနဝါယမပဉှာ (ဒုက္ခကို ပယ်စွန့်ခြင်း ပြဿနာ)

၄- ဗြဟ္မလောကပဉှာ (ဗြဟ္မာ့ပြည်နှင့် လူ့ပြည် အကွာအဝေး ပြဿနာ)

၅- ဒွိန္နံ လောကုပ္ပန္နာနံ သမကဘာဝပဉှာ (လောကနှစ်ခု၌ ဖြစ်ရမှု၏ တူမျှပုံ ပြဿနာ)

၆- ဗောဇ္ဈင်္ဂပဉှာ (ဗောဇ္ဈင် ပြဿနာ)

၇- ပါပပုညာနံ အပ္ပါနပ္ပဘာဝပဉှာ (အကုသိုလ်နှင့် ကုသိုလ် အနည်းအများ ပြဿနာ)

၈- ဇာနန္တာဇာနန္တ ပါပကရဏပဉှာ (သိလျက် မကောင်းမှုကို ပြုခြင်း မသိဘဲ မကောင်းမှုကို ပြုခြင်း ပြဿနာ)

၉- ဥတ္တရကုရုကာဒိ ဂမနပဉှာ (မြောက်ကျွန်းစသည်သို့ သွားနိုင် မသွားနိုင် ပြဿနာ)

၁၀- ဒီဃဋ္ဌိပဉှာ (အရိုးရှည် ပြဿနာ)

၁၁- အဿာသ ပဿာသ နိရောဓပဉှာ (ထွက်သက် ဝင်သက်ချုပ်ရန် တတ်နိုင် နိုင် မတတ်နိုင် ပြဿနာ)

၁၂- သမုဒ္ဒပဉှာ (သမုဒ္ဒရာ ပြဿနာ)

၁၃- သမုဒ္ဒ ဧကရသပဉှာ (သမုဒ္ဒရာ၏ အငန်အရသာ တခုတည်းရှိပုံ ပြဿနာ)

၁၄- သဗ္ဗသုခုမပဉှာ (သိမ်မွေ့သော အရာဝတ္ထု ပြဿနာ)

၁၅- ဝိညာဏနာနတ္တပဉှာ (ဝိညာဏ်၏ အနက်ထူး မထူး ပြဿနာ)

၁၆- အရူပဓမ္မဝဝတ္ထာန ဒုက္ကရပဉှာ (နာမ်တရားကို ပိုင်းခြားခြင်း၌ ခဲယဉ်းပုံ ပြဿနာ)


**မာတိကာ သဘောတရားတူရာ အစုခွဲခြင်း (UHHL)**

| အစု | ပဉှာ |
|---|---|
| **၁။ နိဒါန** | |
| **၂။ ပညတ္တိ** | ၁၊ ၂ |
| **၃။ စိတ္တ** | ၃၂၊ ၃၇ |
| **၄။ စေတသိက** | ဖဿ = ၃၃၊ ၃၄<br>ဝေဒနာ = ၂၁<br>သညာ = ၃၅<br>စေတနာ(ကံ) = ၃၆၊ ၄၂၊ ၄၃၊ ၅၇၊ ၇၇၊ ၇၈<br>မနသိကာရ = ၇၊ ၈<br>ဝိတက် = ၃၈<br>ဝိစာရ = ၃၉<br>ဖဿာဒိ = ၄၀<br>သီလ = ၉<br>သဒ္ဓါ = ၁၀၊ ၁၁<br>ဝီရိယ = ၁၂၊ ၄၄၊ ၇၃<br>သတိ = ၁၃၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂<br>သမာဓိ = ၁၄<br>ပညာ = ၃၊ ၁၅၊ ၁၉၊ ၆၇၊ ၇၆<br>ဗိုလ် = ၁၆ |
| **၅။ ပဋိသန္ဓိ + စုတိ** | ၆၊ ၁၇၊ ၁၈၊ ၂၀၊ ၂၂၊ ၂၃၊ ၂၄၊ ၅၄၊ ၅၆၊ ၅၈၊ ၇၅ |
| **၆။ ပဋိစ္စသမုပ္ပါဒ** | ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၆၈ |
| **၇။ ပဗ္ဗဇ္ဇ** | ၅၊ ၄၄၊ ၅၃၊ ၆၀ |
| **၈။ ဗုဒ္ဓ** | ၅၀၊ ၅၁၊ ၅၂၊ ၅၉၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄ |
| **၉။ နိဗ္ဗာန + ဝေဒဂူ** | ၄၇၊ ၄၈၊ ၄၉၊ + ၃၁၊ ၅၅ |
| **၁၀။ ပကိဏ္ဏက** | ၄၊ ၄၁၊ ၄၅၊ ၄၆၊ ၆၅၊ ၆၆၊ ၆၇၊ ၇၄၊ ၇၉၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆ |

# မိလိန္ဒပဉှာ








## နိဒါန်း

## မိလိန္ဒပဉှာကျမ်း

ပါဠိစာပေမှာ ရှိသော မိလိန္ဒပဉှာကျမ်းသည် ပိဋကတ်သုံးပုံ စာရင်းမှာ မူလက မပါခဲ့ပါ။ နောက်ပိုင်း မြန်မာနိုင်ငံတွင် **ပဉ္စမသင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါယနာတင်ချိန်မှ** မိလိန္ဒပဉှာကျမ်းကို ပိဋကတ်သုံးပုံ, နိကာယ်ငါးရပ် (**ခုဒ္ဒကနိကာယ်**)ထဲ ထည့်သွင်းခဲ့သောကြောင့် အခုခေတ် ပိဋကတ်သုံးပုံ စာရင်းထဲ၌ အပါအဝင်ဖြစ်လာ၏။

## မိလိန္ဒပဉှာကျမ်းနှင့် ပတ်သက်၍ မှတ်သားဖွယ်ရာ

ဤကျမ်းသည် သာမန်ကျမ်း မဟုတ်ပါ။ **ရှင်မဟာဗုဒ္ဓဃောသ**၏ အဋ္ဌကထာကျမ်းများတွင် မိလိန္ဒပဉှာကျမ်းလာ စကားရပ်အချို့ကို ကိုးကားထားသည်များပါရှိသောကြောင့် ရှင်မဟာဗုဒ္ဓဃောသ ကိုယ်တိုင်က အလေးပြုသော ကျမ်းတစ်ကျမ်းအဖြစ် မှတ်သားရပါသည်။ (ရှင်မဟာဗုဒ္ဓဃောသ - သာသနာနှစ် ၁၀၀၀ ၌ပေါ်ပေါက်ခဲ့၏။)

ရှင်မဟာဗုဒ္ဓဃောသသည် မိလိန္ဒပဉှာကို ကိုးကားသော်လည်း သူ၏ **ပါရာဇိကကဏ္ဍအဋ္ဌကထာ** (သို့မဟုတ်) **သမန္တပါသာဒိကာအဋ္ဌကထာ**၏ နိဒါန်းတွင် မိလိန္ဒပဉှာကျမ်းကို ခုဒ္ဒကနိကာယ်ကျမ်း စာရင်းမှာ ထည့်သွင်းဖော်ပြခြင်း မပြုခဲ့ပါ။

သို့သော် မြန်မာနိုင်ငံတွင် **ပဥ္စမသင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါယနာ** တင်သောအခါမှာ ခုဒ္ဒကနိကာယ် ကျမ်းစာရင်း၌ **နေတ္တိ၊ ပေဋကောပဒေသ၊ မိလိန္ဒပဉှာ** ဟူသော သုံးကျမ်းကို ထပ်ထည့်လိုက်သောကြောင့် ခုဒ္ဒကနိကာယ်ကျမ်းသည် ဝိနည်း၊ အဘိဓမ္မာအပြင် (၁၈) ကျမ်းဖြစ်လာ၏။ ဆဋ္ဌသင်္ဂါယနာတင်တုန်းက တစ်ချို့နိုင်ငံက ဆရာတော်များက နေတ္တိ၊ ပေဋကောပဒေသ၊ မိလိန္ဒပဉှာ - သုံးကျမ်း ထည့်တာကို စောဒကတက်ကြ၏။

မြန်မာနိုင်ငံ မန္တလေးခေတ် နောက်ပိုင်း **မင်းကွန်း ဇေတဝန်ဆရာတော်ကြီး**သည် မိလိန္ဒပဉှာကျမ်း ကိုဖွင့်ဆိုသော **မိလိန္ဒပဉှာအဋ္ဌကထာ**ကို ရေးသားပြုစုခဲ့သောကြောင့် မြန်မာနိုင်ငံတွင် အဋ္ဌကထာ တစ်စောင်အနေနှင့် ပေါ်ထွန်းခဲ့၏။

## ခုဒ္ဒကနိကာယ် (၁၈)ကျမ်း

| | | |
|---|---|---|
| ၁။ ခုဒ္ဒကပါဌ (ခုဒ္ဒကပါဌ်) | | |
| ၂။ ဓမ္မပဒ | ၉။ ထေရီဂါထာ | **နောက်တိုး ၃ ကျမ်းမှာ -** |
| ၃။ ဥဒါန (ဥဒါန်း) | ၁၀။ အပါဒါန (အပါဒါန်) | |
| ၄။ ဣတိဝုတ္တက (ဣတိဝုတ်) | ၁၁။ ဗုဒ္ဓဝံသ (ဗုဒ္ဓဝင်) | ၁၆။ နေတ္တိ |
| ၅။ သုတ္တနိပါတ (သုတ္တနိပါတ်) | ၁၂။ စရိယာပိဋက | ၁၇။ ပေဋကောပဒေသ |
| ၆။ ဝိမာနဝတ္ထု | ၁၃။ ဇာတက (ဇာတ်) | ၁၈။ မိလိန္ဒပဉှာ |
| ၇။ ပေတဝတ္ထု | ၁၄။ နိဒ္ဒေသ (မဟာနိဒ္ဒေသ နှင့် စူဠနိဒ္ဒေသ) | |
| ၈။ ထေရဂါထာ | ၁၅။ ပဋိသမ္ဘိဒါမဂ္ဂ (ပဋိသမ္ဘိဒါမဂ်) | |

[**ဆောင်** - - ခုဒ္ဒ၊ ဓမ္မ၊ ဥဒါန။ ဣတိ၊ သုတ္တ၊ ဝိမာန။ ပေတ၊ ထေရ၊ ထေရီ၊ အပဒါန။ ဗုဒ္ဓ၊ စရိယ၊ ဇာတကနဲ့ နိဒ္ဒေသ။ ပဋိ၊ နေတ္တိ၊ ပဒေသနဲ့ မိလိန္ဒ။]

## မိလိန္ဒပဉှာကျမ်းကို ဖတ်ရှုလေ့လာရခြင်းအကျိုး

ဤကျမ်း၌ မှတ်သားဖွယ်ရာ အချက်အလက်များဖြင့် ပြည့်နှက်ပြီး မေးခွန်းနှင့် အဖြေများကို ဖော်ပြတာဖြစ်သောကြောင့် ဖတ်ရှုလေ့လာကြသော ပုဂ္ဂိုလ်တို့၌ ဉာဏ်ရည် ဉာဏ်သွေးများ တိုးတက်ဖြစ်ပေါ်လာနိုင်၏။

## Debate (စကားရည်လုပွဲ)

**အချေအတင် -** တစ်ဖက်က အပြစ်တင်လိုက်သည်ကို တစ်ဖက်က ချေပပြောဆိုခြင်း ဖြစ်၏။

***ရှင်းဦးအံ့။*** တစ်ဖက်က အပြစ်တင် ထောက်ပြခြင်း၊ (ဒီလို မဖြစ်သင့်ဘူးလား?၊ ဘာကြောင့် ဒီလိုဆိုရ တာလဲ? ဟူသော စောဒကတက်ခြင်း)ကို **အတင်**ဟု ခေါ်၏။ ထို ပြစ်တင်ပြောဆိုသော အချက်တို့ကို တစ်ဖက်က အကြောင်းအကျိုးပြပြီး ပြန်လည်ချေပခြင်းကို "**ချေပခြင်း (အချေ)**"ဟုခေါ်၏။ ထို 'အတင်နှင့် ချေပခြင်း' စကားနှစ်ရပ်ကို ပေါင်းစပ်ပြီး 'အချေအတင်' ဟု သုံး၏။

**ဝါဒရေးရာနဲ့ပတ်သက်ပြီး အချေအတင် ပြောဆိုနိုင်စွမ်းရှိသူ၌ ရှိရမည့် အရည်အချင်း (၅) ရပ်**

(၁) လျှင်မြန်ရမည်၊ (၂) ဖျက်လတ်ရမည်၊ (၃) ကျွမ်းကျင်ရမည်၊ (၄) ရဲရင့်ရမည်၊ (၅) ဗဟုသုတ ကြွယ်ဝရမည်။

**မိလိန္ဒပဉှ = မိလိန္ဒ + ပဉှ**

**မိလိန္ဒ** = မိလိန္ဒမင်းကြီး

**ပဉှ** = သူ(မိလိန္ဒမင်းကြီး)သိချင်သော မေးခွန်းများကို မေးခွန်းထုတ်ထားခြင်း။

မိလိန္ဒပဉှာ ကျမ်းကြီးတွင် **မေးခွန်းပေါင်း (၃၀၄)မျိုး**ကို ဖော်ပြထား၏။

**မိလိန္ဒပဉှ ပါဠိနိဂုံးမှာ မှတ်တမ်းတင်ထားသော ဂါထာလေး တစ်ပုဒ်မှာ ထိုကျမ်းနဲ့ ပတ်သက်ပြီး-**

၁။ **လင်္ကာယံဒေါဏိ နဂရေ၊ ဝသတာ ဒေါဏိ နာမိနာ၊ မဟာထေရေန လေခိတွာ၊ သုဋ္ဌပိတံ ယတာသုတံ'**

'သီရိလင်္ကာနိုင်ငံ ဒေါဏိမြို့၌နေသော **ဒေါဏိအမည်ရှိသော မထေရ် (ဒေါနိမထေရ်)**သည် မိလိန္ဒပဉှာကျမ်း ကို သူကြားဖူးသည့်အတိုင်း ရေးသားပြီး မှတ်တမ်းပြုထားခြင်း' ဖြစ်၏။

၂။ **မိလိန္ဒရာဇပဉှော စ၊ နာဂသေန ဝိသဇ္ဇနံ**'

'မိလိန္ဒမင်းကြီး၏ မေးခွန်းနှင့် နာဂသေနမထေရ်မြတ်၏ ဖြေဆိုချက်တို့ကို (သူ) ပြည့်ပြည့်ဝဝ မှတ်တမ်းတင်ထား၏။'

၃။ **`မိလိန္ဒော ဟိ မဟာပညော၊ နာဂသေနော သုပဏ္ဍိတော'**

မိလိန္ဒမင်းကြီးက ပညာကြီးပါပေ၏။ ရှင်နာဂသေန,ကလည်း အလွန့်ကို ပညာရှိပါပေ၏ ဟုလည်း ဖော်ပြထားသည်။

**မြတ်စွာဘုရား၏ ဗျာဒိတ်စကား**

မိလိန္ဒမင်း နှင့် ရှင်နာဂသေနတို့ တကယ် ရှိခဲ့သလား?၊ ဘယ်ခေတ်က ရှိခဲ့တာလဲ? ဆိုသည်ကို မိလိန္ဒပဉှာ ကျမ်း၌ပါသော မြတ်စွာဘုရား၏ ဗျာဒိတ်ပေးသောအနေဖြင့်ရေးသားချက်ကို ထောက်ရှု နိုင်ပါသည်။

**"မမ ပရိနိဗ္ဗာနတော ပဉ္စဝဿသတေ အတိက္ကန္တေ ဧတေ ဥပ္ပဇ္ဇိဿန္တိ။"-** "မိလိန္ဒမင်းတို့, နာဂသေနတို့ ငါဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း (၅၀၀)ကျော်တဲ့အခါမှာ ပေါ်ပေါက်ကြလိမ့်မယ်၊

**မိလိန္ဒမင်းကြီး အကြောင်း**

မိလိန္ဒမင်းကြီးဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း (၅၀၀)ကျော်မှာ ယောနကတိုင်းနဲ့ မိုင်ပေါင်း ၁၀၀၀-ကျော်ဝေးတဲ့ ဂရိနိုင်ငံ (Alexander Island) **ကလသိရွာ**မှာ မွေးဖွားခဲ့သူဖြစ်ပြီး နောက်ပိုင်းမှာ မင်းဖြစ်ပြီး ယောနကတိုင်း(ယခုခေတ် တူရကီနိုင်ငံ)၊ **သာဂလမြို့**မှာ ထီးနန်းစိုးစံပြီး နေတယ်။

**မိလိန္ဒမင်းကြီး၏ အရည်အချင်းများ**

**၁။ ပဏ္ဍိတော-** စဉ်းစားဉာဏ်ရှိခြင်း

**၂။ ဗျတ္တော-** ထက်မြက်ခြင်း

**၃။ မေဓာဝီ-** ဖျတ်လတ်သော အသိဉာဏ်ရှိခြင်း

(ပညာရှိခြင်းသုံးမျိုးခွဲပုံ။ **ပဏ္ဍိတ**-အရာရာမှာ စဉ်းစားဉာဏ်နှင့် လုပ်တတ်ခြင်း။ **ဗျတ္တ** - ကျွမ်းကျင်၊ ထက်မြက်ခြင်း။ **မေဓာဝီ** - လျင်လျင်မြန်မြန် သိနိုင်စွမ်းရှိသော ပညာရှိခြင်း။)

**၄။ “ပဋိဗလော အတီတာနာဂတ ပစ္စုပ္ပန္နာနံ မန္တယောဂဝိဓာန ကိရိယာနံ”**

တိုင်ပင်ဆွေးနွေး လုပ်ရေးကိုင်ရေးကိစ္စတွေမှာ အတိတ်က အကြောင်းအရာပဲဖြစ်ဖြစ်၊ အနာဂတ် အကြောင်းအရာပဲ ဖြစ်ဖြစ်၊ ပစ္စုပ္ပန်ကိစ္စတွေမှာပဲဖြစ်ဖြစ် စီမံခန့်ခွဲတဲ့နေရာမှာ အလွန်ကျွမ်းကျင်၏။

**၅။ “ကရဏကာလေ နိသမ္မကာရီ ဟောတိ” -** အလုပ်လုပ်ပြီဆိုလျှင် စူးစမ်းဆင်ခြင်ပြီးမှ ပြုလုပ်၏။

အလုပ်လုပ်ပြီ ဆိုလျှင် ဘယ်တော့မှ အရမ်းမလုပ်၊ အင်မတန်မှ စေ့စပ်၏။ဟုတ်မဟုတ် သူကိုယ်တိုင် လေ့လာပြီးမှ ဆုံးဖြတ်ခြင်းသည် တိုင်းပြည်အုပ်ချုပ်သူတို့အတွက် အလွန်ကောင်း/အရေးကြီးသော အရည်အချင်း တစ်ခုဖြစ်၏။

**မိလိန္ဒမင်းကြီး သင်ယူထားတဲ့ကျမ်းပေါင်း (၁၉)ကျမ်း**

| | |
|---|---|
| (၁) သုတိ - ဗေဒကျမ်း၊ (သဒ္ဒါကျမ်း) | (၁၁) ပုရာဏာ - ပုရာဏ်ကျမ်း၊ |
| (၂) သမ္မုတိ - ဓမ္မသတ်ကျမ်း၊ | (၁၂) ဣတိဟာသ - သမိုင်းကျမ်း၊ |
| (၃) သင်္ချာ - သင်္ချာကျမ်း၊ | (၁၃) ဇောတိသာ - ဇောတိသကျမ်း (ဟူးရားကျမ်း) |
| (၄) ယောဂါ - ယောဂကျမ်း၊(ဗိသုကာကျမ်း) | (၁၄) မာယာ - မျက်လှည့်ကျမ်း၊ |
| (၅) နီတိ - နီတိကျမ်း၊ | (၁၅) ကေတု - ကေတုကျမ်း (ဟေတု-နိမိတ်ကျမ်း) |
| (၆) ဝိသေသိကာ - ဝိသေသိကာကျမ်း၊ | (၁၆) မန္တနာ - မန္တနကျမ်း၊ |
| (၇) ဂဏိကာ - ဂဏန်းကျမ်း | (၁၇) ယုဒ္ဓါ - စစ်ဗျူဟာကျမ်း |
| (၈) ဂန္ဓဗ္ဗာ - အဆိုအက အတီးအမှုတ်ကျမ်း၊ | (၁၈) ဆန္ဒသာ - ဆန်းကျမ်း၊ |
| (၉) တိကိစ္ဆာ - ဆေးကုကျမ်း၊ | (၁၉) ဗုဒ္ဓဝစန - ပိဋကသုံးပုံ၊ |
| (၁၀) ဓနုဗ္ဗေဒ -လေးအတတ်ကျမ်း | |

[**ဆောင်** - သံ၊ သု၊ သင်၊ ယော။ နီ၊ ဝိ၊ ဂ၊ ဂ။ တိ၊ ဓ၊ ပု၊ ဣ။ ဇော၊ မာ၊ ကေ၊ မန်။ ယု၊ ဆန်၊ ဗုဒ်။]

## မိလိန္ဒမင်း၏ စကားပြောကျွမ်းကျင်ပုံ

**၁။ ဝိတဏ္ဍဝါဒီ** - ဆန့်ကျင်ဘက်ပြောသော (ဘုကလန့်ပြောသော) နေရာမှာ သူ့ကိုမမှီခြင်း။

(**ဝိတဏ္ဍဝါဒ** = ဆန့်ကျင်ဘက်ပြောခြင်း။ သူများက စကားတစ်ခုပြောလိုက်ရင် သူက ထိုးနက်တတ်တယ်။ သူများအပြစ်ကို ထောက်ပြီး ဆန့်ကျင်ဘက်ပြောတဲ့ နေရာမှာ ကျွမ်းကျင်တယ်။)

**၂။ ဒုရာသဒေါ**- သူနဲ့ ယှဉ်ပြိုင်ဖို့ ခက်ခြင်း။ သူ့နားကပ်ဖို့ ခက်ခြင်း။

**၃။ ဒုပ္ပသဟော**- သူစကားတစ်လုံး သွင်းလိုက်လို့ရှိရင် ခံနိုင်ရည်ရှိဖို့ ခက်ခြင်း။ (သူ မေးခွန်းထုတ် လိုက်လျှင် ဖြေဖို့မလွယ်ခြင်း)

**၄။ ပုထုတိတ္ထကရာနံ အဂ္ဂမက္ခာယတိ-** အယူဝါဒရေးရာ၊ စကားလုံးတီထွင်သောနေရာ, ဝါဒတီထွင်သော နေရာ၊ ပေါ်လစီချမှတ်သောနေရာတို့၌ သူ အတော်ဆုံးဖြစ်ခြင်း။

### ဇမ္ဗူဒိပ်တစ်ကျွန်း၌ မိလိန္ဒနဲ့ ဂုဏ်ရည်တူ (သူ့အရည်အချင်းကို မှီ)သောပုဂ္ဂိုလ် မရှိသော အရာ ၄ ချက်

**ထာမ**- စွမ်းအားသတ္တိ ရှိသော နေရာ။ **ဇဝ**- လျင်မြန်ဖျတ်လတ်သော နေရာ၊

**သူရ**- ရဲစွမ်းသတ္တိ ရှိသော နေရာ။ **ပညာ**- စဉ်းစားဉာဏ်ရှိသော နေရာ

## မိလိန္ဒမင်း၏ ဥစ္စာဓနကြွယ်ဝပုံ

**အမု** - သိမ်းဆည်း မြှုပ်နှံထားသော ငွေကြေးဓန အလွန်များခြင်း

**မဟဒ္ဓန**- နေ့စဉ်သုံးနေသော ငွေကြေးဓန အလွန်များခြင်း

**မဟာဘောဂ**- အသုံး အဆောင်ပစ္စည်း အများကြီးရှိခြင်း

**အနန္တဗလဝါဟနော**- အလွန်များပြားလှသော စစ်သည်ဗိုလ်ပါ စစ်သုံးယာဉ်တို့နှင့် ပြည့်စုံခြင်း။

## မိလိန္ဒမင်းကြီးနှင့် ဘာသာရေးခေါင်းဆောင်တို့ တွေ့ဆုံခြင်း

ဘာသာရေးနှင့်ပတ်သက်၍ ဖီလိုဆိုဖာ ဆရာကြီး(၆)ဦးရှိ၏။ မြတ်စွာဘုရား လက်ထက်တုန်းကလည်း ဒီ(၆)ဦး၊ အခုလည်း ဒီ(၆)ဦးဆိုတော့ ဒီလူကြီးတွေ မသေသေးတာတော့ မဟုတ်။ ဂိုဏ်းကို တည်ထောင် သွားတဲ့ ပူရဏကဿပ စသည်ဆိုတာ မရှိဘူး ၊၎င်းတို့ဂိုဏ်း အဆက်အနွယ်တွေ ရှိသေးတယ်လို့ ဒီလိုပဲ မှတ်ရမယ်။ ပူရဏကဿပ ဂိုဏ်းခေါင်းဆောင်ကိုလည်း ပူရဏကဿပလို့ပဲ ခေါ်လိုက်တာ ဖြစ်တယ်။

[**တိတ္ထိဆရာကြီး ၆-ယောက်**။

(၁) ပူရဏကဿပ၊ (၂) မက္ခလိဂေါသာလ၊ (၃) နိဂဏ္ဌနာဋပုတ္တ၊ (၄) သဉ္စယဗေလဋ္ဌပုတ္တ၊ (၅) ဗကုဓ ကစ္စာယန၊ (၆) အဇိတ ကေသကမ္ဗလ၊]

## မိလိန္ဒမင်းနှင့် ပူရဏကပဿပ

**မိလိန္ဒမင်း** - အရှင်ကဿပ၊ လောကကြီးကို ဘာက စောင့်ရှောက်ထားသလဲ။

**ပူရဏကဿပ** - အရှင်မင်းကြီး **မြေကြီးက လောကကြီးကို စောင့်ရှောက်ထား**တာပါ၊"

**မိလိန္ဒမင်း** - အဝီစိငရဲ ကျတဲ့လူတွေကို ဘာကြောင့် မြေကြီးက မတားနိုင်သလဲ။

**ပူရဏကဿပ** - နှုတ်ပိတ်သွားတယ်၊ ရှေ့ဆက် ဘာမှ မပြောနိုင် တော့ဘူး။

**မိလိန္ဒမင်း** - "အသိဉာဏ် နည်းလိုက် ကြတာ။ စိတ်ပျက်စရာ ကောင်းတယ်။

## မိလိန္ဒမင်းနှင့် မာက္ခလိဂေါသာလ

**မိလိန္ဒမင်း** - ကုသိုလ် အကုသိုလ်ကံ ဆိုတာ ရှိသလား။ ကုသိုလ်ကံ ကံတို့ရဲ့ အကျိုးဆိုတာ ရှိသလား"

**မာက္ခလိ - ကုသိုလ် အကုသိုလ်ဆိုတာ မရှိပါ။ ကုသိုလ်ကံ အကုသိုလ်ကံရဲ့ အကျိုးတရားဆိုတာလည်း မရှိပါ။**

(ဒီဘဝ မင်းမျိုးမှာဖြစ်ရင် နောက်ဘဝရောက်ရင်လည်း မင်းမျိုးပဲ။ ပုဏ္ဏားမျိုးဆိုရင်လည်း ပုဏ္ဏားမျိုးပဲ။ ကုန်သည်မျိုး ဆိုရင်လည်း ကုန်သည်မျိုးပဲ။ သူဆင်းရဲမျိုးဆိုရင်လည်း သူဆင်းရဲမျိုးပဲ။ ဒီဘဝရှိတဲ့အတိုင်းပဲ လူတွေဟာ နောင်ဘဝ ဖြစ်ကြမှာ။ ကုသိုလ် အကုသိုလ်ကံရဲ့ အခွင့်အရေး ဆိုတာ ဘာမှမရှိဘူး။ ဘာလုပ်လုပ် ဘာမှ မထူးဘူး)

**မိလိန္ဒမင်း** - ဒါဖြင့် ဒီဘဝက လက်ပြတ်/ခြေပြတ်/နားရွက်ပြတ်...တဲ့ လူတွေလည်း နောင်ဘဝ လက်ပြတ် /ခြေပြတ်..... ဖြစ်ရမှာလား?

**မာက္ခလိ** - ဆက်မပြောနိုင်တော့ဘူး ပါးစပ်ပိတ်သွားတယ်။

**မိလိန္ဒမင်း** - ဇမ္ဗူဒိပ်ကျွန်းကြီးမှာ အနှစ်မရှိတဲ့ပုဂ္ဂိုလ်တွေချည်းပဲ။ ဘယ်သူမှ ငါမေးတာကို မဖြေနိုင်ကြဘူး။

(**မှတ်ဖွယ်။** မြတ်စွာဘုရားသည် ဝါဒရေးရာနဲ့ ပတ်သက်ပြီး အချေအတင်ပြောတဲ့အခါမှာ အလွန် ကျွမ်းကျင်တဲ့ **သစ္စက** (**သစ္စကပရဗိုဇ်**)တို့လို ဝါဒတစ်ထောင်တတ်တဲ့ ပုဂ္ဂိုလ်မျိုးကို မလှုပ်နိုင်အောင် ပြောဆိုခဲ့၏)

## သမဏ ဗြာဟ္မဏတို့ တခြားအရပ် ကြွသွားကုန်ကြခြင်း

မိလိန္ဒမင်းဟာ သူမေးချင်ရာတွေ လျှောက်မေးတယ်၊ မဖြေနိုင်ရင် အပြစ်တင်တယ်။ မေးပါများတဲ့ အခါ သူမြင်ရင် လန့်နေကြ၊ သူ့ကို ရှောင်ကြတယ်။ သူ့နိုင်ငံမှာ ပညာရှိ သမဏဗြာဟ္မဏတွေဟာ မနေဝံ့ကြဘဲ အကုန်ပြေး ကုန်ကြတယ်၊ ဘုန်းကြီးတွေလည်း ဟိမဝန္တာတောင် ကြွကုန်ကြတယ်။ (၁၂)နှစ်ကြာအောင် ပညာရှိ သမဏ ဗြာဟ္မဏတွေ တခြားအရပ် ကြွသွားကုန်ကြတယ်။ **ဟိမဝန္တာတောင် ရက္ခိတဆိုတဲ့ ကုန်းပြင်**မှာ နေထိုင်ကြတဲ့ **ကုဋေတစ်ရာလောက် ရဟန္တာ**တွေလည်း မိလိန္ဒမင်းကြီး မေးလွန်းအားကြီးလို့ မနေကြတော့ဘဲ လွတ်ရာ ကျွတ်ရာ ကြွသွားကြတယ်။

## မိလိန္ဒမင်းကြီးနှင့် အာယုပါလမထေရ်တို့ တွေ့ဆုံခြင်း

ဟိမဝန္တာရှိ ရဟန္တာတွေထဲမှ အာယုပါလမထေရ်ကြီးသည် **သင်္ချေယျ ပရိဝုဏ်ကြီး**ထဲမှာ နေ၏။

**ပရိဝေဏ (ပရိဝုဏ်)** = ကျောင်းပေါင်းများစွာ စုထားသောနေရာ၊ ကျောင်းတိုက်ကြီး။

**မိလိန္ဒမင်း** - ဘာဖြစ်လို့ ဘုန်းကြီးဝတ်တာလဲ။ ဘုန်းကြီးဝတ်ခြင်းရဲ့ အမြင့်ဆုံး အကျိုးကျေးဇူးက ဘာလဲ"

**အာယုပါလ - တရားကျင့်ဖို့၊ မှန်ကန်တဲ့အကျင့်တွေကျင့်ဖို့၊ ဓမ္မစရိယ-သမစရိယ ကျင့်သုံးဖို့ဖြစ်တယ်။ အမြတ်ဆုံး အကျိုးက အရဟတ္တဖိုလ်ဖြစ်တယ်။**

**မိလိန္ဒမင်း** - အလူဝတ်ကြောင်တွေကော ဓမ္မကို မကျင့်သုံးနိုင်ဘူးလား။

**အာယုပါလ** - "ကျင့်သုံးနိုင်တာပေါ့ မြတ်စွာဘုရား ဓမ္မစကြာတရား ဟောတဲ့အခါမှာ ဗြဟ္မာပေါင်း (၁၈)ကုဋေ နတ်ပေါင်း အသင်္ချေ ကျွတ်တန်းရတယ်။ ထို့အတူပဲ မဟာသတိပဋ္ဌာနသုတ်တို့၊ ရာဟုလောဝါဒသုတ်တို့၊ မဟာမင်္ဂလသုတ်တို့ နာတဲ့အခါမှာ နတ်တွေ ဗြဟ္မာတွေ မရေတွက်နိုင်အောင် ကျွတ်ကြတယ်။ အားလုံးဟာလူတွေပဲ လူဝတ်ကြောင်တွေပဲ ရဟန်းတွေ မဟုတ်ဘူး"။

**မိလိန္ဒမင်း** - လူဝတ်ကြောင်တွေတောင် တရားထူးတရားမြတ်တွေ ရနေမှတော့ ဘာဖြစ်လို့ ဘုန်းကြီးဝတ်မှာလဲ၊ ဘုန်းကြီးဝတ်ရင် ကတုံးပဲ အဖတ်တင်တာပေါ့။ အတိတ်ဘဝတုန်းက သူများ အစားအစာတွေကို လုယက်ပြီး စားသောက်ခဲ့လို့ ကိုယ်တော်တို့ တစ်ထပ်တည်း စားနေရတာ။ ညစာ မစားရဘူး၊ အဲဒါ ငတ်တာပဲ"။

**"အဇ္ဈောကာသိကစုတင်'** လို့ဆိုပြီး '<u>လွင်ပြင်မှာနေ</u>'ရတာလည်း - (၁) အတိတ်ဘဝက အကုသိုလ်ကံတွေ လုပ်ခဲ့လို့ (၂) သူများအိမ်တွေ ဖျက်ဆီးခဲ့လို့ (၃) မြို့တွေရွာတွေကို လုယက် ဖျက်ဆီး မီးရှို့ခဲ့လို့ .... ကိုယ်တော်တို့မှာ အိမ်မရှိ ယာမရှိ နေရတာ ဖြစ်လိမ့်မယ်။ ဘုန်းကြီးတွေဟာ အတိတ်ဘဝတုန်းက မကောင်းမှု အကုသိုလ် လုပ်ခဲ့လို့ ဒီလို ဒုက္ခခံရတာ ဖြစ်မှာပဲ။”

(**မှတ်ဖွယ်။** ရဟန်းတို့သည် ကိုယ်ကျင့်သီလ ပို၍ဖြူစင်အောင် ဓုတင်အကျင့်ကို ကျင့်ကြ၏။)

**အာယုပါလ** - စကားမပြောတော့ဘူး။ တိတ်တိတ်နေလိုက်တော့တယ်။

**မိလိန္ဒမင်း** - ငါမေးတာ ဘယ်သူမှ မဖြေနိုင်ဘူး။

## အရှင်နာဂသေန နှင့် မိလိန္ဒမင်းတို့၏ အတိတ်သမိုင်း (သိရုံ)

ကဿပမြတ်စွာဘုရားလက်ထက်တွင် ဂင်္ဂါမြစ်အနီးရှိ ကျောင်းတိုက်တွင် ဖြစ်၏။ တစ်ခုသော နံနက်တွင် ရဟန်းတစ်ပါးသည် သာမဏေတစ်ဦးကို "ဤတံမြက်ချေးကို စွန့်ပစ်ချေလော့" ဟုဆို၏။ ထိုသို့ ခေါ်ပါ သော်လည်း သာမဏေသည် မကြားယောင်ပြုကာ သွားမြဲအတိုင်း သွား၏။ နှစ်ကြိမ် သုံးကြိမ်တိုင်အောင် ပြောပါသော်လည်း မကြားယောင် ပြုနေသဖြင့် ရဟန်းသည် အမျက်ထွက်လာ၏။ ထို့ကြောင့် သာမဏေအား တံမြက်စည်းရိုးဖြင့် ရိုက်ပုတ်၏။

### သာမဏေ၏ ဆုတောင်း

ထိုအခါ သာမဏေသည် ကြောက်ရွံ့ကာ "တံမြက်ချေးကို စွန့်ပစ်၏။ ထိုသို့စွန့်ပစ်သည့်အခါ "တံမြက်ချေး စွန့်ပစ်ရသော ကောင်းမှုကြောင့် နိဗ္ဗာန်ရောက်သည့်တိုင်အောင် ဤအတွင်း ဖြစ်လေရာ ဘဝ၌ မွန်းတည့် နေကဲ့သို့ ဘုန်းကံကြီးသူ၊ တန်ခိုးတေဇော်ကြီးသူ ဖြစ်ရပါလို၏" ဟု ပထမအကြိမ် ဆုတောင်း၏။ တံမြက်ချေးကို စွန့်ပစ်ပြီး ဂင်္ဂါမြစ်သို့ ရေချိုးရန်သွားသောအခါ တဝုန်းဝုန်းမြည်နေသည့် လှိုင်းတံပိုးတို့ကို မြင်ကာ "အကျွန်ုပ်သည် နိဗ္ဗာန် ရောက်သည့်တိုင်အောင် ဤဖြစ်လေရာဘဝ၌ ဤလှိုင်းတံပိုး အဟုန်ကဲ့သို့ အရာအားလျော်စွာ ဖြစ်ပေါ်လာသော ဉာဏ်ပဋိဘာန်ရှိသူ မကုန်နိုင်သော ဉာဏ်ပဋိဘာန်ရှိသူ ဖြစ်ရပါ လို၏"ဟု ဒုတိယအကြိမ် ဆုတောင်း၏။

### ရဟန်း၏ ဆုတောင်း

စေခိုင်းသော ရဟန်းသည် ဂင်္ဂါမြစ်သို့ ရေချိုးရန်သွားသောအခါ သာမဏေ၏ ဆုတောင်းသံကို ကြားရ၏။ ထိုအခါ ရဟန်းသည် "ငါစေခိုင်းသော သာမဏေသည်ပင် ဤမျှ ဆုတောင်း၏။ ငါ့အား အဘယ်မှာ ဆုတောင်း မပြည့်စုံဘဲ ရှိလိမ့်မည်နည်း" ဟု ကြံကာ "ငါသည် နိဗ္ဗာန်သို့ ရောက်သည့်တိုင်အောင် ဤအတွင်း ဖြစ်လေရာရာ ဘဝ၌ ဤဂင်္ဂါမြစ်၏ လှိုင်းတံပိုးအဟုန်ကဲ့သို့ မကုန်သော ဉာဏ်ပဋိဘာန်ရှိသူ ဖြစ်ရပါလို၏ ဤသာမဏေ မေးတိုင်းမေးတိုင်းသော ပြဿနာအလုံးစုံကို ရှင်းလင်းရန်၊ ဖြေရှင်းရန် စွမ်းနိုင်သူ ဖြစ်ရပါလို၏" ဟု ဆုတောင်း၏။ ဤသို့ဖြင့် ထိုသူနှစ်ဦးတို့သည် နတ်ဘုံ၊ လူ့ဘုံတို့တွင် ကျင်လည်ကြ ကုန်လျက် ကဿပမြတ်စွာဘုရားနှင့် ဂေါတမမြတ်စွာဘုရားတို့၏ ကြားကာလကို လွန်လေ၏။

## မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသေနတို့ တွေ့ဆုံခြင်း

**ပါဠိလိပုတ်**မှာ ရှင်နာဂသေန ဆိုတာ ပေါ်ပေါက်လာတယ်။

**အရည်အချင်း**

(၁) ပိဋကတ်သုံးပုံ တတ်၏၊

(၂) စကားအချေအတင် ပြောသောနေရာမှာ ကျွမ်းကျင်လိမ္မာ၏။ (၃) အလွန် ပညာရှိ၏။

1. ရှင်နာဂသေနသတင်းကြားတဲ့အခါ ကုဋေ့တစ်ရာသော ရဟန္တာတွေက ရှင်နာဂသေနထံ တမန် စေလွှတ်လိုက် ကြတယ်။ ရှင်နာဂသေနရေ၊ ဒီမှာ မိလိန္ဒမင်းကြီးက ကတ်သီး ကတ်သတ်တွေ လျှောက်မေး၊ သူနဲ့ ဘယ်သူမှ ရင်မဆိုင်ရဲဘူး၊ အရှင်ဘုရားလာမှ ဖြစ်မယ်။

ရှင်နာဂသေနက တပည့်တော် လာခဲ့ပါမယ်ဘုရား ဆိုပြီး ရဟန်းပေါင်း ရှစ်သောင်းနဲ့အတူ ဟိမဝန္တာ ဘက်ကို တက်လာခဲ့တယ်။ သင်္ချေယျပရိဝုဏ် ကျောင်းတိုက်ကြီးမှာ အာယုပါလ မထေရ်ကြီး သီတင်းသုံးနေစဉ် ပါဋ္ဌလိပုတ်မှ ကြွလာတဲ့ ရှင်နာဂသေနအမှူးရှိသော ရဟန်းတော်ရှစ်သောင်း သာသနာရေးကိစ္စ ဆောင်ရွက်ဖို့ ရောက်ရှိတော်မူလာကြတယ်။

မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့ **သာဂလမြို့ သင်္ချေယျကျောင်းတိုက်ကြီး**မှာ ပထမဆုံး တွေ့ဆုံခဲ့ကြ တယ်။ ပါဋ္ဌလိပုတ်မှ ကြွလာတဲ့ ရဟန်းတော် ရှစ်သောင်းထဲမှာ ရှင်နာဂသေနထက် ဝါကြီးတဲ့ ရဟန်းတော်က ၄ သောင်း၊ ဝါငယ်တဲ့ ရဟန်းတော်က ၄ သောင်း ရှိတယ်။ (၈သောင်းနှင့် ၁ပါးဟုဆိုလို) ဝါစဉ်အလိုက် ထိုင်လိုက်တဲ့အခါ ရှင်နာဂသေနက အလည်ရောက်နေတယ်။

[စာပေကျမ်းဂန်၌ **'ရူပ' နှင့် ပတ်သက်၍ ဖော်ပြပုံ .... ဟဒယင်္ဂတဘာဝံ ရူပယတိ ပကာသေတီတိ ရူပံ' =** စိတ် နှလုံးထဲ၌ ဖြစ်ပေါ်သောအရာသည် မျက်နှာတွင် ပုံရိပ်ပေါ်နေတတ်၏။ စိတ်နှလုံး ရှုပ်ထွေးပွေလီ နေသော မျက်နှာကလည်း မျက်ခုံးတွေ တွန့်၊ မျက်မှောင်တွေကျုံ့ပြီး ပေါ်နေတတ်၏။ စိတ်အလိုမကျသော မျက်နှာကလည်း တင်းမာ နေသော အနေအထား ပေါ်နေ၏။]

[**ရှင်နာဂသေနသည်** -

ဖျတ်ဖျတ်လတ်လတ် အသိဉာဏ်ရှိသော ပုံပန်းသဏ္ဌာန်ရှိ၏။

ကြောက်ရွံ့ခြင်းကင်း၏။

ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ရဲတင်းသော မျက်နှာအသွင်အပြင်ရှိ၏။]

မိလိန္ဒမင်းကြီး အကဲခတ်ကောင်းလိုက်ပုံကိုတော့ ချီးကျူး စရာပဲ။ ရှစ်သောင်းထဲကနေ ရွေးလိုက်တယ်၊ နာဂသေန ဆိုတာ ဒီကိုယ်တော် ဖြစ်ရမယ်၊ ဟုတ်လားဆိုတော့ အမတ်ကြီးတွေက ဟုတ်ပါတယ်။

မိလိန္ဒမင်းဟာ နာဂသေနဆိုတဲ့ အမည်ကို ကြားလိုက်တုန်းကရော၊ အခု ရှင်နာဂသေနကို မြင်လိုက်ရတဲ့ အခါမှာ လည်း ကျောချမ်းသွားတယ်။ လောကထုံးတမ်းစဉ်လာအရ နှုတ်ဆက်စကား ပြောပြီးတဲ့အခါ မိလိန္ဒမင်းကြီးက မေးခွန်း (ပဉှ ၁၊ ၂) မေးတယ်။ နောက်တစ်ရက် နံနက်မှာ အမတ်ကြီးလေးယောက် **ဒေဝမန္တိယ၊ အနန္တကာယ၊ မင်္ကုရ၊ သဗ္ဗဒိန္န၊** ဘုရင်ကြီးဆီ အခစားဝင်ပြီး နန်းတွင်းကိုကြွဖို့ ရှင်နာဂသေန ကို ပင့်လိုက်ရတော့မလား ဆိုတော့ ဘုရင်ကြီးက ပင့်လိုက်လို့ ပြောတယ်။ **ဒေဝမန္တိယ၊ အနန္တကာယ၊ မင်္ကုရ** အမတ်ကြီးသုံးယောက်တို့ ကျောင်းသွားပြီး ရှင်နာဂသေနကို ပင့်ကြတယ်။ ရှင်နာဂသေနနဲ့အတူ ပါဠိလိပုတ်က လိုက်လာကြတဲ့ ရဟန်းတော်ရှစ်သောင်းပါ ကြွကြတယ်။ ကြွလာတဲ့အခါ လမ်းမှာ အနန္တကာယအမတ်ကြီးက ရှင်နာဂသေနနဲ့ အတူသွားရင်း မေးခွန်းလေး တစ်ခုကို မေးတာကို မိလိန္ဒပဉှာမှာ မေးခွန်းနံပါတ်(၄) အနေနဲ့ မှတ်တမ်းတင်ထားတယ်။

ဘုရင့်နန်းတော် ရောက်သွားကြတဲ့အခါ ဘုရင်ကြီးက ရှင်နာဂသေန အပါဝင် ရဟန်းရှစ်သောင်းအား ဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာအဖြာဖြာတွေကို ဆွမ်းကပ်ပြီး ရဟန်းတော် တစ်ပါးကို သင်္ကန်းတစ်စုံစီ၊ သင်္ကန်းအစုံ ရှစ်သောင်း လှူတယ်။ ရှင်နာဂသနကို ဒုကုဋ်လို့ခေါ်တဲ့ နှစ်ထပ်သင်္ကန်းကြီး အပါအဝင် သင်္ကန်း သုံးထည်လှူတယ်။ ဆွေးနွေးမှုနဲ့ ပတ်သက်လာတဲ့အခါမှာ အကြောင်းတစ်ခု ရှာရမယ်။ ဘယ်အချက်မှာ ဆွေးနွေးကြ မလဲလို့ ဆွေးနွေးမှုနဲ့ ပတ်သက်ပြီး မိလိန္ဒမင်းက မေးလျှောက်တယ်။

ရှင်နာဂသေက **အတ္ထေန မယံ မဟာရာဇ အတ္ထိကာ** - အကျိုးတရားကို လိုလားကြတာ ဖြစ်သော ကြောင့် **အတ္ထော ဟောတု ကထာ သလ္လာပေါ** - အကျိုးကျေးဇူး ရည်ရွယ်ချက်နဲ့ စပ်ဆိုင်တဲ့ အကြောင်း အရာပေါ်မှာ ဆွေးနွေး ကြတာပေါ့ လို့ ပြောလိုက်တယ်။

မင်းကြီးက မေးခွန်းတွေမေးပြီးတိုင်း ရှင်နာဂသေန၏ အဖြေ ပြီးဆုံးသောအခါ “**ကလ္လောသိ ဘန္တေ နာဂသေန** အရှင်နာဂသေနရဲ့အဖြေဟာ သင့်တင့်ပါပေတယ်”လို့ ဝန်ခံလိုက်ပြီး ကျေနပ်သွား၏။ အဲဒီမေးခွန်းနဲ့ ဆက်စပ်ပြီးတော့ နောက်မေးခွန်းတစ်ခု ဆက်ပြီးမေးပြန်တယ်။ (နောက်ဆုံးမေးခွန်း ဖြေပြီးမှ မိလိန္ဒမင်းကြီးက **‘သုဋ္ဌု ဘန္တေ’**- အရှင်ဘုရားဖြေတာ ကောင်းတယ်ဘုရား လို့ လက်ခံလိုက်တယ်။)

ဒီလိုနဲ့ နန်းတော်ထဲမှာ ဆွမ်းစားပြီးကတည်းက ဆွေးနွေးကြတာ မေးခွန်းပေါင်း ၈၆-ပုဒ် မေးဖြေပြီး ကြပြီးတဲ့အခါ ပထမယာမ်ကုန်ဆုံးလို့ သန်းခေါင်ရောက်သွားပြီ။ အရှင်ဘုရားတို့ ပြန်ကြွဖို့အတွက် မီးရှူးတွေ အဆင်သင့် ထွန်းထားပါပြီ။ နန်းတော်ကနေ ကျောင်းလိုက်ပို့ဖို့ လူတွေကို ကွကိုလည်းပဲ တံခွန် ကုက္ကား မှာထားပြီးပါပြီ၊ လိုက်ပို့မယ့် လူတွေကိုလည်းပဲ တံခွန် အခမ်းအနားတွေ အားလုံး စီစဉ်ပြီးပါပြီ လို့ မိလိန္ဒမင်းကြီးက ဆိုတယ်။

ယောနက(တူရကီ)အမတ်တွေက ပြီးသွားတဲ့အခါ အရှင်မင်းကြီး ဘယ်နှယ့်လဲ? ရှင်နာဂသေနမထေရ်ဟာ ပညာရှိတယ် မဟုတ်လား၊ အရှင်မင်းကြီး မေးတာတွေ အကုန်ဖြေနိုင်တယ် မဟုတ်လား။ ဟုတ်တယ်ကွ၊

ဒီလိုဆရာမျိုး၊ ငါလို တပည့်မျိုး (ရှင်နာဂသေနလို ဆရာမျိုး၊ ငါလို တပည့်မျိုး၊) ပညာရှိတဲ့ပုဂ္ဂိုလ်တွေ တွေ့လိုက်ပြီဆိုရင် မကြာခင် တရားသိမှာ။

ဆွေးနွေးပွဲပြီးတဲ့အခါ မိလိန္ဒမင်းကြီးက ရှင်နာဂသေနအား **တစ်သိန်းတန် တန်ဖိုးရှိတဲ့ ကမ္ဗလာကြီး**ကိုလှူဒါန်းပြီး “အရှင်နာဂသေန၊ ဒီနေ့ကနေစပြီး အရှင်ဘုရားအတွက် **ဆွမ်းအုပ် ၈၀၀**, နေ့စဉ်ပို့ပါမယ်။ နန်းတော်မှာ **အရှင်ဘုရားတို့နဲ့ အပ်စပ်တဲ့ပစ္စည်း** ဘာပဲလိုချင်လိုချင် အရှင်ဘုရားကို ဖိတ်ကြားပါတယ်၊ လိုချင်တာရှိရင်ပြောပါ။ လှူပါမယ်လို့ လျှောက်၏။

ရှင်နာဂသေနက **အလံ မဟာရာဇ-** အရှင်မင်းကြီး လုံလောက်ပါပြီ၊ အသက်ရှင်ဖို့အတွက် လုံလောက်ပါတယ်လို့ မိန့်တယ်။

"အရှင်ဘုရား၊ ခြင်္သေ့မင်းကြီးဟာ ရွှေလှောင်ချိုင့်ကြီးထဲမှာ ထည့်ထားပေမယ်လို့ အမြဲတမ်း အပြင်ထွက်ဖို့ပဲ စဉ်းစားနေသလို တပည့်တော်ဟာ ရွှေနန်းတော်ကြီးမှာ နေရပေမယ်လို့ ဘုန်းကြီး ဝတ်ဖို့ပဲ အမြဲတမ်း စိတ်ကူးနေပါတယ်။ တပည့်တော် ဘုန်းကြီး ဝတ်ရင်တော့ မြန်မြန်သေမှာတဲ့။ တပည့်တော်မှာ ရန်သူတွေ များတယ်”လို့ မိလိန္ဒမင်းကြီးက လျှောက်တယ်။

ရှင်နာဂသေနတို့ ကြွသွားတဲ့အခါမှာ မိလိန္ဒမင်းကြီးက နန်းတော်မှာ ကျန်ရစ်ပြီးတွေးတယ်။ ငါက ရှင်နာဂသေနကို မေးတယ်။ ဘာတွေမေးတာတုန်း၊ ရှင်နာဂသေနက ငါ့ကို ဘာတွေ ပြောသွားတာ တုန်း။ တစ်နေကုန်ကြီး မေးဖြေတာကို သူကဘာတွေဖြေလို့ ငါက ဘာတွေမေးတာတုန်း စဉ်းစားတယ်၊ **ငါမေးတာတွေကလည်း အကောင်းတွေချည်းပဲ။ သူဖြေတာတွေကလည်း အကောင်း တွေချည်း**ပဲလို့ အဲဒီလို တွေးတယ်။

ရှင်နာဂသေနကလည်း ကျောင်းပြန်ရောက်တဲ့အခါ မိလိန္ဒမင်းကြီးက ငါ့ကို မေးတယ်၊ ဘာတွေမေး တုန်း၊ ငါကရော ဘာတွေဖြေမိတုန်း။ ပြန်တွေးလိုက်တဲ့အခါကျတော့ **ငါဖြေတာတွေလည်း အဟုတ်ပဲ။ သူမေးတာတွေလည်း အဟုတ်ပဲ** လို့ ဒီလို ကျေနပ်အားရမှုဖြစ်တယ်။

နောက်တစ်ရက် မနက်ရောက်တဲ့အခါ ဆွမ်းစားဖို့ နန်းတော်ကို ကြွလာတဲ့အခါ မိလိန္ဒမင်းကြီးနဲ့ ရှင်နာဂသေနတို့ဟာ သူတို့အတွေးများကို ပြန်လည်ပြောကြားရင်း အဲဒီအချိန်မှာ တစ်ဦးနဲ့တစ်ဦး အလွန်ကျေနပ်ပြီး မိလိန္ဒမင်းကြီးက အဲဒီကျ တော့မှ ရှင်နာဂသေနကို ရှိခိုးဦးချတယ်။

**သာဓု သာဓု သာဓု …….. နိဒါန်းပိုင်း ပြီး၏။**

## ၁။ မဟာဝဂ်

## ၁-ပညတ္တိပဉှ

Q1. အရှင်ဘုရားနာမည် ဘယ်လို ခေါ်သလဲ။”
A1. နာဂသေနလို့ သိကြပါတယ်။
သီတင်းသုံးဖော်တွေ၊ အတူနေ သံဃာတွေက နာဂသေန လို့ပဲ ခေါ်ကြပါတယ်။ ဒါပေမယ့် မင်းကြီး နာဂသေန ဆိုတာ ခေါ်စရာ အမည် ပညတ်မျှသာ ဖြစ်ပါတယ်။
တကယ်တော့ နာဂသေနဟာ ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ မရနိုင်ပါဘူး။ နာဂသေနဆိုတာ ခေါ်ဖို့အတွက် သက်သက် လုပ်ထားတာပါ၊ ပုဂ္ဂိုလ်အနေနဲ့က ပရမတ္ထအားဖြင့် မရှိပါဘူး။

**မိဘနှစ်ပါးပေးသောအမည်များ** - နာဂသေန၊ သူရသေန၊ ဝီရသေန၊ သီဟသေန
နာဂသေန = နာဂ - ဆင်/နဂါး၊ သေန -စစ်တပ်။ ဆင်တို့ နဂါးတို့ကဲ့သို့ အစွမ်း သတ္တိရှိသော စစ်တပ်ရှိသူ၊
သူရသေန = ရဲရင့်သော စစ်တပ်ရှိသူ၊
ဝီရသေန = ကြိုးစားအားထုတ်သော / လုံ့လ ဝီရိယကောင်းသော စစ်တပ်ရှိသူ၊
သီဟသေန = ခြင်္သေ့ကဲ့သို့ ရဲရင့်သော စစ်တပ်ရှိသူ၊

Q1.1. ***ပုဂ္ဂိုလ်ဆိုတာ မရနိုင်ဘူးဆိုရင်***,
အရှင်ဘုရားအား ပစ္စည်းလေးပါး ဘယ်သူ လှူတာလဲ။
ဘယ်သူ သီလစောင့်တာတုန်း။ ဘာဝနာတရား အားထုတ်တာရော ဘယ်သူလဲ။
မဂ်ဖိုလ်နိဗ္ဗာန်ကို ရတယ်လို့ ဆိုရင် ဘယ်သူရတာလဲ။
ဒုစရိုက်အမှုတွေကျူးလွန်တာ ဘယ်သူလဲ။
**ပဉ္စာနန္တရိယကံ**တွေကျူးလွန်တာ ဘယ်သူလဲ။ (အမေသတ်ခြင်း၊ အဖေသတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်း၊ သံဃာ သင်းကွဲအောင် လုပ်ခြင်း၊ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင် လုပ်ခြင်း။)
ကုသိုလ် ဆိုတာလည်း မရှိဘူး။ အကုသိုလ်ဆိုတာလည်း မရှိဘူး။
အကုသိုလ်တို့ရဲ့ အကျိုးဆိုတာလည်း မရှိဘူး။
ကိုယ်တော့်မှာ ဥပဇ္ဈာယ်ဆရာလည်း မရှိနိုင် ကိုယ်တော် ရဟန်းဆိုတာလည်း မဖြစ်နိုင်ဘူး။ ပုဂ္ဂိုလ်မရှိဘဲနဲ့ ဘယ်လိုလုပ်ပြီး ကိုယ်တော် ရဟန်းလို့ ခေါ်လို့ရမှာလဲ။
ဘယ်သူလဲ နာဂသေန၊ ဘယ်သူ့ကို ခေါ်မှာလဲ?
တကယ်လို့ ကိုယ်တော့်ကို နာဂသေနလို့ ခေါ်တယ်ဆိုရင် ကိုယ်တော့်ခေါင်းပေါ်ပေါက်တဲ့ ဆံပင်/မွေးညှင်း/ခြေသည်း စသည်က နာဂသေနလား? (No)
ရုပ်/ဝေဒနာ/သညာ စသည့်ခန္ဓာတွေကရော နာဂသေနလား? (No)
ဒါဖြင့် “နာဂသေနဆိုတာ ခန္ဓာငါးပါးမပါတဲ့ အခြားဟာလား? (No)
ဒါဖြင့် နာဂသေနဆိုတဲ့ စကားလုံး လေးက နာဂသေနလား? (No)

A1.1. အရှင်မင်းကြီး ရထားနဲ့လာတယ်ဆိုလို့ရှိရင် ဘယ်ဟာ ရထားလဲဆိုတာ ပြောပြစမ်းပါ၊ ဘယ်ဟာကို ရထားလို့ခေါ်သလဲ။?

ရထားသံရယ်၊ ဝင်ရိုးရယ်၊ ဘီးရယ်၊ ရထားအိမ်ရယ်၊စသည် တစ်စုချင်း တစ်စုချင်းကို ရထားလားဟု မေးသောအခါ ..(မဟုတ်ဘူး)

အဲဒါဆိုရင် "ရထား ဆိုတဲ့ စကားလုံးက ရထားလား" ဆိုတော့လည်း မဟုတ်ပြန်ဘူးတဲ့။

ဒါကြောင့် ရထားသံရယ်၊ ဝင်ရိုးရယ်၊ ဘီးရယ်၊ ရထားအိမ်ရယ်၊ အရာအားလုံး ပေါင်းစပ်ပြီး ရထားဆိုတဲ့ အခေါ်အဝေါ် ဖြစ်လာတာ။ ခေါ်စရာအမည်မျှသာ (ပညတ်သာ) ဖြစ်ပါတယ်။ တကယ် လိုက်ရှာကြည့်လိုက်ရင် ရထားဆိုတာ ရှာလို့မတွေ့ပါဘူး။

ထို့အတူ နာဂသေနဆိုတာလည်း ဆံပင် စသည် အစွဲပြု၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရဝိညာဏ်ကို အစွဲပြု၊ ခန္ဓာကိုယ် အစိတ်အပိုင်းအားလုံးကို အစွဲပြုပြီး နာဂသေနလို့ ခေါ်စရာလေးတစ်ခုသာ ဖြစ်ပါတယ်။ အမည်ပညတ်မျှသာ ဖြစ်တယ်။ အစစ်အမှန်အားဖြင့် ပုဂ္ဂိုလ်ဆိုတာ ရှာတွေ့မှာမဟုတ်ပါဘူး။

## သစ္စာ ၂ မျိုး - သမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာ

**သမ္မုတိသစ္စာ** - အမည် နာမတစ်ခုကိုစွဲပြီး လူတွေခေါ်တဲ့အတိုင်း မှတ်ကြရတယ်။ ဒါပုဆိုးလို့ လူတွေအားလုံးက အသိအမှတ် ပြုလိုက်ရင် ပုဆိုးလို့ မှတ်ကြရတယ်။ အမျိုးသမီးတွေ အဝတ်ကိုတော့ ထမီလို့ မှတ်ကြတယ်။ အဲဒီတစ်ခုခုကို စွဲပြီးခေါ်တဲ့ သမ္မုတိသစ္စာ သည်ပင်လျှင် အသိဉာဏ်နဲ့ ခွဲခြားစိတ်ဖြာရင် လည်း ပြောင်းလွဲသွားတယ်။ သို့မဟုတ် ပျက်ယွင်းသွားရင်လည်း ပြောင်းလွဲသွားတယ်။ အဲဒါ ပညတ်ရဲ့ သဘာဝပဲ။ ပညတ်ဆိုတာ အပြောင်း အလွဲရှိတယ်။

**ဥပမာ**-

**မြေအိုး**လေးတစ်ခုပဲ ကြည့်လိုက်။ အိုးမလုပ် ခင်က မြေ။ မြေကို အိုးသဏ္ဍာန်လုပ်ပြီး မီးဖုတ်လိုက်တဲ့အခါ အိုး။ အဲဒီအိုးကိုမှ တစ်ခါရိုက်ခွဲလိုက်ရင် အိုးခြမ်းကွဲ။ အမှုန့်ထောင်းလိုက်တဲ့အခါ မြေဆိုတာ ပြန်ဖြစ် သွားတယ်။

လူတွေ ဝတ်နေတဲ့အဝတ်၊ **ဝါဂွမ်း**က ရလာတယ်ဆိုရင် ပထမဆုံးက ဝါဂွမ်းလို့ ခေါ်တယ်။ အဲဒီ ဝါဂွမ်းကို စနစ်တကျ အမျှင်လေးတွေ လုပ်လိုက်တဲ့အခါ ချည် လို့ ခေါ်ပြန်ရော။ အဲဒီ ချည်ကို ယက်ကန်းစင်တင်ပြီး ယက်လုပ်လိုက်တဲ့အခါ အထည် ဖြစ်သွားတယ်။ အဲဒီ အထည်ကိုမှ သက်န်းချုပ်လိုက်ရင် သက်န်း၊ ထမီချုပ်တော့ ထမီ၊ ပုဆိုးချုပ်တော့ ပုဆိုး၊ လိုက်ကာ ချုပ်တော့ လိုက်ကာ၊ စသည်ဖြင့် အမည်ပြောင်းလဲသွား၏။

**သတ္တဝါ**လို့ဆိုတဲ့ အခေါ်အဝေါ်တစ်ခုဟာ ခန္ဓာငါးပါး ရှိနေလို့ ခေါ်တာ။ ခန္ဓာငါးပါးမရှိရင် ခေါ်စရာမရှိဘူး။ **ရထား**လို့ ခေါ်တဲ့အခေါ်ဟာ ဘီးတို့၊ ဝင်ရိုးတို့၊ ရထား အစိတ်အပိုင်းတွေ အကုန်လုံး ပေါင်းစပ်ထားလို့ ခေါ်တာသာ ဖြစ်တယ်။ တစ်ခုစီ တစ်ခုစီ ခွဲစိပ်လိုက်မယ်ဆိုရင် ရထားလို့ ခေါ်စရာမရှိတော့ဘူး။

ရှင်နာဂသေနက သူ့ကိုယ်သူ နာဂသေနလို့ ပြောတာဟာ သမ္မုတိသစ္စာပိုင်းက ပြောတာ။ဒီနေရာမှာ ပုဂ္ဂိုလ်ဆိုတာ မရနိုင်ဘူးဆိုတာ ပရမတ္ထရှုထောင့်က ပြောတာ။ မိလိန္ဒမင်းကြီးက ပရမတ္ထရှုထောင့်ကို သတိမပြုဘဲ သမ္မုတိရှုထောင့်မှ စောဒကတက်တဲ့အခါ သူ့ပြန်ပတ်ခံရတယ်ပေါ့။

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကိုခေါ်တာ မဟုတ်ပါ။ သို့သော် အားလုံးပေါင်းစပ်ပြီး ခေါ်စရာ လေးတစ်ခု လုပ်လိုက်သောအခါ ငါဆိုတာ နာမည်လေးနှင့် ပုဂ္ဂိုလ်ပေါ်လာပြန်၏။ ပရမတ္ထရှုထောင့်ကနေ ကြည့်လိုက်လျှင် မရှိပါ။ တကယ်ရှိတာက ရုပ်နှင့်နာမ် နှစ်ခုသာ ရှိ၏။

**မာရ်နတ်ကြီးအား ဝဇီရာထေရီမက သမ္မုတိနှင့် ပရမတ္ထကို ခွဲခြားစိတ်ဖြာပြီးဟောပုံ (ဝိသုဒ္ဓိမဂ်ကျမ်း)**

**'ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။ ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။'**

**ရထ** - ဟူသောအခေါ်အဝေါ်သည် မြင်းလှည်း၊ မြင်းရထား၊ နွားလှည်း၊ နွားရထားကို ရည်ညွှန်း၏။ အစိတ်အပိုင်း တွေ အားလုံးပေါင်းလိုက်မှ လှည်းလို့ ခေါ်လို့ရတာဖြစ်၏။

ထို့အတူ၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဟူသော ခန္ဓာငါးပါး ပေါင်းစပ်ထား သည့်အခါမှ သတ္တဝါဆိုသော အခေါ်အဝေါ်သည် ဖြစ်လာ၏။ တကယ်တော့ သတ္တဝါမရှိပါ။ ရှိတာက ခန္ဓာငါးပါးပဲရှိ၏။ အရှိက ခန္ဓာငါးပါး၊ မရှိတာက သတ္တဝါလို့ခေါ်သော အရာသာဖြစ်၏။

## ၂-ဝဿ ဂဏန ပဉှာ

Q2. အရှင်ဘုရား ၇-ဝါရပြီဆိုရင် ကိုယ်တော်က (၇)လား၊ သို့မဟုတ် ဂဏန်းက (၇)လား?
A2. မင်းကြီး၏အရိပ်သည် ကြမ်းပေါ်မှာ ထင်ပေါ်နေလျှင် မင်းကြီးက မင်းလား၊ ဒီအရိပ်က မင်းလားဟု မေးပါက မင်းကြီးကသာ မင်းဖြစ်ပြီး အရိပ်က မင်းမဟုတ်ပါ။ ထိုအရိပ်သည် မင်းကြီးကို အစွဲပြုပြီး ထင်ပေါ်နေသော အရိပ်သာဖြစ်သကဲ့သို့ ထို့အတူ ရဟန်းဖြစ်လာတဲ့ နှစ်အရေ အတွက် ဂဏန်းကသာ (၇)ပါ။ နာဂသေနက ဂဏန်း(၇) မဟုတ်ပါဘူး။ ဒါပေမယ် နာဂသေနကို အမှီပြုပြီး (၇)ဂဏန်းဆိုတာ ခေါ်ခြင်းဖြစ်၏။

### အဘိဓမ္မာမြတ်ဒေသနာတော်မှ ပညတ်အကြောင်း (သိရုံသာ)

**ပညာပေတီတိ ပညတ္တိ -**
**ပညာပေတီတိ**- အကောင်အထည်ကို ဖော်ပြသိစေတတ်သောကြောင့်၊ **ပညတ္တိ-** ပညတ် မည်၏။
**ယသ္မိံ ဘိန္နေ ဉာဏေန ဝိဘောဒိတေ တံ သမညာ** - ပညတ် ဆိုတာဟာ သဏ္ဌာန်ပြောင်းလိုက်ရင် (သို့မဟုတ်) ဉာဏ်နဲ့ ခွဲစိတ်ကြည့်ရင် အမည်ပြောင်းတတ်တယ်။

**သစ္စာ ၂-ပါး**

**(၁) သမ္မုတိသစ္စာ**

အများစုက အသိအမှတ်ပြုထားတဲ့အရာဟာ မှန်ကန်တယ်၊ သဘာဝအားဖြင့် မှန်ကန်လို့ မှန်ကန်တယ်လို့ပြောတာ မဟုတ်ဘူး၊ အများလက်ခံလို့ မှန်တယ်လို့ ပြောရတဲ့အမှန်ကို “**သမ္မုတိသစ္စာ**” လို့ ခေါ်တယ်။

**ဥပမာ** ။ လူတွေနေတဲ့ အဆောက်အအုံကို “**အိမ်**” လို့ ခေါ်တယ်၊ ရဟန်း, သံဃာတွေ သီတင်းသုံးတဲ့ အဆောက်အအုံကိုတော့ “**ကျောင်း”** လို့ ခေါ်တယ်။

(အားလုံး အသိအမှတ်ပြုထားတဲ့အတိုင်း ပြောဆို သုံးစွဲနေတဲ့ စကားလုံးတွေဟာ **ပညတ်** ဖြစ်တယ်။)

**(၂) ပရမတ္ထသစ္စာ**

**ပရမတ္ထသစ္စာ နှင့် သမ္မုတိသစ္စာ အထူး**

**သမ္မုတိသစ္စာ**က သဏ္ဌာန်ပြောင်းလိုက်ရင် အမည်ပြောင်းသွားတယ်၊ ခွဲခြမ်းစိတ်ဖြာ ကြည့်လိုက်ရင် ပျောက်သွားတယ်၊ ပြောင်းသွားတယ်၊ **ပရမတ္ထ** ကျတော့ အဲဒီလိုမျိုး မဟုတ်တော့ဘူး၊ ဘယ်လိုပဲခွဲခွဲ ပျောက်မသွားဘူး၊ သဘာဝအနေနဲ့ ရှိနေတယ်၊ ဘယ်နေရာပဲ ရောက်ရောက်၊ ပုံသဏ္ဌာန်တွေ ဘယ်လောက် ပြောင်းပြောင်း ပြောင်းမသွားဘူး။

**ပရမတ္ထဆိုတာ** -

၁။ ပုံသဏ္ဌာန်ပြောင်းပေမယ့် လိုက်ပြီး ပြောင်းမသွား၊ ပုံသဏ္ဌာန်ပျက်သွားပေမယ့် လိုက်ပြီးတော့ ပျက်မသွားဘဲ၊ တည်ရှိမြဲ တည်ရှိနေခြင်း။

၂။ ပရမတ္ထဆိုတာ မပြောင်းလွဲတဲ့ အနှစ်သာရ၊ မပြောင်းလွဲတဲ့ သဘော၊

၃။ ထူးခြားတဲ့ အသိဉာဏ်ဖြင့်သိရတဲ့ သဘာဝတရား။

**ပညာရှင်တွေ ဆွေးနွေးနည်းနဲ့ ဆွေးနွေးမယ်ဆိုရင် ဆွေးနွေးမယ်၊ မင်းစိုးရာဇာတွေရဲ့ ဆွေးနွေးမှုမျိုးဆိုရင်တော့ မဆွေးနွေးနိုင်ဘူး”လို့ ရှင်နာဂသေနက အတိအလင်း ပြောကြား။**

Q. ပညာရှင်တွေက ဘယ်လို ဆွေးနွေးလေ့ ရှိကြပါသလဲ။?

A. ပညာရှင်တို့၏ စကားဝိုင်းတွင် -

အပြစ်တင်စရာရှိရင်လည်း တင်၏၊ ထောက်ပြစရာရှိရင်လည်း မညှာမတာ ထောက်ပြ၏၊ ဖြေရှင်းစရာရှိရင်လည်းပဲ ဖြေရှင်း၏။” နှိပ်ကွပ်ပြီး ပြောတန်ပြော၏။ ကုစားဖို့ နည်းလမ်းပေးပြီး ပြောဆိုသောအခါလည်း ပြောဆို၏။ တရင်းတနှီးကြီး ပြောဆိုမှု လည်း လုပ်၏။ တုန့်ပြန်ပြီး ရင်းနှီးတဲ့စကား ပြောတာမျိုးလည်းပဲ ပြော၏။ ထိုသို့ ပြောသော်လည်း ပညာရှိတို့သည် စိတ် မဆိုးကြပါ။

Q. မင်းစိုးရာဇာတွေက ဘယ်လို ဆွေးနွေးကြ တာတုန်း?

A.မင်းစိုးရာဇာတို့၏ ဆွေးနွေးပွဲတွင် - တစ်စုံတစ်ခုကိုဝန်ခံပြီး ပြန်လှန်ငြင်းမည်ဆိုလျှင် မင်းစိုးရာဇာတွေက အာဏာနဲ့ အနိုင်ယူပြီး အပြစ်ပေး/ပြစ်ဒဏ်ကို ချမှတ်တတ်၏။ စကားလေးမှားရင်ပဲ ဖြစ်စေ၊ သူမကြိုက်တဲ့ စကားလုံး ပြောရင်ပဲဖြစ်စေ၊ အပြစ်ဒဏ် ခတ်တတ်၏။

**၃-ဝိမံသနပဉှာ**

Q3. မေးခွန်းတစ်ခု မေးပါမယ်။ မေးပါ မင်းကြီးဆိုတော့ 'တပည့်တော် မေးပြီးပြီ'တဲ့။

A. 3.ဘုန်းကြီးလည်း 'ဖြေပြီးပါပြီ'တဲ့။

**အရှင်မဟိန္ဒနှင့် ဒေဝါနံပိယတိဿမင်းကြီးတို့၏ ဉာဏ်စမ်း**

**တမ္ဗဒီပ (သီဟိုဠ်ကျွန်း)** ယခု သီရိလင်္ကာ၊ **ဒေဝါနံပိယတိဿမင်းကြီး** လက်ထက်အခါ သာသနာတော် ၂၃၆-ခုနှစ်၊ နယုန်လပြည့်နေ့တွင် **အာသောကမင်းကြီး**၏ သားတော်**အရှင်မဟာမဟိန္ဒထေရ်** ဦးဆောင်၍ **အရှင်ဣဋ္ဌိယထေရ်၊ အရှင်ဥတ္တိယထေရ်၊ အရှင်ဘဒ္ဒသာလထေရ်၊ အရှင်သမ္ဗလထေရ်မြတ်** ၅-ပါးတို့ ဦးဆောင်ကာ အဖွဲ့ဝင် ၁၃-ပါးနှင့် အရှင်မဟိန္ဒ၏တူတော် သုမန သာမဏေ၊ ဘဏ္ဍုက-ဥပါသကာတို့ သွားရောက်ကြကာ **စူဠဟတ္ထိပဒေါပမသုတ္တန်**ကို ဟောကြား၍ ဗုဒ္ဓဘာသာ အရှည်တည်တံ့အောင် တည်တံ့တိုးပွားအောင် သာသနာပြုတော်မူသွားကြလေသည်။

**(အရှင်မဟာမဟိန္ဒ နှင့် ဒေဝါနံပိယတိဿမင်းကို မေးခွန်းတွေမေးတဲ့အကြောင်း ပါရာဇိကကဏ္ဍအဋ္ဌကထာ နိဒါနကထာမှာ မှတ်တမ်းတင်ထား၏။)**

**ပိန္နဲပင် မေးခွန်း**

ရှင်မဟိန္ဒ - အနီးနားက ပိန္နဲပင်ကြီးကို “ဒီအပင် သိလား”

တိဿ - “သိပါတယ်ဒါ ပိန္နဲပင်။”

ရှင်မဟိန္ဒ -“ဒါဖြင့် ဒီပိန္နဲပင်မှတစ်ပါး တစ်ခြား ပိန္နဲပင်တွေရောရှိသလား။”

တိဿ - “ပိန္နဲပင်တွေ အများကြီးရှိတယ်။”

ရှင်မဟိန္ဒ -“ဒါဖြင့် ဒီပိန္နဲပင်ရယ်၊ တစ်ခြားပိန္နဲပင်ရယ် ဖယ်ထားရင် တစ်ခြားသစ်ပင်တွေ ရှိလား။”

တိဿ - “ပိန္နဲပင်မဟုတ်တဲ့ တစ်ခြားသစ်ပင်တွေ အများကြီး ရှိပါတယ်။”

ရှင်မဟိန္ဒ - ကောင်းပြီ၊ တစ်ခြား ပိန္နဲပင်တွေရယ်၊ တစ်ခြားသစ်ပင် တွေရယ် ဖယ်ထားလိုက်၊ ဘာပင်ရှိသေးတုန်း။”

တိဿ - “ဒီပိန္နဲပင် ရှိပေါ့ဘုရား။”

**ဆွေမျိုး မေးခွန်း**

ရှင်မဟိန္ဒ - “အသင် မင်းကြီးမှာ ဆွေမျိုးသားချင်းတွေ ရှိလား၊”

တိဿ -“ရှိပါတယ်။ ဆွေမျိုးတွေ အများကြီးရှိတယ်။”

ရှင်မဟိန္ဒ -“ဒါဖြင့် ဆွေမျိုးသားချင်းတွေကို ဖယ်ထားရင် ဘယ်သူတွေရှိမလဲ၊”

တိဿ -“လူတွေအများကြီး ရှိပါတယ်။”

ရှင်မဟိန္ဒ -“ဆွေမျိုးမဟုတ်သူတွေရယ်ဆွေမျိုးတွေရယ် ဖယ်ထားလိုက်ရင် ဘယ်သူ ရှိသေးတုန်း”၊

တိဿ -“တပည့်တော်ရှိပါတယ်”

## ၄-အနန္တကာယပဉှ

**အနန္တကာယအမတ်ကြီးနှင့် ရှင်နာဂသေန**

အနန္တကာယ - အရှင်ဘုရားက နာဂသေနလို့ ပြောတဲ့ထဲမယ် ဘယ်ဟာက နာဂသေနလဲ?
ရှင်နာဂသေန - ဘယ်သူ့ကို နာဂသေနလို့ မင်းထင်သလဲ?
အနန္တကာယ - အရှင်ဘုရား အမြဲတမ်း ဝင်လိုက် ထွက်လိုက်နဲ့ ရှူနေသော လေဟာ အသက်ဖြစ်၍ ထိုအသက်ကလေးကို နာဂသေနလို့ ခေါ်တယ်ထင်ပါတယ်။
ရှင်နာဂသေန - အဲဒီလေဟာ ထွက်ပြီး ပြန်မဝင်ဘူး၊ ဝင်ပြီးပြန်မထွက်ဘူးဆိုရင် လူတစ်ယောက်ဟာ အသက်ရှင်နိုင် သလား”
အနန္တကာယ - “မရှင်နိုင်ဘူး”
ရှင်နာဂသေန - ခရုသင်း/ပုလွေမှုတ်တဲ့အခါ ခရုသင်း/ပုလွေကိုမှုတ်တဲ့လေက ပြန်ဝင်သလား”
အနန္တကာယ - မဝင်ပါဘူး။
ရှင်နာဂသေန - အဲဒီလို သူတို့ မှုတ်ထုတ်လိုက်တဲ့လေပြန်မဝင်တာနဲ့ ဒီလူဟာ သေသလား။
အနန္တကာယ - “မသေဘူး။”
ရှင်နာဂသေန - မသေလို့ရှိရင် ဘာကြောင့် သူမသေတာတုန်း၊ မင်း မစဉ်းစားသေးဘူးလား”
အနန္တကာယ - အရှင်ဘုရားလို စကားတတ်တဲ့ကိုယ်တော်နဲ့ တပည့်တော် ဆက်မဆွေးနွေးရဲ တော့ဘူး။ အရှင်ဘုရား၊ အတိအကျ ပြောချင်တဲ့အကြောင်းအရာလေးကို တပည့်တော်ကို ပြောပါ။
ရှင်နာဂသေန - **ထွက်လေဝင်လေဟာ အသက်မဟုတ်ဘူး။ ထွက်သက် ဝင်သက်သာ ဖြစ်တယ်။ ကာယသင်္ခါရလို့ ခေါ်တယ်။ သို့သော် လူ့အသက်ရှင်ဖို့အတွက် အထောက်အကူသာ ဖြစ်တယ်။**
အဲဒီလိုရှင်းပြလိုက်တဲ့အခါ ***ထွက်လေ ဝင်လေကို တစ်သက်လုံး အသက်လို့ထင်လာတဲ့ အနန္တကာယအမတ်ကြီး***ဟာ သဘောကျသွားပြီး ဗုဒ္ဓဘာသာအဖြစ် ကူးပြောင်းသွားတယ်။

**[ကာယသင်္ခါရ -** ထွက်သက်ဝင်သက်သည် ကာယနဲ့ ဆက်စပ်ပြီး ဖြစ်ပေါ်နေတဲ့ လှုပ်ရှားမှုတစ်ခု ဖြစ်သောကြောင့် ကာယသင်္ခါရ ဟုခေါ်၏။ ကာယသင်္ခါရ သည် ဝါယောဓာတ်၊ ထွက်လေ ဝင်လေမျှသာ ဖြစ်၏။ လူ့အသက် မဟုတ်ဘဲ လူ့အသက်ရှင်ဖို့အတွက် အထောက်အကူသာ ဖြစ်၏။]

## ၅-ပဗ္ဗဇ္ဇပဉှ

Q5. ရဟန်းလုပ်တာ ဘာအတွက်လဲ။ အရှင်ဘုရားတို့ မျှော်မှန်းတဲ့ အမြင့်ဆုံးရည်မှန်းချက်က ဘာလဲ။
A5. “အခုရထားတဲ့ ဆင်းရဲဒုက္ခ ဘယ်လို အဆုံးသတ်ရမလဲ။ နောက်ထပ် ဆင်းရဲဒုက္ခတစ်ခု မဖြစ်အောင် ဘယ်လိုလုပ်ရမလဲ ဆိုတာကိုသိဖို့” ဝတ်တာပါ။ (အခု လက်ရှိရထားတဲ့ ဒုက္ခချုပ်ငြိမ်းသွားပြီးတော့ နောက်ထပ်ဒုက္ခ တစ်ခု မရဖို့ ဝတ်တာပါ။) ( ဘုန်းကြီးဝတ်ခြင်း၏ မှန်ကန်သော ရည်ရွယ်ချက်)
တဏှာစွဲ- “ငါ့ဟာ” ဒိဋ္ဌိစွဲ -“ငါ” ဆိုတဲ့ ဒီစွဲလမ်းမှုတွေက လွတ်မြောက်သွားပြီး ထာဝရငြိမ်းတဲ့ အငြိမ်းဓာတ်တစ်ခု (နိဗ္ဗာန်)ကို ရရှိဖို့ဆိုတာ အမြင့်ဆုံး ရည်မှန်းချက်ဖြစ်တယ်။

Q5.1. ဘုန်းကြီးဝတ်သမျှ ပုဂ္ဂိုလ်တွေဟာ ဒီအတွက် ဝတ်ကြတာချည်းပဲလား။?
A5.1.မဟုတ်ဘူး၊ ဒီအတွက်ချည်း ဝတ်ကြတာ မဟုတ်ဘူး။

## ဘုန်းကြီးဝတ်ရခြင်း အကြောင်းအမျိုးမျိုး

၁။ တစ်ချို့က တိုင်းပြည်အုပ်ချုပ်တဲ့မင်းရဲ့ ဖမ်းဆီးချုပ်နှောင်မှုကိုကြောက်လို့ ဘုန်းကြီးဝတ်ပြီး တိမ်းရှောင်ခြင်း။ (ရာဇဝတ်ဘေးက ရှောင်ဖို့၊ ဖမ်းဆီးချုပ်နှောင် ခြင်းခံရမှာကြောက်လို့) ( **ရာဇာဘိနီတာ**)
၂။ တစ်ချို့က သူပုန်တွေ ဖမ်းဆီး ခေါ်ဆောင်မှာကြောက်လို့ ဘုန်းကြီးဝတ်ပြီး တိမ်းရှောင်ခြင်း။ (**စောရာဘိနီတာ**)
၃။ တစ်ချို့က အကြွေးမပေးနိုင်လို့ ကြွေးရှောင်တဲ့အနေနဲ့ ဘုန်းကြီးဝတ်ခြင်း။ (**ဣဏဋ္ဋာ**)
၄။ တစ်ချို့က စားစရာမရှိလို့ အသက်မွေးဝမ်းကျောင်းအတွက် ဘုန်းကြီးဝတ်ခြင်း။ (**အာဇီဝိကတ္ထာယ**)

Q5.2. ကိုယ်တော်ကရော ဒီဒုက္ခတွေ ချုပ်ငြိမ်းပြီး နောက်ဒုက္ခ မရဖို့အတွက်ဆိုတဲ့ မှန်ကန်တဲ့ရည်ရွယ်ချက်နဲ့ ဝတ်တာလား?

A5.2. ငယ်ငယ်တုန်းက ဝတ်သည့်အတွက်ကြောင့် ဒီလို ရည်ရွယ်ချက် ထားရမယ်လို့ မသိဘူး။" ဒါပေမယ့် မြတ်စွာဘုရား၏ တပည့်ပညာရှိ သကျပုတ္တိယသမဏတွေက (သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ဖို့ဆိုတဲ့ ဦးတည်ချက်နဲ့ဝတ်တယ်) သူ့ကိုသင်ပြသည့် အတွက်ကြောင့် ဘာအတွက် သက်န်းဝတ်တယ်ဆိုတာ သူနားလည် ခဲ့ရတယ်။

## ဒုက္ခ အကြောင်း

**ဒုက္ခဆိုတာ -** ဒုက္ခဆိုတာ အားလုံးသိသော ဒုက္ခထက် နက်နဲ၏။

**လူအများသိသော ဒုက္ခ -** အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ ချစ်ခင်သူနဲ့ ခွဲနေရခြင်း၊ မုန်းသူနဲ့ အတူနေရခြင်း၊ လိုချင်တာ မရခြင်း ဟုဓမ္မစကြာမှာ ဟောထား၏။

**ဒုက္ခတွေအပြင် ဒုက္ခလို့ မသိတဲ့အရာ -** 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ - ဉပါဒါနက္ခန္ဓာငါးပါးသည် ဒုက္ခဖြစ်၏။ (ခန္ဓာငါးပါး ရလာခြင်းသည်ပင်လျှင် ဒုက္ခဖြစ်၏)

**ဒုက္ခ ဟု သတ်မှတ်ရခြင်း -** ဖြစ်ပြီးပျက်နေသောကြောင့်၎င်း၊ ထာဝရပြောင်းလဲနေသော အရာဖြစ်သောကြောင့်၎င်း၊ ဖြစ်မှုပျက်မှုများက အမြဲတမ်း နှိပ်စက်နေသောကြောင့်၎င်း 'ဒုက္ခ' ဟု ခေါ်ရ၏။

## ဒုက္ခ ဖြစ်ပုံ

လူတစ်ယောက် မွေးလာပြီဆိုရင် တစ်ရက်သားကနေ တစ်လသား၊ တစ်လသားကနေ တစ်နှစ်သား ဖြစ်လာတယ်။ တဖြည်းဖြည်း တစ်နှစ်သား ကနေ ဆယ်နှစ်သား၊ ဆယ်နှစ်သားကနေ အနှစ်နှစ်ဆယ်၊ ဒီလို ပြောင်းပြောင်း လာတယ်။ ရပ်နေတာ မဟုတ်ဘူး။ တဖြည်းဖြည်း အိုမင်း အိုမင်းလာတယ်။ ခန္ဓာကြီးရထားတဲ့ လူတစ်ယောက်ဟာ

ပြောင်းလဲနေတာကြီးကို မပြောင်းလဲအောင် ရပ်တန့်ပစ်လို့ရ မလားဆိုရင် မရဘူး။ ထိုဒုက္ခကိုကျော်လွှားနိုင်ဖို့ နည်းလမ်း မရှိ။ ဘယ်သူမှလည်း မကျော်လွှားနိုင်။

## ဒုက္ခကို ရပ်တန့်နည်း

ဒီဘဝပြီးလို့သေရင် နောက်ဒီလိုခန္ဓာတစ်ခု ရဦးမယ်။ မွေးဖွားခြင်းဆိုတာ လာပြီးရင် နောက်ထပ် ပြန်လည် သေဆုံးခြင်း ဖြစ်မည်။ ဘယ်တော့မှ ရပ်လို့မရသော Non-stop ဖြစ်စဉ်ကြီးတစ်ခုထဲမှာ တစ်ဝဲလည်လည်နဲ့ ဒုက္ခ ရောက်နေကြရ၏။

ဒုက္ခတွေရောက်နေသည်တို့ကို လူတွေကျော်လွှားနိုင်ဖို့ အခွင့်အလမ်း မရှိသည့် အတွက်ကြောင့် ထိုဒုက္ခတို့ကို ဘယ်နည်းနဲ့ ရပ်တန့်ပစ်မလဲ? နောက်ထပ် ဒုက္ခတစ်ခု မရအောင် ဘယ်လိုလုပ်ရမလဲ? ဆိုတာတို့ကို သိဖို့ရန်အတွက် မြတ်စွာဘုရား၏ အဆုံးအမအရ သာသနာ့ဘောင် ဝင်ရောက်ပြီး ရဟန်းပြု ကြ၏။

## မြန်မာနိုင်ငံ၌ ရှင်လောင်းလေးတွေကိုဆိုခိုင်းရခြင်း (ထားရမည့် ရည်ရွယ်ချက်)

**သင်္ကန်းအပ်*(တောင်း)* ဂါထာ**

**၁။,၂။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ *(ဧတံ ကာသာဝံ ဒတွာ)* ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဉပါဒါယ။**

**ဘန္တေ -** အရှင်မြတ်ဘုရား၊ **သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ -** အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ထွက် မြောက်သော နိဗ္ဗာန်ကို၊ **သစ္ဆိကရဏတ္ထာယ -** မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြု ပါရခြင်းအကျိုးငှါ၊ **ဣမံ ကာသဝံ -** အကျွန်ုပ်လက်၌ရှိသော ဤသင်္ကန်းကို၊ **ဂဟေတွာ -** ယူတော်မူ၍၊ ***(ဧတံ ကာသာဝံ -** အရှင်ဘုရားလက်တော်၌ရှိသော ထိုသင်္ကန်းကို၊ **ဒတွာ** - ပေးတော်မူ၍)* **မံ -** အကျွန်ုပ်ကို၊ **အနုကမ္ပံ -** အစဉ်သနားခြင်းကို၊ **ဉပါဒါယ -** အကြောင်းပြု၍၊ **ပဗ္ဗာဇေထ -** ရှင်သာမဏေဖြစ်အောင် ပြုတော်မူပါကုန်ဘုရား။

**ရှင်သာမဏေ အဖြစ်သို့ရောက်အောင် သရဏဂုံတောင်းဂါထာ**

**၃။ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ'**

**ဘန္တေ** - အရှင်ဘုရား။ **သံသာရ ဝဋ္ဋဒုက္ခတော** - သံသရာ ဝဋ်ဆင်းရဲမှ၊ **မောစနတ္ထာယ** - ထွက်မြောက် ကျွတ်လွတ်ပါရခြင်း အကျိုးငှါ၊ **ပဗ္ဗဇ္ဇံ** - ရှင်သာမဏေ အဖြစ်ကို၊ **ယာစာမိ** - တောင်းပန်ပါ၏ဘုရား။

## ၆-ပဋိသန္ဓိပဉှာ




**ပဋိသန္ဓိ** = **ပဋိ** - တစ်ဖန်၊ **သန္ဓိ** - ဆက်စပ်ခြင်း။ (တစ်ဖန် ပြန်ဆက်ခြင်း)။

ဘဝတစ်ခု အဆုံးသတ်ပြီးလျှင် ကံတရားနှင့် ကိလေသာတို့ ရှိနေသော ပုဂ္ဂိုလ်များအဖို့ နောက်ထပ် ဘဝတစ်ခု ပြန်ပြီး ဆက်စပ်ခြင်းကို **ပဋိသန္ဓိ** ဟုခေါ်၏။

Relinking = တစ်ဖန်ဆက်စပ်ခြင်း။ Rebirth = ပြန်လည်မွေးဖွားခြင်း။ Reincarnation = ပြန်ဝင်စားခြင်း။

### ပြန်လည်မွေးဖွားခြင်း (Rebirth)

ဗုဒ္ဓ၏ အဆုံးအမမှာ သတ္တဝါဆိုတာ မရှိ။ ရုပ်နှင့်နာမ် ၂-မျိုးပဲ ရှိ၏။ ထို့ကြောင့် ခန္ဓာငါးပါး ပြန်လည် ဆက်စပ်ခြင်း ဖြစ်၏။

### ပြန်ဝင်စားခြင်း (Reincarnation)

ဘယ်သူသေပြီး ဘယ်သူ ဝင်စားတယ်ဆိုတာကို ဘယ်လိုနားလည်ရမလဲဆိုလျှင် -

**'န စ သော၊ န စ အညော'** = **န စ သော**- သူလည်း မဟုတ်၊ **န စ အညော**- တစ်ခြားလူလည်း မဟုတ်။

လူဝင်စားဆိုသော လူသည် သေသွားသော လူလည်း မဟုတ်သလို နောက်ထပ် တစ်ခြားလူလည်း မဟုတ်။ သေသွားသောလူကို အကြောင်းခံပြီးတော့ နောက်လူတစ်ယောက် ဖြစ်လာတာသာ ဖြစ်၏။

**[ဆိုလိုရင်း။** ထာဝရမြဲနေသည့်အရာ မရှိသည့်အတွက်ကြောင့် ဒီဘဝ သေသွားသောသူသည် ဒီဘဝ ဒီခန္ဓာမှာ ချုပ်ငြိမ်းသွား၏။ သို့သော် အကြောင်းတရားများက နောက်ဘဝ၊ နောက်ခန္ဓာ တစ်ခုကို ဖန်တီးလိုက်၏။ ဒီဘဝက "အရာတစ်ခု"ဟာ ထွက်ပြီး နောင်ဘဝကို ဝင်စားတယ်ဆိုတာ တော့ မရှိဘူး။**]**

**[ရှင်းဦးအံ့။** သုမေဓာရသေ့သည် ဒီပင်္ကရာ မြတ်စွာဘုရားထံ ဆုပန်လို့ ဂေါတမဘုရား ဖြစ်လိမ့်မယ်လို့ ဘုရားက ဗျာဒိတ်ပေးခဲ့ချိန်ကစပြီး ပါရမီတွေဖြည့်တယ်။ သုမေဓာရသေ့ဘဝက သေသွားတယ်။ နောက်ဘဝတစ်ခု ရတယ်၊

အဲဒီလိုနဲ့ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဘဝပေါင်း မရေမတွက်နိုင်အောင် ဖြစ်ပြီးတဲ့ နောက်မှာ ဂေါတမဗုဒ္ဓဆိုတာ ဖြစ်လာတယ်။ အဲဒီမှာ “သုမေဓာရသေ့သန္တာန်မှာရှိတဲ့ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်က ဘဝပေါင်းများစွာ ဖြတ်ကျော်ပြီး ဂေါတမဗုဒ္ဓ ဖြစ်လာတာလား” ဒီလိုမေးစရာရှိတယ်။ တကယ်တော့ အားလုံးဟာ သူ့အခိုက်အတန့်နဲ့ သူဖြစ်ပြီး ချုပ်ပျက်သွားတယ်။ ချုပ်ပျက်ပေမယ့်လို့ ဖြစ်ပျက်မှု အစဉ်အတန်း အနေနှင့်သာ ရှိနေ၏။**]**

ဘဝတစ်ခုသည်လည်း ဘဝတစ်ခုအဆုံးသတ်မှ နောက်ဘဝတစ်ခု ပေါ်လာတာဖြစ်၏။ ထိုနောက်ဘဝတစ်ခု ဖြစ်ပေါ်ဖို့ ရှေ့ဘဝ ချုပ်ပေးခြင်း အားဖြင့် အထောက်အကူပြုလိုက်တာဖြစ်၏။ ဘဝမှာ လူတစ်ယောက် သေဆုံးပြီး နောက်ဘဝမှာ ဖြစ်လာတယ်ဆိုတာသည် အကြောင်းကြောင့်ဖြစ်၏။ ***(ရှေ့နှင့်မဆက်စပ်ဘဲ အသစ်ဖြစ်၏ဆိုလျှင် သတ္တဝါများ အသစ်ဖြစ်နေတယ်ဟုအစိဗ္ဗာယ်ရောက် နေမည်။)***

“တစ်ပိုင်းက သေသွားသောလူနှင့် ပတ်သက်ပြီး တစ်ပိုင်းက သူ့အကြောင်းနှင့်သူဖြစ်၏။ နောက်မှာ ဖြစ်သောအရာသည် ရှေ့ပိုင်းကလုပ်သော အကြောင်းတရား၏ တွန်းအားနှင့် ပတ်သက်၏။ ဤသည်ကို ပဋ္ဌာန်းပစ္စည်း၌ **အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ အာသေဝနပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော** တို့ဖြင့် ပြ၏။ ***ထို့ကြောင့် ဗုဒ္ဓ၏ တရားသည် reincarnation နှင့် မဆိုင်ဘူးဟု မှတ်သားထားရမည်။***

Q6. သေသွားတဲ့ ပုဂ္ဂိုလ်တစ်ယောက် ပြန်ပြီး မမွေးဖွားဘူးဆိုတာ ရှိသလား။ သေပြီးတဲ့နောက် ပြန်မမွေးတဲ့သူ ရှိသလား? (ပါဠိမှာ မွေးတယ်လို့တောင် မသုံးဘူး။“ပြန်ဆက်မိတယ်။ ပြန်မဆက်မိဘူး”)

A6. ဘဝတစ်ခု အဆုံးသတ်ပြီးတဲ့နောက်မှာ ပြန်မွေးတဲ့ ပုဂ္ဂိုလ်လည်း ရှိတယ်၊ ပြန်မမွေးတဲ့ပုဂ္ဂိုလ်လည်း ရှိတယ်။

Q6.1.ဆက်စပ်တာက ဘယ်သူပြန်ဆက်စပ်သလဲ။ ပြန်မဆက်ဘူးဆိုရင် ဘယ်ပုဂ္ဂိုလ် ပြန်မဆက်သလဲ။? (ပြန်မွေးတယ်ဆိုရင် ဘယ်ပုဂ္ဂိုလ်က ပြန်မွေးတာလဲ၊ ပြန်မမွေးဘူးဆိုရင်လည်း ဘယ်သူဟာ ပြန်မမွေးတာလဲ။)

A6.1. ကိလေသာရှိနေတဲ့ ပုဂ္ဂိုလ်သည် ပြန်မွေးမယ်၊ ကိလေသာ မရှိတော့တဲ့ ပုဂ္ဂိုလ်သည် ပြန်မမွေးတော့ဘူး။
ကိလေသာသည် ကံတရားကို အထောက်အကူပြုသောကြောင့် ကံက အကျိုးပေးလို့ရ၏။

ဥပမာဆိုရသော် -

မျိုးစေ့က အပင်ပေါက်ခြင်းသည် ရေ၊ မြေတို့နှင့်ပေါင်းပြီးမှသာဖြစ်နိုင်၏။ (သူ့ဟာသူ ပေါက်လို့မရ) ထို့အတူ ကံတရား(မျိုးစေ့)သည် ကိလေသာ (ရေ,မြေ)တို့နှင့် ပေါင်းမှသာ ဘဝဟူသော အကျိုးတစ်ခုကို ထုတ်လုပ်နိုင်၏။ ကိလေသာကုန်သွားလျှင် မြေ + ရေတို့၏ အထောက်အပံ့မရှိသော မျိုးစေ့ကဲ့သို့ ဘဝတစ်ခုကို မပေါက်ဖွား စေနိုင်တော့ပါ။

Q6.2.ကိုယ်တော်ရော ပြန်မွေးဦးမှာလား? (ကိုယ်တော် ရဟန္တာလား?)

A6.2. ဥပါဒါန် အစွဲအလမ်း ရှိနေသေးရင်တော့ ပြန်မွေးမည်။ ဥပါဒါန်အစွဲအလမ်းတွေ မရှိတော့ဘူးဆိုရင် ပြန်မမွေး တော့ဘူး။

(**မှတ်ချက်။** ရှင်နာဂသေနရဲ့ အဖြေဟာ ဝိနည်းနဲ့ လွတ်ကင်းသွားတယ်။ ဘုန်းကြီးဆိုတာ ရဟန္တာဖြစ်လျှင်တောင် လူတွေအား ကိလေသာကုန်တယ်လို့ ပြောခွင့်မရှိဘူး။)

**သေသွားပြီးနောက် ပြန်ပြီးမွေး/ မမွေး**

ယုံကြည်မှုနဲ့မဆိုင်ဘူး၊ ဓမ္မအသိနဲ့သာ ဆိုင်၏။

၁။ တစ်ချို့ဘာသာတရားတွေက ပြန်မွေးတယ်ဆိုတာ မရှိဘူး။

၂။ နောက်ဘဝကို လက်မခံတဲ့ဘာသာတရားတွေ ရှိတယ်။ နောက် ဘဝဆိုတာလည်း မရှိဘူး၊ အတိတ်ဘဝဆိုတာလည်း မရှိဘူး။ ဘုရားသခင် ဖန်ဆင်းလို့ ဖြစ်လာတယ်။ ဖြစ်လာပြီးရင် ဘုရား သခင်ရဲ့ အဆုံးအဖြတ် အတိုင်း ကောင်းကင်ဘုံကို သွားမလား၊ ငရဲဘုံကို သွားမလား။

၃။ နောက်ဘဝတွေဆိုတာ မရှိဘူး၊ သံသရာဆိုတာမရှိဘူးဆိုတဲ့ ဘာသာတရားတွေလည်း ရှိတယ်။

၄။ သံသရာကိုလက်ခံတဲ့ ဘာသာတရားတွေလည်း ရှိတယ်။

၅။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမမှာ သံသရာရှိတယ်။ သံသရာရှိလို့ သံသရာလည်တဲ့ပုဂ္ဂိုလ်ရှိသလို သံသရာမလည်တဲ့ပုဂ္ဂိုလ်လည်းရှိ၏။

**အချို့အဖြေ** - "ကံရှိသေးရင် ပြန်မွေးမှာ၊ ကံမရှိရင် မမွေးတော့ဘူး"

**ရှင်နာဂသေန** - ကံနှင့် မဖြေဘူး။ ကံရှိရုံနှင့် ပြန်မမွေးဘူး၊ ကိလေသာရှိတာ အဓိကကျ၏။ ရဟန္တာဖြစ်တယ်ဆိုတာ ကံကိုပယ်တာ မဟုတ်ဘဲ ကိလေသာကို ပယ်တာဖြစ်၏။ ကိလေသာကို ပယ်ပြီးလျှင် ကံကိုလည်း ပယ်ပြီးသားဖြစ်၏။

**ရတနသုတ်မှာ-'ခီဏံ ပုရာဏံ နဝနတ္ထိသမ္ဘဝံ၊ ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ။ တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ။** လို့ ကံကုန်တာကို ပြော၏။ ကိလေသာကုန်လို့ ကံကုန်တယ်လို့ ဆိုလို၏။ ကံကိုပယ်၍မရပါ။ စေတနာ (ကံ)သည် တစ်စုံတခုကို တွန်းအားပေးပြီးလျှင် သူက ချုပ်သွားသည့်အတွက်ကြောင့် ပယ်လို့ မရနိုင်ပါ။

**ဥပမာ**- မြတ်စွာဘုရား၏ သန္တာန်မှာ ကံရှိလို့ လိုက်ပြီး အကျိုးပေးခံရ၏။ (မဟာဝိပါက်တော် ၁၂ပါး) ရှင်မောဂ္ဂလာန်၏ သန္တာန်မှာလည်း အတိတ်ကလိုက်လာသောကံရှိလို့ လူသတ်ခံလိုက်ရ၏။ ထို့ကြောင့် ကိလေသာရှိခြင်းက ပြန်မွေးဖွားခြင်းအတွက် အဓိကကျ၏။

## ၇-ယောနိသော မနသိကာရပဉှာ

**ယောနိသောမနသိကာရ = ယောနိသော** - မှန်ကန်သော နည်းလမ်းဖြင့် **မနသိကာရ** - နှလုံးသွင်းခြင်း။

**တွေးထင်မှု ၂-မျိုး** (၁) ယောနိသောမနသိကာရ = မှန်ကန်သော နည်းလမ်းဖြင့် နှလုံးသွင်းခြင်း။ (၂) အယောနိသော မနသိကာရ = မမှန်ကန်သော နည်းလမ်းဖြင့် နှလုံးသွင်းခြင်း။

Q7. ဘဝတစ်ခုမှာ ပြန်မမွေးတဲ့ပုဂ္ဂိုလ်ဟာ ယောနိသော မနသိကာရ အစွမ်းကြောင့် ပြန်မမွေးတာလား?
A7. ပြန်မမွေးတော့ခြင်းသည် -
၁) ယောနိသော မနသိကာရ(မှန်ကန်သော နှလုံးသွင်းမှု) ကြောင့်လည်း ဖြစ်၏။
၂) မဂ်ပညာ, ဖိုလ်ပညာ(အဆင့်မြင့်ပညာ) ကြောင့်လည်း ဖြစ်၏။
၃) အခြားကောင်းကျိုးချမ်းသာကို ဖြစ်ပွားစေတတ်သော ကုသိုလ်တရားများကြောင့်လည်း ဖြစ်၏။

(**မှတ်ချက်။** တရားဓမ္မ ကျင့်သုံးပြီးတဲ့အခါ အသိပညာနဲ့ နိဗ္ဗာန်ကို ရှုမြင်သုံးသပ်ပြီး ကိုယ့်သန္တာန်မှာရှိတဲ့ ကိလေသာတွေ ငြိမ်းသွားမှ ပြန်မမွေးဘူး။ အဲဒီလို ကိလေသာတွေ ငြိမ်းဖို့ဆိုတာ ယောနိသော မနသိကာရလည်း ရှိရမယ်၊ ပညာလည်း ရှိရမယ်၊ အခြားကုသိုလ်တွေလည်း ရှိရမယ်လို့ ဆိုလိုတယ်။ ယောနိသောမနသိကာရ တစ်ခုတည်း မဟုတ်ဘူးလို့ ဆိုလို)

Q7.1. ယောနိသော မနသိကာရသည်ပင်လျှင် ပညာ မဟုတ်ဘူးလား?
A7.1. မဟုတ်ပါ။ အဘိဓမ္မာသဘောအရ မနသိကာရသည် မနသိကာရ၊ ပညာသည် ပညာ၊ တစ်ခြားစီဖြစ်၏၊
မနသိကာရ - စိတ်ကိုအာရုံဘက်သို့ ဦးလှည့် ပေးသောသဘော။
ပညာ - အာရုံကို သိမြင်သောသဘော။ အာရုံ၏ သဘောအမှန်ကို သိမြင်ခြင်း သဘော။

## ယောနိသောမနသိကာရသည် ပညာ မဟုတ်ပုံကိုရှင်းပြခြင်း

**အဇ** - ဆိတ်၊ **ဧဠက** - သိုး၊ **မဟိံသ** - ကျွဲ၊ **ဂေါဏ** - နွား၊ **ဂဒြဘ** - မြည်း။ တိရစ္ဆာန်တွေမှာ နှလုံးသွင်းမှုရှိတယ်။ သူတို့ကိုခေါ်ရင် ခေါ်တယ်လို့ သိတယ်။ ဒါပေမယ့် သူတို့မှာ အသိပညာတော့ မရှိဘူး။ ပညာ ဆိုတာကတော့ အကောင်းနဲ့အဆိုး၊ အကြောင်းနဲ့ အကျိုး ခွဲခြားတာ မြင်တာသာ ဖြစ်တယ်။ အဲဒါကို ထောက်ကြည့်သောအားဖြင့် မနသိကာရ နဲ့ ပညာ တစ်ခြားစီပါလို့ ပြောလိုက်တယ်။

## ၈-မနသိကာရလက္ခဏပညာ

Q8. မနသိကာရရဲ့ လက္ခဏာက ဘာလဲ?။ ပညာရဲ့ လက္ခဏာက ဘာလဲ?
A8. မနသိကာရ - စိတ်ကူးကြံစည်မှု လက္ခဏာ ရှိ၏။ (ဦဟန လက္ခဏာ)
ပညာ - (အကောင်းအဆိုး အကြောင်း အကျိုး အားဖြင့် အာရုံ၏ သဘောအမှန်ကို) ဆုံးဖြတ်တတ်သော လက္ခဏာ ရှိ၏။ (ဆေဒန လက္ခဏာ)

Q8.1. မနသိကာရက ကြံစည်ခြင်း လက္ခဏာရှိတယ်ဆိုတာ ဘယ်လိုရှိတာလဲ။? အသိပညာက ဆုံးဖြတ်ခြင်း လက္ခဏာရှိတယ် ဆိုတာ ဘယ်လိုလဲ။?
A8.1. လက်ဝဲဘက်နဲ့ ဂျုံပင်တွေကို စုကိုင်လိုက်ပြီးလက်ယာဘက်နဲ့ တံစဉ်ကို ကိုင်၍ ရိတ်ဖြတ်ကြသကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်သည် မနသိကာရနဲ့ စိတ်ကို ဆုပ်ကိုင်လိုက်ပြီး ပညာဖြင့် ကိလေသာတွေကို ရိတ်ချ(ဖြတ်-Cut) လိုက်၏။

Q8.2. နောက်ဘဝ ပဋိသန္ဓေ ပြန်မနေအောင် ဘာနဲ့လုပ်တုန်း?
A8.2. ပညာနှင့် တစ်ခြားကုသိုလ်တရားများကြောင့် နောက်ဘဝမှာ ပြန်မမွေးခြင်း ဖြစ်ပါသည်။

Q8.3. နောင်ဘဝ ပြန်မဆက်ဖို့အတွက် တစ်ခြားကုသိုလ်တွေဆိုတာ ဘယ်ကုသိုလ်တွေလဲ?
A8.3. သီလ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ ဟူသောကုသိုလ်တရားတို့ ဖြစ်၏။
မဂ္ဂင်ရှစ်ပါးနှင့် ဖြေမည်ဆိုလျှင် - ကမ္မဋ္ဌာန်း အားထုတ်နေသောအချိန်၌ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, သမ္မာသင်္ကပ္ပ, သမ္မာဒိဋ္ဌိ ဟူသော အလုပ်မဂ္ဂင် ငါးပါးဖြစ်၏။ မဂ္ဂင် ၅ပါး ပူးပေါင်း အလုပ်လုပ်ပုံမှာ -
သမ္မာဝါယာမ - ကြိုးစားပြီး တရားမှတ်တယ်။
သမ္မာသတိ - အာရုံစိုက်ပေးတယ်။
သမ္မာသမာဓိ -အာရုံပေါ်မှာ စိတ်ကို စုစည်းမိအောင်လုပ်တယ်။
သမ္မာသင်္ကပ္ပ - မှန်ကန်တဲ့ရှုထောင့်က တွေးတော ဆင်ခြင်တယ်။
သမ္မာဒိဋ္ဌိ - အမှန်မြင်တယ်၊

(**မှတ်ချက်။** နောင်ဘဝ ပြန်မဖြစ်အောင် သီလ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ - တရားတွေနဲ့စုပေါင်းပြီး ကြိုးစား လိုက်လို့ မဂ်ဖိုလ် နိဗ္ဗာန် ရပြီဆိုရင် ဘဝပြန်မဆက်တော့ဘူး။ (နောက် ဘဝမှာ ပြန်မမွေးတော့ဘူးဟုဆိုလို။)

**ကမ္မဋ္ဌာန်းအားထုတ်လျှင် ကိုယ့်သန္တာန်၌ ရှိရမည့်အရည်အချင်းများမှာ** - သီလ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ။

***မဟာသတိပဋ္ဌာနသုတ်၌, အာတာပီ*** - လုံ့လဝီရိယရှိသူ၊ **သတိမာ**-သတိရှိသူ၊ **သမ္ပဇာနော**-ပညာရှိသူဟု ပါရှိသော ကြောင့် **ကမ္မဋ္ဌာန်းအားထုတ်သောအခါမှာ မရှိမဖြစ်အရေးကြီးသော တရား ၃-ခုမှာ** - ဝီရိယ၊ သတိ၊ ပညာ။

## ၉-သီလလက္ခဏပဉှ

Q9.သီလရဲ့လက္ခဏာက ဘာလဲ?
A9. သီလသည် တည်ရာအဖြစ်ကို ဆောင်ရွက်သော လက္ခဏာ ရှိ၏။ (ဥပဓာရဏ လက္ခဏာ)
(အလုံးစုံသော ကုသိုလ်တရားမှန်သမျှ သီလအပေါ်၌ တည်နေကြ၏။)

*[သီလသည် ကာယကံ ဝစီကံတို့ကို ဖရိုဖရဲ မဖြစ်အောင် ကောင်းစွာထားခြင်း **သမာဓာနလက္ခဏာ** နှင့် သမာဓိ, ပညာ ကုသိုလ်တရားတို့၏ အရင်းခံတည်ရာ **ဥပဓာရဏလက္ခဏာ** ရှိ၏။ (ဝိသုဒ္ဓိမဂ်)]*

ဥပမာဆိုရသော် -
၁) လောကမှာ **မျိုးစေ့**ဟူသမျှ၊ အပင်ဟူသမျှဟာ မြေကြီးပေါ်မှာပေါက်ပြီး ကြီးထွားကြရသလို ....... သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာလို့ဆိုတဲ့ လူရဲ့ စွမ်းရည်၊ ထက်မြက်တဲ့ အရည်အချင်းတွေ အားလုံးဟာ သီလပေါ်မှာမှီပြီး ဖြစ်ပေါ်ကြရတယ်။ ဒါကြောင့်မို့ သီလက မြေကြီးနဲ့ အလားတူတယ်မှီရာဖြစ်တယ်”။

၂) **အားနဲ့အင်နဲ့ အလုပ်**တစ်ခုကိုလုပ်ရပြီ ဆိုလို့ရှိရင် မြေကြီးပေါ် မရပ်ဘဲနဲ့ ဘာမှလုပ်လို့မရဘူး။ မြေကြီးပေါ်မှာ ရပ်တည်ပြီးတော့ လုပ်ရတယ်”။

ထို့အတူ ယောဂီပုဂ္ဂိုလ်ဟာလည်းပဲ သီလပေါ်မှာ ရပ်တည်ပြီး သဒ္ဓါ၊ ဝီရိယ၊ သတိ၊သမာဓိ၊ပညာဆိုတဲ့ အရည်အချင်းတွေရအောင် လုပ်ယူရပါတယ်။

၃) **မြို့တည်ဆောက်သူ**ဟာတဲ့ ပထမမြို့ရာကို ရွေးချယ်၊ ပြီးနောက် မြို့ရာမြေကို ရှင်းလင်းသုတ်သင်။ ဆူးငြောင့် ခလုတ်တွေ ဖယ်ရှားပြီး မြေကြီးကို ညီသွားအောင်၊ ညှိပြီးတဲ့အခါကျမှ အကွက်၊ “ဒါက လမ်း၊ ဒါက လမ်းဆုံ၊” ဒီလို အကွက်တွေချ ပြီးပြီ ဆိုတဲ့အခါမှ မြို့ကိုစတင်တည်ဆောက်ရတယ်။

ထို့အတူ ယောဂီပုဂ္ဂိုလ်ဟာလည်းပဲ သီလကို အခြေခံပြီး သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ပညာဆိုတဲ့ အရည်အချင်းတွေရအောင် လုပ်ယူရပါတယ်။

၄) **ကျွမ်းဘားအတတ်ပြတဲ့ပုဂ္ဂိုလ်**ဟာ ဆူးငြောင့်ခလုတ်တွေ အကုန်ဖယ်၊ မြေကြီး ညီ အောင်လုပ်ပြီး မြေကြီးပေါ်မှာကျလို့ရှိရင် မနာရအောင်လို့လုပ်ပြီးမှ ကျွမ်းဘားအတတ်ကိုပြသရတယ်။

ထို့အတူ ယောဂီပုဂ္ဂိုလ်ဟာလည်းပဲ သီလကို အခြေခံပြီး သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ပညာဆိုတဲ့ အရည် အချင်းတွေရအောင် လုပ်ယူရပါတယ်။

## သီလ သည် ကုသိုလ်အားလုံးရဲ့တည်ရာဖြစ်လို့ တည်ရာလက္ခဏာ ရှိသည်ဟုဆိုရပုံ

အလုံးစုံသော ကုသိုလ်တရားတွေ မှန်သမျှ, အပြစ်ကင်းသော တရားတွေမှန်သမျှ သီလအပေါ်၌ တည်နေကြ၏။ **ဥပမာ။** ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင် ဟူသော တရားတွေအားလုံးသည် သီလအပေါ်၌ တည်နေကြ၏။ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဈာန်၊ ဝိမောက္ခ၊ သမာပတ္တိ ဟူသော အဆင့်မြင့်တရား အားလုံးသည်လည်း သီလအပေါ်၌ တည်နေကြ၏။ ထို့ကြောင့် သီလ သည် ကုသိုလ်အားလုံး၏ တည်ရာဖြစ်သောကြောင့် တည်ရာလက္ခဏာ ရှိသည်ဟုဆိုပါသည်။

***မြတ်စွာဘုရားက ဟောပုံမှာ -***

**"သီလေ ပတိဋ္ဌာယ၊ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ၊ အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ။"**

**သီလေ ပတိဋ္ဌာယ** - ကိုယ်ကျင့်သီလပေါ်မှာ ရပ်တည်၍၊ **နရော သပညော -** ပင်ကိုယ်ဉာဏ် ထက်မြက်သော ပုဂ္ဂိုလ်သည်၊ **စိတ္တံ ပညဉ္စ ဘာဝယံ**- သမာဓိနှင့် ပညာကို တိုးတက်အောင်လုပ်၏။

## ၁၀-သမ္ပသာဒန လက္ခဏာပဉှ

Q10. သဒ္ဓါရဲ့သွင်ပြင်လက္ခဏာက ဘာလဲ?
A10. သဒ္ဓါသည် စိတ်အစဉ်ကို ကြည်လင်သန့်ရှင်းသွား အောင်လုပ်ခြင်း လက္ခဏာရှိ၏။ (သမ္ပသာဒန လက္ခဏာ) ရဲရဲဝံ့ဝံ့ ဆုံးဖြတ်သွားရောက်နိုင်ခြင်း လက္ခဏာရှိ၏။ (သမ္ပက္ခန္ဒန)

**ပက္ခန္ဒန** = အာရုံတစ်ခုခုကို တွန့်ဆုတ်ခြင်းမရှိဘဲ လွတ်လွတ်ကျွတ်ကျွတ် ထိုးဖောက်ဝင်ရောက်သွားနိုင်သော စွမ်းရည်။

Q10.1. စိတ်ကိုကြည်လင်စေတဲ့ အမှတ်လက္ခဏာ ရှိတယ်ဆိုရင် ဘယ်လိုကြည်လင်စေတာလဲ?
A10.1. သဒ္ဓါစွမ်းအားဟာ စိတ်ကိုမှီဖြစ်၏။ သဒ္ဓါဖြစ်လာပြီ ဆိုလျှင် နီဝရဏတရားများကို တွန်းထုတ်ဖယ်ရှားလိုက်သောကြောင့် စိတ်ထဲမှာ အနှောင့်အယှက်တွေ ဝင်မလာ နိူင်တော့ဘဲ လေတိုက်လိုက်တဲ့အခါ ကောင်းကင်ယံမှာ တိမ်တိုက်တွေ လွင့်ပျံ့ကင်းစင်သွားသလိုပဲ စိတ်အစဉ်ဟာ ရှင်းသွားတယ်၊ ကြည်လင်သွားတယ်။
ဥပမာဆိုရသော် -
စကြဝတေးမင်းကြီး၏ ပတ္တမြားရတနာသည် ရေနောက်ကို ကြည်စေတတ်သကဲ့သို့။ (ခပေါင်းရေကြည်စေ့၊ ကျောက်ချဉ်)

**သဒ္ဓါ ဖယ်ရှားလိုက်သော အဆိုးတရားငါးမျိုး (နီဝရဏတရား ၅ ပါး)**

ကုသိုလ်စိတ်တို့ မဖြစ်ရအောင် ပိတ်ဆို့ တတ်သောတရားများ။

**ကာမစ္ဆန္ဒ** = ပျော်စရာ အာရုံတွေနှင့် ပျော်ချင်သော လောဘ၊

**ဗျာပါဒ** = ကိုယ်မကြိုက်သော အာရုံများ ပေါ်၌ အလိုမကျသော ဒေါသ၊

**ထိနမိဒ္ဓ** = ကောင်းသော အလုပ်များ မလုပ်ချင်လောက်အောင် စိတ်ဓာတ်တွန့်ဆုတ်သော သဘော၊

**ဥဒ္ဓစ္စ-ကုက္ကုစ္စ** = စိတ်ကို စုစည်းလို့မရအောင်လွင့်ပျံ့နေသောသဘော၊ စိတ်ထဲမှာ ပူလောင်နေခြင်း သဘော၊

**ဝိစိကိစ္ဆာ** = သံသယများ ဖြစ်နေခြင်းသဘော၊

## ၁၁-သမ္ပက္ခန္ဒနလက္ခဏပဉှာ

Q11. သဒ္ဓါမှာ လွတ်လွတ်ကျွတ်ကျွတ် ထိုးဖောက်ဝင်ရောက်နိူင်စွမ်း လက္ခဏာ ရှိတယ်ဆိုတာ ဘယ်လိုလဲ။?
A11. ဥပမာဖြင့်ဖြေရသော် -
၁) ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်တစ်ယောက်က “တခြားယောဂီတစ်ဦးဟာ သဒ္ဓါစိတ်ဓာတ်နဲ့ ကြိုးစားအားထုတ် လိုက်သည့်အတွက်ကြောင့် ကိလေသာဆိုတဲ့ အညစ်အကြေး တွေက လွတ်မြောက်သွားတယ်၊ သောတာပန် ဖြစ်သွားတယ်၊ သကဒါဂါမ် ဖြစ်သွားတယ်၊ အနာဂါမ် ဖြစ်သွားတယ်၊ ရဟန္တာ ဖြစ်သွားတယ်”ဆိုတာ သူ ကြားသိရတယ်။

အဲဒီလို ကြားရတဲ့အခါမှာ ရဟန္တာဖြစ်သူကို အားကျပြီး ကမ္မဋ္ဌာန်းကို ကြိုးစားအားထုတ်တယ်။ မရသေးတာတွေ ရဖို့၊ မသိသေးတာတွေ သိဖို့၊ မျက်မှောက် မပြုနိူင်သေးတာတွေ မျက်မှောက်ပြုဖို့ဆိုပြီး ကြိုးစားအားထုတ်တယ်တဲ့။ “သူတောင်ရသေးတာပဲ၊ ငါ ဘာလို့မရဘဲ ဖြစ်ရမှာတုန်း” ဆိုတဲ့ ယုံကြည်ချက် သဒ္ဓါစွမ်းအားနဲ့ ကြိုးစားလိုက်တဲ့အခါမှာ သူလည်း ပေါက်ပေါက် ရောက်ရောက် တရားထူးတရားမြတ်တွေ ရသွားတယ်။
၂) တောင်ကျရေတွေစီးဆင်းလို့ မြစ်ရေစီးသန်နေတဲ့ အချိန် ကျန်းမာသန်စွမ်းပြီး ရဲစွမ်းသတ္တိရှိသူက တောင်ကျချောင်းကို ဖြတ်ကူးတယ်။ သူ့စွမ်းအားနဲ့ဖြတ်ပြီး ကူးလိုက်တဲ့အခါ ဟိုဖက် ရောက်သွားတယ်။ ဟိုဖက်ရောက်သွားတဲ့အခါ နောက်ကလူတွေ လိုက်ပြီး ကူးကြတယ်။

'**သဒ္ဓါယ တရတိ ဩဃံ**'ဟူသည်-

တောင်ကျရေလို အင်မတန် အရှိန်ပြင်းစွာ စီးဆင်းနေသော ဒီလှိုင်းကြီးတို့ကို/ **ဩဃ** ဆိုသောအခက်အခဲတို့ကို ယုံကြည်ချက်နှင့်မှ ဖြတ်ကူးလို့ ရ၏။

## ၁၂-ဝီရိယလက္ခဏပဉှ

**ဝီရာနံ ကမ္မံ ဝီရိယံ** - ရဲရင့်သူတို့၏ အလုပ်သည် ဝီရိယ မည်၏။

Q12. ဝီရိယရဲ့လက္ခဏာက ဘာလဲ?

A12. ဝီရိယသည် အထောက်အကူပြုသော၊ ထောက်ပံ့ကူညီတတ်သော လက္ခဏာရှိ၏။ (ဥပတ္ထမ္ဘန လက္ခဏာ)

ဥပမာဆိုရသော် -

၁) သစ်သားနဲ့ ဆောက်ထားတဲ့ အိမ်တစ်အိမ်ဟာ ယိုင်လာပြီဆိုရင် ကျားကန်ပေးထားရင် အဲဒီအိမ်ဟာ မပြိုတော့ သကဲ့သို့ ထို့အတူ လူတွေရဲ့သန္တာန်မှာ ကုသိုလ်တရားတွေကို ဝီရိယနဲ့ ထောက်ပံ့ပေးထားမယ်ဆိုရင် ကုသိုလ် တရားတွေဟာ လျော့မသွားနိုင်ပါ။

၂) စစ်ပွဲတစ်ပွဲကိုတိုက်ကြတဲ့အခါ တစ်ဖက်က စစ်အင် အားနည်းတယ်၊ တစ်ဖက်က စစ်အင်အားများတယ်။ အင်အား များတဲ့ဘက်က ဖိတိုက်တယ်။ အဲဒီတော့ လူအင်အားနည်းတဲ့ စစ်တပ်က နောက်ဆုတ်တယ်။ အဲဒီစစ်ကူ ရောက်လာတယ်၊ စစ်ကူပေးပြီး တွန်းလှန်လိုက်မယ်ဆိုရင် ရှေ့က အင်အားကြီးတဲ့ စစ်တပ်ကြီးက တုန့်ဆိုင်းသွား တယ်။ ရှေ့မတိုးနိုင်တော့သကဲ့သို့ ထို့အတူ ကုသိုလ်တရားတွေ လျော့ကျမသွားအောင် ဝီရိယက တွန်းအားပေးပြီး တောင့်ခံထားတယ်။

**သမ္မပ္ပဓာန် လေးပါး**

-ဝီရိယရဲ့စွမ်းဆောင်မှု လေးချက်။ မဂ္ဂင်ရှစ်ပါးထဲမှာ မြတ်စွာ ဘုရားက သမ္မာဝါယာမလို့ ဟောထားတယ်။

### သမ္မာဝါယာမ- မှန်မှန်ကန်ကန် ကြိုးစားမှု

(၁) **သံဝရ** = ကိုယ့်သန္တာန်မှာ မကောင်းတဲ့စိတ် မဖြစ်ရအောင် ဆို့ပိတ်ဖို့ ကြိုးစားခြင်း၊ ကိုယ့်စိတ်မှာ မကောင်းတဲ့ အတွေးတွေ မဝင်အောင် ဆို့ပိတ်ဖို့ ကြိုးစားရမည်။

(၂) **ပဟာန** = ဆို့ပိတ်တဲ့အခါမှာ မနိုင်ဘူးဆိုရင် - ဖယ်ရှားဖို့ ကြိုးစားရမည်။ [၁၂ - မကောင်းတဲ့ဘက်]

(ကိုယ့်သန္တာန်မှာ ဒေါသမဖြစ်သေးဘူးဆို မဖြစ်အောင်ထိန်း၊ ဖြစ်လာပြီဆိုရင် ဒေါသကိုလည်း ကိုယ့်သန္တာန်မှာ မနေနိုင်အောင်လို့ မောင်းထုတ်လိုက်ပါ။)

(၃) **ဘာဝနာ** = ကိုယ့်သန္တာန်မှာ မေတ္တာစိတ်မဖြစ်သေးရင် ဖြစ်အောင်ကြိုးစားရမည်။

(၄) **အနုရက္ခဏာ** = ဖြစ်လာတဲ့ မေတ္တာစိတ်ကို ထိမ်းသိမ်းဖို့ ကြိုးစားရမည်။ [၃၊၄ - ကောင်းတဲ့ဘက်]

**ဝီရိယနှင့်ပတ်သက်၍ မြတ်စွာဘုရားရှင် ဟောတော်မူပုံ**

**၁) ဝီရိယူပတ္ထမ္ဘိတာ သဗ္ဗေ ကုသလာဓမ္မာ န ပရိဟာယန္တိ၊**

ဝီရိယနှင့် ကျားကန်ပေးထားလိုက်လျှင် ကုသိုလ်တရားများ ဆုတ်ယုတ်မသွားပါ။

**၂) ဝီရိယဝါ ဘိက္ခဝေ အရိယသာဝကော အကုသလံ ပဇဟတိ၊ ကုသလံ ဘာဝေတိ၊**

ချစ်သားရဟန်းတို့၊ ဝီရိယရှိသော ပုဂ္ဂိုလ်သည် မကောင်းသော စိတ်ကိုဖယ်ရှားနိုင်ပြီး ကောင်းသောစိတ်ကို ဖြစ်ပွားစေနိုင်၏။

**၃) သာဝဇ္ဇံ ပဇဟတိ၊ အနဝဇ္ဇံ ဘာဝေတိ၊**

အပြစ်ရှိသော သဘာဝတရားများကို ဖယ်ရှားပစ်ပြီး၊ အပြစ်ကင်းသော သဘာဝ တရားများကို ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်စေ၏။

**၄) သုဒ္ဓမတ္တာနံ ပရိဟရတိ၊**

မိမိ၏စိတ်ကို သန့်သန့်ပြန့်ပြန့်ရှိအောင် ဆောင် ရွက်နိုင်၏။

## ၁၃-သတိလက္ခဏပဉှ

Q13. သတိဆိုတာ ဘယ်လိုလက္ခဏာ ရှိပါသလဲ။
A13. သတိဆိုတာ အမှတ်ရခြင်း၊ မြုပ်နေသည်ကို ပေါ်လာစေခြင်း လက္ခဏာ ရှိ၏။ (အပိလာပန လက္ခဏာ)
ချီးမြှောက်ခြင်း၊ ထောက်ကူပေးခြင်း၊ မြှင့်တင်ပေးခြင်း လက္ခဏာ ရှိ၏။ (ဥပဂ္ဂဏှ လက္ခဏာ)

Q13.1. သတိက ပေါ်လာစေတယ် ဆိုတာ ဘာကို ပြောတာလဲ။ ပေါ်လာစေတဲ့ လက္ခဏာဆိုတာ ဘယ်လိုဟာကို ဆိုလိုတာလဲ။?
A13.1. သတိသည် “ကုသိုလ်၊ အကုသိုလ်၊ အပြစ်ရှိတယ်၊ မရှိဘူး၊ ကောင်းတယ်၊ မကောင်းဘူး၊"စသဖြင့် ကောင်း-မကောင်း၊ အကြောင်း-အကျိုး၊ အကောင်း-အဆိုး စသည်တို့ကို စိတ်ထဲ ပေါ်ပေါက်လာစေတတ်၏။

ဥပမာဆိုရသော် -
၁) အခန်းထဲမှာ မှောင်နေရင် ဘာရှိတယ်ဆိုတာ မမြင်ရသော်လည်း မီးထွန်းလိုက်ရင် အဲဒီအခန်းထဲမှာရှိတဲ့ ပစ္စည်းတွေကို မီးကပြလိုက်လို့ ဘာတွေရှိတယ်ဆိုတာ ပေါ်လာတယ်။
ထို့အတူပဲ လူရဲ့စိတ်ထဲမှာ ပေါ်မလာတဲ့အရာတွေကို သတိကနေ ဆွဲယူပြလိုက်တဲ့အခါ စိတ်ထဲမှာ ဘာတွေ ရှိတယ်ဆိုတာသိရတယ်၊ သတိက ပေါ်လာစေတယ်၊ အမှတ်ရလာစေတယ်။

၂) မင်းရဲ့ ဘဏ္ဍာစိုးဟာ စာရင်းအင်းနဲ့တကွ ပစ္စည်းဘဏ္ဍာများကို “ဆင်ကောင်ရေ၊ မြင်းကောင်ရေ ၊ စစ်အင်အား၊ ရွှေတွေငွေတွေက ဘယ်လောက်ရှိပါတယ်၊”လို့ဘုရင်မင်းကြီး သတိရဖို့ တင်ပြရတဲ့အခါ ဘုရင်ကြီးက သူ့ရဲ့ပစ္စည်းတွေပေါ်မှာ သတိ ထားမိလာတယ်။

ထို့အတူ ကိုယ့်သန္တာန်မှာ မြုပ်ကွယ်နေတဲ့ တရားကို သတိက ပေါ်လာစေတယ်။

Q13.2. သတိဟာ ချီးမြှောက်/ထောက်ကူ/ မြှင့်တင်ပေးတယ်ဆိုတဲ့ လက္ခဏာရှိတယ် ဆိုတာ ဘယ်လိုပါလဲ?

A13.2. သတိသည် ဖြစ်လာလျှင် အကျိုးရှိသောတရား၊ အကျိုးမရှိသော တရားတို့၏ အနေအထားများကို ရှုထောင့်တစ်ခုကနေ ကြည့်ပြီး ယော်- ဒီသဘာဝတရားကတော့ ငါ့အတွက် ကောင်းကျိုးဖြစ်စေနိုင်တယ်။ ဒီသဘာဝတရားကတော့ ငါ့ အတွက် ကောင်းကျိုးမဖြစ်စေနိုင်ဘူးဟု ရှာပေး၏။

ဥပမာဆိုရသော် -

စကြဝတေးမင်း၏ သားကြီးရတနာသည် ဘုရင်ကို အကြံပေးရသည်၊ ရှေ့ဆောင်ရသည်။“ဒီကိစ္စကတော့ မင်းကြီးအတွက် ကောင်းတယ်၊ ဒါကတော့ မကောင်းဘူး” ဆိုတာ နှစ်ခုခွဲခြားပြီးအကြံပေးတယ်။ အကြံပေးပြီးလျှင် (မကောင်းတာတွေကို ဖယ်ရှားပြီး) အကျိုးမဖြစ်မယ့်ဟာကို ဖယ်ရှားပြီး၊ အကျိုးဖြစ်မယ့်ဟာကို လုပ်ဆောင်စေ၏။

## သတိနှင့် ပညာ အမြဲတမ်း တွဲဖက်နေရခြင်း

**န ဟိ သတိ ဝိရဟိတာ ပညာ နာမ အတ္ထိ** သတိမပါသော ပညာဆိုတာ မရှိ။ သတိရှိမှ ပညာဆိုတာဖြစ်၏။ သတိက အာရုံကိုယူပေးလိုက်သောအခါ နောက်က ပညာက သိနိုင်၏။ စာပေကျမ်းဂန်မှာ **သတိသမ္ပဇည** ကို တွဲဖက်ထား၏။ **ဥပမာ။** စာအုပ်ဖတ်ချင်ရင် လက်က စာအုပ်ဖွင့်ပေးမှ မျက်စိက ကြည့်လို့ရ၏။ မျက်စိက စာအုပ်မဖွင့်နိုင်ပါ။

## မြတ်စွာဘုရားက သတိကို 'သဗ္ဗတ္ထိကံ' အချိန်မရွေး အလိုရှိအပ်၏ ဟုဟောရခြင်း

စိတ်ဓာတ်များ တက်ကြွနေရင်လည်းသတိလိုအပ်၏။ စိတ်ဓာတ်များ ဆုတ်နစ်နေရင်လည်း သတိလို အပ်၏။ အကြောင်းမှာ - အတိုး အဆုတ်ကို အားလုံး သိနေတာဖြစ်သောကြောင့် သတိဟာ ဘယ်တော့မှ ပိုတယ်ဆိုတာ မရှိပါ။ **ဥပမာ။ *သတိဆိုတာ ဆားပမာ*** ။ ဘယ်ဟင်းပဲဖြစ်ဖြစ် ဆားပါမှ အရသာသည် လေး၏။

## ၁၄-သမာဓိပညာ

**သမာဓိ (သံ + အာဓိ) = သံ** = ကောင်းစွာ၊ **အာဓိ** = စိတ်ကို အာရုံတစ်ခုခုပေါ်မှာ စူးစိုက်ထားခြင်း။

**သမာဓိဆိုသည်မှာ** - အာရုံတစ်ခုတည်းပေါ်မှာ စိတ်ကို ကောင်းစွာထားခြင်း ဖြစ်၏။

**သမာဓိလေ့ကျင့်ခန်း -** ဗုဒ္ဓဘာသာဝင် တော်တော်များများသည် သမာဓိကို လေ့ကျင့်သည့်အခါ ထွက်လေ ဝင်လေနှင့် လေ့ကျင့်ကြ၏။ အသက်ရှူသောအခါ လေထိသော နေရာကို အာရုံစိုက်၍ သမာဓိလေ့ကျင့်လေ့ရှိကြ၏။

## သတိနှင့် သမာဓိ အထူး

| သတိ | သမာဓိ |
|---|---|
| အာရုံကို အမှတ်ရနေခြင်းသည် သတိ ဖြစ်၏။<br><br>ထွက်လေဝင်လေ ထွက်တိုင်းဝင်တိုင်းမှာ အမှတ်ထားနေခြင်းသည် သတိ ဖြစ်၏။ | အာရုံအပေါ်၌ စူးစိုက်နေခြင်းသည် သမာဓိ ဖြစ်၏။<br><br>အမှတ်ထားသည့်အတိုင်း အာရုံတစ်ခုကလွဲပြီး တစ်ခြား အာရုံပေါ်စိတ်ရောက်မသွားဘဲ ငြိမ်နေခြင်းသည် သမာဓိ ဖြစ်၏။ |

Q14. သမာဓိရဲ့သွင်ပြင်လက္ခဏာက ဘာလဲ?

A14. အခြေအနေကောင်းများကို ဦးဆောင်ကြီးမှူးသွားခြင်း လက္ခဏာရှိ၏။ (ပမုခ လက္ခဏာ)

**သမာဓိဟာ ဦးဆောင်စုစည်း ပေးတဲ့ အမှတ်အသားလက္ခဏာရှိပုံ**

သမာဓိသည် ကုသိုလ်စိတ်တွေအားလုံးကို စုသွားအောင် လုပ်ပေးခြင်း ဖြစ်သောကြောင့် ကုသိုလ်မှန်သမျှသည် သမာဓိ၏ စုစည်းမှုအောက်မှာ ရှိကြ၏။

ဥပမာဆိုရသော် -

၁) အချင်၊ ယနယ်၊ ဒိုင်း၊ မြားဆိုတာတွေ အားလုံးဟာ အိမ်အထွဋ်ကိုဗဟိုပြုဦးတည်ပြီး ဆုံမိကြသကဲ့သို့။

၂) ထီးမှာ ခရိုင်တွေအားလုံးဟာ ထီးရဲ့ဗဟိုချက်မှာ သွားစုကြသကဲ့သို့။

၃) ဘုရင်ကိုယ်တိုင် ဦးဆောင်ပြီး စစ်တိုက်တဲ့အခါ နောက်လိုက် နောက်ပိုက်ပါ စစ်သည်တွေ ( ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်)အားလုံးဟာ ဘုရင်ကိုပဲ ဝန်းရံကြသကဲ့သို့။

**လူသားတွေမှာရှိသော စိတ်စွမ်းအားငါးမျိုးမှာ** - သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ။

**သမာဓိက စုစည်းထားသော ကုသိုလ်တရား ၅မျိုး** - သီလ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ပညာ။

## သမာဓိနှင့်ပတ်သက်ပြီး မြတ်စွာဘုရားဟောကြားထားပုံ

**၁) သမာဓိ ဘိက္ခဝေ ဘာဝေထ -**

ရဟန်းတို့ စိတ်တည်ငြိမ်မှု သမာဓိကို ကိုယ့်သန္တာန်မှာ ဖြစ်ပွားတိုးတက်အောင် ကြိုးစားကြ။

**၂) သမာဟိတော ယထာဘူတံ ဇာနာတိ ပဿတိ** -

သမာဓိရှိသော ပုဂ္ဂိုလ်သည် အမှန်အကန်ကို နားလည်၏။ သိနိုင်၏။ သဘာဝအစစ်အမှန်ကို မြင်နိုင်၏။

**ကမ္မဋ္ဌာန်းအလုပ်အားထုတ်သော ပုဂ္ဂိုလ်တိုင်း သမာဓိကို ထူထောင်ကြရန် လိုအပ်ပုံ**

သမာဓိကိုထူထောင်လိုက်ပြီး စိတ်တည်ငြိမ် လာပြီဆိုလျှင် - မိမိခန္ဓာကိုယ်၌ ဖြစ်သမျှ သိရှိနားလည် လာကြ၏။ မမြဲဘူးဆိုတာလည်း သဘောပေါက်လာ၏။ စိတ်ထဲမှ ခံစားချက်များကိုလည်း သိရှိလာ၏။ စိတ်၏ အခြေအနေတွေကိုလည်း သိလာ၏။ မည်သည့် အရာပဲဖြစ်ဖြစ် ခန္ဓာကိုယ်ထဲမှ ဖြစ်ပေါ်လာသော အရာကို သမာဓိ ရှိလာပြီဆိုလျှင် ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား သိလာ၏။

**သမာဓိမရ၍ စိတ် စုစည်းနိုင်ခြင်း မရှိဘူးဆိုလျှင် -**

**ဥဒ္ဓစ္စ** (စိတ်ပျံ့လွင့်ခြင်း) ဖြစ်၏။ အာရုံအမျိုးမျိုးပေါ်တွင် စိတ်သည် လွင့်ပျံ့နေ၏။ စိတ်ကိုစုစည်းလို့မရလျှင် စိတ်၏ စွမ်းအားများ လျော့ကျသွား၏။

## ၁၅-ပညာလက္ခဏာပဉှာ

Q15. ပညာရဲ့အမှတ်အသားလက္ခဏာက ဘာပါလဲ?
A15. ပညာသည် ဖြတ်တောက်ခြင်း၊ ဆုံးဖြတ်ခြင်းလက္ခဏာ ရှိ၏။ (ဆေဒန လက္ခဏာ)
ပညာသည် အလင်းရောင် ဖြန့်ကျင်းခြင်း၊ အလင်းပေးခြင်းလက္ခဏာ ရှိ၏။ (ဩဘာသန လက္ခဏာ)
လူတွေရဲ့အသိစိတ်ထဲမှာ အသိပညာဆိုတာ ဖြစ်လာပြီဆိုရင် မသိဘူးဆိုတဲ့ အမှောင်ဟာ ပျောက်သွားတယ်။
ဥပမာဆိုရသော် - အိမ်တစ်အိမ်မှာ ပြတင်းပေါက် အကုန်လုံး ပိတ်ထားလို့ မှောင်နေတယ်။ သို့သော် မီးထွန်းလိုက်တဲ့အခါမှာ မီးသည် အခန်းထဲမှာရှိတဲ့ အမှောင်ဟူသမျှကို ဖျောက်တယ်။ အလင်းရောင်ကို ပေါ်ပေါက်စေသကဲ့သို့။

**ပညာသည် ဩဘာသနလက္ခဏာ - အလင်းရောင်ပေးခြင်း သဘာဝလက္ခဏာ ရှိပုံ**

တရားဓမ္မ ကျင့်ကြံကြိုးကုတ် အားထုတ်သော ပုဂ္ဂိုလ်တစ်ယောက်သည် ဝိပဿနာမလုပ်ခင်က မသိပါ။ ဝိပဿနာ အလုပ်ကို လုပ်ပြီဆိုသောအခါမှ -

၁။ ထွက်လေဝင်လေကို ဗဟိုပြုပြီး ကြည့်တာပဲဖြစ်စေ၊

၂။ ခန္ဓာကိုယ်၏လှုပ်ရှားမှုကို ဗဟိုပြုပြီး ကြည့်တာပဲဖြစ်စေ၊

၃။ စိတ်ခံစားမှုလေးကို ဗဟိုပြုပြီး ကြည့်တာပဲဖြစ်စေ၊

၄။ ကိုယ့်စိတ်လေးကို ဗဟိုပြုပြီး ကြည့်တာပဲဖြစ်စေ၊

ကြည့်လိုက်သောအခါမှာ ပေါ်လာလိုက် ပျောက်သွားလိုက်ဟူသော မမြဲသည့်သဘော(**အနိစ္စ**)ကို နားလည်လာ၏။ မမြဲမှုတို့က အစဉ်ထာဝရ တရစပ် ရပ်လို့မရအောင် နှိပ်စက်နေသော ဆင်းရဲခြင်းသဘော (**ဒုက္ခ**)ကိုလည်း နားလည်လာ၏။ မမြဲသည့်အရာကြီးကို မြဲအောင်လုပ်နိုင်စွမ်း ကိုယ့်မှာမရှိ။ ကိုယ့်ဆန္ဒအတိုင်း ဘာတစ်ခုမှ မဖြစ်ဘူး ဆိုသော (**အနတ္တ**) သဘောတရားကိုလည်း နားလည်လာ၏။

ထို့အတူ ပရမတ္ထအားဖြင့် ရုပ်နှင့်နာမ်ကလွဲလို့ သိစရာ တခြားဘာမှမရှိဘူးဆိုတာ ရှင်းရှင်းလင်းလင်းကြီး မြင်လာ၏။ ဒီရုပ်နာမ်တို့ကလည်း ဆိုင်ရာအကြောင်းကြောင့်သာဖြစ်၍ အကြောင်းမဲ့ဖြစ်ကြတာ မဟုတ်ဘူးဆိုတာကိုလည်း သိ၏။ ဖြစ်ပြီး ရပ်တည်နေတာမဟုတ်၊ မဖြစ်ခင် တစ်နေရာရာမှာလည်း ရှိနေကြတာမဟုတ်၊ ဖြစ်ပြီးပျက်သွားသည့်နောက်မှာ တစ်နေရာမှာ စုပုံတည်ရှိနေတာမရှိ၊ ဆိုသည်ကိုလည်း ရှင်းရှင်းကြီး နားလည်သွား၏။ ထိုကဲ့သို့ နားလည်သွားခြင်းသည် ပညာနှင့် နားလည်သွားခြင်း ဖြစ်၏။

**အနိစ္စန္တိ ဝါ ဒုက္ခန္တိ ဝါ အနတ္တာတိ ဝါ သမ္မပ္ပညာယ ပဿတိ** = ဝိပဿနာပညာနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တို့ကို ရှုမြင်နိုင်တယ်။ ထို့ကြောင့် ပညာသည် ဩဘာသနလက္ခဏာ - အလင်းရောင်ပေးခြင်း သဘာဝ လက္ခဏာ ရှိ၏။

**ပညာ ဥပမာ္မနာ - စိတ်ထဲမှာ ပညာဖြစ်ပေါ်လာပြီဆိုရင် -** (၁) အဝိဇ္ဇာဆိုသော အမှောင်ကို ရှင်းပစ်၏။ (၂) ဝိဇ္ဇာဆိုသော အလင်းရောင်ကို ဖော်ဆောင်၏။ (၃) ဉာဏ်ဆိုသော အလင်းရောင်ကို ဖြစ်ပေါ်စေပြီး သစ္စာလေးပါးကို ထင်ရှားပြ၏။

## ၁၆-ကေကိစ္စ အဘိနိပ္ပါဒနပညာ

Q16. သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ ဒီကုသိုလ်တရားတွေဟာ တစ်ခုနဲ့တစ်ခု မတူကြတာဖြစ်လျက်၊ အကျိုးကိစ္စကျတော့ တစ်ခုတည်းကို ဖြစ်စေနိုင်ကြတယ် မဟုတ်လား?(အားလုံးဟာ တစ်ခုနဲ့တစ်ခု သဘာဝချင်း မတူသော်လည်းပဲ တူညီသော အကျိုးတစ်ခုကိုတော့ ပြီးစေနိုင်ကြတယ် မဟုတ်လား။)

A16. ဟုတ်ပါတယ်။ ကိလေသာကို ဖယ်ရှား ခြင်းဆိုတဲ့ ကိစ္စမျိုးမှာ အကျိုးကိစ္စ တစ်ခုတည်းကို ပြီးစေကြတယ်။ ကမ္မဋ္ဌာန်းတရား အားထုတ်သောအခါ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ (မဂ္ဂင်ရှစ်ပါးနဲ့ ဆိုလျှင် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်ငါးမျိုး) တို့စုပေါင်း အလုပ်လုပ်ကြ၏။ ရလဒ်မှာ ကိလေသာကို (တွယ်တာမှု၊ မုန်းတီးမှု၊ မသိမှု) ဖယ်ရှားခြင်းဆိုသော အကျိုးတစ်ခုတည်း ဖြစ်၏။
ဥပမာဆိုရသော် -
စစ်တပ်ဆိုတာ ဆင်တပ်ပဲဖြစ်စေ၊ မြင်းတပ်ပဲဖြစ်စေ၊ ရထားတပ်ပဲဖြစ်စေ၊ ခြေလျင်တပ်ပဲဖြစ်စေ၊ အဲဒီတွေဟာ စစ်ပွဲမှာ ရန်သူကို အနိုင်ရခြင်းဆိုတဲ့ အကျိုးတစ်မျိုးတည်းကိုပဲ ဖြစ်ပေါ်စေသကဲ့သို့။

.

| ဣန္ဒြေ ၅ပါး၏ ကိစ္စ | ပသာဒရုပ် ၅ပါး၏ ကိစ္စ |
|---|---|
| **သဒ္ဒါ** - စိတ်ကိုကြည်လင်စေခြင်း၊ ပြတ်သားစေခြင်း၊ ဆုံးဖြတ်စေခြင်း | **မျက်စိ** - မြင်ခြင်းကိစ္စ |
| **ဝီရိယ** - ထောက်ပံ့ကူညီပေးခြင်း၊ တွန်းအားပေးခြင်း | **နား** - ကြားခြင်းကိစ္စ |
| **သတိ** - အမှတ်ရစေခြင်း | **နှာခေါင်း** - အနံ့ခံခြင်း (နမ်းရှုခြင်း) ကိစ္စ |
| **သမာဓိ** - ဦးဆောင်မှုပေးခြင်း၊ စုစည်းပေးခြင်း | **လျှာ** - အရသာသိခြင်း ကိစ္စ |
| **ပညာ** - ဆုံးဖြတ်ခြင်း၊ အလင်းရောင်ပေးခြင်း | **ခန္ဓာကိုယ်** - ထိတွေ့ခြင်း ကိစ္စ |

## ၂။ အဒ္ဓါနဝဂ်

## ၁၇-ဓမ္မသန္တတိပဉှ

**ဓမ္မသန္တတိ** = ကိလေသာမကင်း၍ ပြန်မွေးသော ပုဂ္ဂိုလ်နှင့် ပတ်သက်သော မေးခွန်း။

Q17. လူတစ်ယောက်သေပြီး မွေးလာလို့ရှိရင် အဲဒီ မွေးလာတဲ့လူဟာ ဟိုသေသွားတဲ့လူလား၊ သို့မဟုတ် နောက်တစ်ယောက်လား?

A17. ဒီလူလည်း မဟုတ်ဘူး၊ တစ်ခြားလူလည်း မဟုတ်ဘူး။ **(န စ သော၊ န စ အညော)**

နာQ. ငယ်ငယ်လေးတုန်းက အရှင်မင်းကြီးဟာ အခုက အသက်အရွယ်ရတဲ့ မိလိန္ဒမင်းကြီးလား?

မိA. ငယ်ငယ်လေးတုန်းကဟာက တစ်ခြား၊ အခု မိလိန္ဒမင်းကြီးဖြစ်နေတာက တစ်ခြားပါ။

နာ A.မိမိသည်ပင် ငယ်ရွယ်သူ ဖြစ်ခဲ့တယ်။ မိမိသည်ပင် အခု အသက်အရွယ်ကြီးသူ ဖြစ်လာတယ်။ အားလုံးဟာ ဒီကာယကိုအမှီပြုပြီး ဖြစ်နေတာတွေချည်းပဲ။

ဥပမာဆိုရသော် -

၁) လူတစ်ယောက်ဟာ ဆီမီးခွက်တစ်ခွက် ထွန်းထားရာ ဆီမီးခွက်သည် တစ်ညလုံးလင်းသော်လည်း ပထမယာမ်က မီးလျှံသည် မဇ္ဈိမယာမ်က မီးလျှံ မဖြစ်သလို၊ မဇ္ဈိမယာမ်က မီးလျှံသည် ပစ္ဆိမယာမ်က မီးလျှံ မဖြစ်ပါ။

ထိုသို့ ဆက်လက်လင်းနေခြင်းသည် ဆီနဲ့ မီးစာကို အမှီပြု၍ ဖြစ်သောကြောင့်သာ ဖြစ်သည်။

၂) မြစ်ရေများ စီးနေသလို ရှေ့ရှေ့က ချုပ်သွားသော်လည်း နောက်နောက် ရေတွေက စဉ်ဆက်မပြတ် ပေါ်နေတယ်။ ရှေ့နောက် ဆက်စပ်မှုရှိနေတယ်။

၃) နွားမတစ်ကောင်ကို နို့ညှစ်လိုက်လို့ရှိရင် နွားနို့ရတယ်။ အဲဒီနွားနို့ဟာ တစ်ရက် နှစ်ရက်ကြာရင် ဒိန်ချဉ်ဖြစ်လာတယ်။ အဲဒီ ဒိန်ချဉ်ကို ချက်လိုက်တဲ့အခါ ‘ဆီဉ’ ဖြစ်လာတယ်။ အဲဒီ ဆီဉကို ချက်လိုက်တဲ့အခါ ထောပတ်ဖြစ်လာတယ်။

နွားနို့သည်ပင်လျှင် ဒိန်ချဉ်၊ ဒိန်ချဉ်သည်ပင်လျှင် ဆီဉ၊ ဆီဉသည်ပင်လျှင် ထောပတ်လို့ ပြောလို့ မရပါ။ နွားနို့ကို အမှီပြုပြီး ပြောင်းသွားတယ်လို့ပဲ ပြောရမယ်။

**မှတ်ဖွယ်။**

Q.လူတွေမှာ အတိတ်ဘဝက အမှတ်အသားတွေ၊ အတိတ် ဘဝက အခြေအနေတွေ ပြန်ပြီးပါလာတယ်/ လူတစ်ယောက် သေသွားတဲ့အခါ ဒီဘဝက အမှတ်အသား နောင်ဘဝ ပါသွားတာမျိုး ရှိတယ်။ အဲဒါကျ ဘယ်လိုပြောမလဲ?

A. မသေခင် စွဲလမ်းမှု ဥပါဒါန်ကြောင့်သာဖြစ်သည်။

**မိလိန္ဒမင်းကြီး၏ "ငယ်ငယ်လေးက တစ်ခြားလူ၊ အခု ကြီးလာတော့ တစ်ခြားလူပဲ ဖြစ်တယ်"ဟူသော အဖြေကို ရှင်နာဂသေနက စောဒက တက်ပုံ**

အရှင်မင်းကြီး၊ ဒီလိုဆိုရင်

၁။ **မာတာတိ ပိ န ဘဝိဿတိ** - မိလိန္ဒမှာ အမေဆိုတာလည်း မရှိနိုင်ဘူး၊

၂။ **ပိတာတိ ပိ န ဘဝိဿတိ**- အဖေဆိုတာလည်း မရှိနိုင်ဘူး၊

၃။ **အာစရိယောတိ ပိ န ဘဝိဿတိ**- ဆရာဆိုတာ လည်း မရှိနိုင်ဘူး။

၄။ **သိပ္ပဝါတိ ပိ** - မိလိန္ဒမင်းဟာ အတတ်ပညာ ရှင် ဆိုတာလည်း မဖြစ်နိုင်ဘူး၊

၅။ **သီလဝါတိ ပိ -** ကိုယ်ကျင့်သီလ ကောင်းသူဆိုတာလည်းမဖြစ်နိုင်ဘူး၊

၆။ **ပညဝါတိ ပိ နဘဝိဿတိ** - ပညာရှိဆိုတာလည်း မဖြစ်နိုင်ဘူး။

## **ကလလ ရေကြည်** (ovum + sperm = zygote)

မိခင်၏ ဝမ်းထဲ၌ အင်မတန်သေးငယ်သော အစက်အပြောက်လေးကို 'ကလလ ရေကြည်'ဟု ခေါ်၏။

## ကလလရေကြည်၌ အသက်ရှိ/မရှိ

၁။ ကနေ့ခေတ် ဆေးပညာမှာ ကလလအဆင်း၌ အသက်ရှိတယ်လို့ မယူဆ။

၂။ မြတ်စွာဘုရား၏ တရားတော်အရ ကလလရေကြည် အချိန်ကစပြီး အသက်ရှိနေပြီ။ အသက်ရှိလို့ ကြီးထွားလို့ရ၏။ ထို့ကြောင့် ကလလရေကြည် အဆင့်မှာ ကိုယ်ဝန်ကျဆေး ပေးတာကအစ ရဟန်းတို့၌ ပါရာဇိကကျ၏။ လူသတ်မှုမြောက်တယ်။

**မနုဿဝိဂ္ဂဟ = လူသား**လို့ သတ်မှတ်ခြင်းသည် ဘဝသစ်မှာ ပထမဆုံး ပေါ်လာသော ပဋိသန္ဓေဝိညာဏ် စိတ်ကစပြီး သတ်မှတ်တာ ဖြစ်၏။ ကလလရေကြည်အဆင့်မှစပြီး လူသားလို့ သတ်မှတ်၏။

## ကြက်ဥပြဿနာ

ကြက်ဥထဲမှာ သန္ဓေသား ပါလာတယ်။ (မပါဘူးဆိုရင် ကြက်ဥက ပုပ်သွားမယ်၊ ကြီးထွားလာဖို့ မဖြစ်နိုင်။) ကံတရားကြောင့် ကြက်ဥထဲမှာ သန္ဓေသား ဖြစ်တယ်။ ဒီကြက်ဥဟာ တဖြည်းဖြည်းပြောင်းလာတာ ဖြစ်တယ်။ ကြက်ဥထဲမှာ သန္ဓေရှိမှန်း သိရက်နဲ့ ဖျက်ဆီးရင်တော့ အကုသိုလ်ဖြစ်မယ်။

**ကလလရေကြည်အဆင့်မှစပြီး လူသားဟု သတ်မှတ်ခြင်း / လူသားတစ်ယောက်၏ ရုပ်ခန္ဓာကြီး, ကြီးထွားဖွံ့ဖြိုးတိုးတက်လာပုံ**

ကလလ စသည်နှင့် ပတ်သက်ပြီးမြတ်စွာဘုရား ဟောတော်မူပုံမှာ -

**ပထမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ၊ အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတိ ဃနော၊ ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ, လောမာ, နခါ ပိစ' ။**

၁။ ပထမရက်တစ်ပါတ်မှာ - ကလလ ဟူသော **ရေပေါက်** ဖြစ်၏။

၂။ ရက်သတ္တတစ်ပတ်ကြာသောအခါ - အမြှုပ် (**အဗ္ဗုဒ**) ဖြစ်လာ၏။

၃။ အမြှုပ်က တစ်ပတ်ကြာသောအခါ - အနှစ် (**ပေသိ**) ဖြစ်လာ၏။

၄။ အနှစ်က နောက်တစ်ပတ်ကြာသောအခါ- အတုံးအခဲ (**ဃန**) ဖြစ်လာ၏။

၅။ အတုံးအခဲက နောက်တစ်ပတ်ကြာသောအခါ - ခက်မငါးဖြာ (**ပသာခါ**) ပေါ်လာ၏။

(**ခက်မငါးဖြာ** = တစ်ခုက ခေါင်း၊ နှစ်ခုက လက်နှစ်ဖက်၊ နောက်နှစ်ခုက ခြေနှစ်ဖက် အရာပေါ်လာတယ်။)

၆။ နောက်ရက်ပတ်တို့၌ - **ဆံပင်၊ခြေသည်း၊ လက်သည်း စသည်**တို့ ပေါ်လာ၏။

**[အညော ဥပ္ပဇ္ဇတိ၊ အညော နိရုဇ္ဈတိ** ဟူသည် - တစ်ခုက ဖြစ်လာ၏။ တစ်ခုက ချုပ်သွား၏။]

## ၁၈-ပဋိသန္ဓဟနပဉှာ

**(Rebirth) ပြန်မွေးရခြင်းအကြောင်းမှာ** - ကံနှင့် ကိလေသာ ဖြစ်၏။

| **Causes** | **Producing** | **Supporting** |
|---|---|---|
| **ပြန်မွေးရခြင်း အကြောင်း** | ကံတရား | ကိလေသာ |
| | ဟေတု | ပစ္စယ |
| | ဇနက (ထုတ်လုပ်တဲ့အကြောင်း) | ဥပတ္ထမ္ဘက (ထောက်ပံ့ကူညီတဲ့ အကြောင်း) |
| **ဥပမာ** | မျိုးစေ့ (seed) | မြေ+ရေ (soil+water) |

[သုတ္တန်ပါဠိတော်တွေမှာ ဟေတုနဲ့ပစ္စယ နှစ်ခုတွဲဖက်ပြီး ပြောတဲ့အခါ, **ဟေတု**ဆိုတာ **ဇနက**- ထုတ်လုပ်တဲ့အကြောင်း၊ **ပစ္စယ**ဆိုတာ **ဥပတ္ထမ္ဘက** - အကူအညီအကြောင်း]

Q18. နောင်ဘဝမှာ ပြန်မမွေးဘူးဆိုရင် အဲဒီပုဂ္ဂိုလ်က ပြန်မမွေးတော့ဘူးဆိုတာ သိသလား?
A18. ပြန်မမွေးဘူးဆိုတာ သိပါတယ်။

Q18.1. သူပြန်မမွေးဘူးဆိုတာ သူဘယ်လိုလုပ် သိသလဲ?
A18.1. ပြန်လည်မွေးဖွားခြင်းကို ဖြစ်စေတတ်တဲ့အကြောင်း၊ ထောက်ပံ့ ကူညီတတ်တဲ့အကြောင်း၊ အဲဒီအကြောင်း နှစ်ခု ရပ်စဲချုပ်ငြိမ်းသွား တာကိုသိပြီး ပြန်မမွေးဘူးလို့ သိတာဖြစ်တယ်။
ဥပမာဆိုရသော် -

လယ်သမားဟာ သူ့မြေကွက်မှာ ထွန်ယက်စိုက်ပျိုးပြီး ရလာတဲ့စပါးတွေနဲ့ စပါးကိုဒေါင်ကြီးကို ဖြည့်တင်းတယ်။ တစ်ချိန်မှာ လယ်သမားက လယ်ယာလုပ်ငန်းကို မလုပ်နိုင်တော့တဲ့အခါ (စပါးကိုဒေါင်ကြီး ထပ်ဖြည့်ဖို့ အကြောင်းတရားတွေ သူ,မလုပ်တော့သောအခါ) ငါ စပါးကိုဒေါင်ကြီးကို ဖြည့်နိုင်တော့မှာ မဟုတ်ဘူးဟု သိနိုင်သကဲ့သို့။

ထို့အတူ နောင်ဘဝဖြစ်ဖို့ ကံဟူသောထုတ်လုပ်သည့် အကြောင်းတရား၊ ကိလေသာဟူသော အကူအညီ အကြောင်းတရားများ ရပ်စဲသွားပြီ။ (နောင်ဘဝ ပြန်လည်မွေးဖွားစေနိုင်သော အကြောင်းတရားတွေ ရပ်စဲသွားပြီ) ဆိုတာကိုသိလို့ သူဟာ နောင်ဘဝ မမွေးတော့ဘူးဆိုတာ သိခြင်းဖြစ်ပါသည်။

## ၁၉-ဉာဏပညာပဥှာ

**ဉာဏ်** (ဉာဏအသိ) - သင်ကြားမှုကို အခြေခံပြီး သိသော အသိ။ (knowledge)

**ပညာ** (ပညာအသိ) - ဉာဏ အသိကို အခြေခံပြီး လက်တွေ့စမ်းသပ်၍ သိသော အသိ (ဉာဏအသိကို အခြေခံပြီး နားလည်နိုင်စွမ်းရှိသော အရည်အချင်း)။ (wisdom)

Q19. ဉာဏ်ဖြစ်တဲ့ပုဂ္ဂိုလ်မှာ ပညာဖြစ်သလား?
A19. ဉာဏ်ဖြစ်တဲ့ပုဂ္ဂိုလ်မှာ ပညာဆိုတာ ဖြစ်တယ်။

Q19.1. အဲဒီဉာဏ် သည်ပင်လျှင် ပညာလား?
A19.1. ဉာဏသည်ပင်လျှင် ပညာဖြစ်၏။

Q19.2. ပုဂ္ဂိုလ်တစ်ယောက်တည်းမှာ အဲဒီ ဉာဏ်သည်ပင်လျှင် ပညာအနေနဲ့ ဖြစ်တယ်ဆိုလျှင် အဲဒီပုဂ္ဂိုလ်မှာ တွေဝေမှု ရှိသလားသို့မဟုတ် တွေဝေမှု မရှိဘူးလား?
A19.2. တစ်ချို့ကိစ္စမှာတော့ တွေဝေမှုဖြစ်တယ်၊ အချို့ကိစ္စ မှာတော့ တွေဝေမှုမဖြစ်ပါ။

Q19.3. ဘယ်နေရာ ဘယ်ကိစ္စမျိုးမှာ တွေဝေတတ်သလဲ။”

A19.3. ထိုပုဂ္ဂိုလ်၌ ဉာဏ်ရှိသော်လည်း ဘယ်တုန်းကမှ မရောက်ဖူးတဲ့ နေရာ၊ မသင်ဘူးတဲ့ အတတ်ပညာ၊ မကြားဖူးတဲ့စကား၊စသည်တို့မှာ အတွေ့အကြုံ မရှိသည့်အတွက်ကြောင့် ဉာဏ်လည်းမဖြစ်၊ ပညာလည်းမဖြစ်ဘဲ တွေဝေ၏။

Q19.4. ဘယ်လိုနေရာမှာ မတွေဝေတုန်း?

A19.4. ပညာဖြင့်သိထားပြီးဖြစ်သော မမြဲဘူး-အနိစ္စ၊ ဆင်းရဲတယ်- ဒုက္ခ၊ ကိုယ်မပိုင်ဘူး - အနတ္တ ဟူသော သဘာဝတရားတို့၌ တွေဝေမှု ကင်း၏။

Q19.5. အဲဒီလို ဉာဏ် ဖြစ်လာပြီဆိုရင် တွေဝေတယ်ဆိုတဲ့ မောဟက ဘယ်ရောက်သွား သလဲ?

A19.5. အသိဉာဏ်ဝင်လာတာနဲ့ တစ်ပြိုင်နက် တွေဝေမှု - မောဟဟာ ဘယ်ကိုမှ ရောက်သွားတာ မဟုတ်ဘဲ အဲဒီနေရာမှာတင် ပျောက်ကွယ်သွားတယ်။

ဥပမာဆိုရသော် -

မှောင်နေတဲ့ အိမ်ထဲမှာ မီးအလင်းတိုင်လေး ထွန်းလိုက်တဲ့အခါ အခန်းထဲက အမှောင်တွေဟာ အခန်းထဲမှာပဲ ပျောက်ကွယ်သွားသကဲ့သို့။

Q19.6. အဲဒါဆိုလို့ရှိရင် ပညာက ဘယ်ရောက်သွားလဲ?

A19.6. ပညာက သူ့အလုပ်လုပ်ပြီး (သဘာဝတရားကို မမြဲဘူး။ ဆင်းရဲတယ်။ အတ္တမဟုတ်ဘူး ဟုသိခြင်း ကိစ္စ)တဲ့နောက်မှာ အဲဒီနေရာမှာပဲ ချုပ်သွားတယ်။

ပညာ ချုပ်ငြိမ်းသွားသော်လည်းပဲ ပညာနဲ့ သိထားတဲ့ မမြဲတဲ့သဘာဝ၊ ဆင်းရဲတဲ့သဘာဝ၊ ကိုယ်မပိုင်တဲ့ သဘာဝ ကတော့ ချုပ်သွားတာ မဟုတ်ဘူး။ ရှိနေတယ်။

ဥပမာဆိုရသော် -

၁) လူတစ်ယောက် ညအခါ စာရေးစရာရှိလို့ မီးထွန်းပြီး စာရေးတယ်၊ ပြီးတော့ မီးငြိမ်းလိုက်ပေမယ့် ရေးထားတဲ့ စာတွေ ပျောက်မသွားသလို အသိပညာဖြင့် ဆုံးဖြတ်မြင်ထားတဲ့ အကြောင်းအရာတွေဟာ ပျောက်မသွားပါ။

၂) အရှေ့ပိုင်းနိုင်ငံတွေမှာ မီးဘေးကာကွယ်ရေးအတွက် အိမ်တိုင်းအိမ်တိုင်းမှာ ရေအိုးငါးလုံး ဆောင်ထားရတယ်။ အိမ်မီးလောင်တဲ့အခါမှာ ရေအိုးတွေ အိမ်ပေါ် ပစ်တင်ကြပြီး မီးငြိမ်းသတ်တယ်။ အဲဒီရေအိုးတွေနဲ့ပတ်သက်ပြီး နောက်ထပ် လုပ်စရာ မရှိဘူး။ ပြီးသွားပြီဖြစ်၍ ဒီရေအိုးတွေကို ထပ်သုံးဦးမယ်ဆိုတဲ့ စိတ်ကူး မရှိတော့သကဲ့သို့။

**ထို့အတူ ယောဂီပုဂ္ဂိုလ်၌ ဣန္ဒြေငါးပါး (စိတ်အရည်အချင်း ၅ရပ်) -သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ရှိ၏။**

ဝိပဿနာတရား အားထုတ်ပြီဆိုရင် သဒ္ဓါဆိုတဲ့ ယုံကြည်ချက်ရှိသည့် အားလျော်စွာ ကြိုးစားအားထုတ်မှု ဝီရိယ၊ စိတ်နဲ့လုပ်ရမယ့် အာရုံယူရမယ့်အပေါ်မှာ အမှတ်ရမှု သတိ၊ စိတ်အားလုံးကို စုစည်းထားနိုင်မှု သမာဓိနဲ့ အမှန်သိအောင် စွမ်းဆောင်မှု ပညာဆိုတဲ့ စွမ်းအားရှိတဲ့ သဘာဝတရားတွေ လုပ်ဆောင်နေကြတယ်။ ရေအိုး

ငါးလုံးကို မီးငြိမ်းတဲ့အခါမှာ အသုံးပြုလိုက်သလို သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဆိုတဲ့ ဣန္ဒြေငါးမျိုး စွမ်းအားနဲ့ ကိလေသာမီးကို ငြိမ်းသတ်ကြတယ်။ အဲဒီလို ငြိမ်းသတ် လိုက်တဲ့အခါမှာ ကိလေသာ နောက်ထပ် ပြန်မဖြစ်နိုင်တော့ဘူး။

၃) ဗိန္ဓောဆရာတစ်ဦးဟာ ဆေးမြစ်ငါးမျိုး ပေါင်း၍ ဖော်စပ်ပြီး နေမကောင်းတဲ့လူကို ဆေးတိုက်ကာ ဖြစ်နေတဲ့ ရောဂါကို ကုသတယ်။ အဲဒီလို ကုလိုက်လို့ဖြစ်နေတဲ့ရောဂါ ပျောက်သွားပြီဆိုလို့ရှိရင် ဆေးဆရာဟာ ဒီဆေးကို သူပြန်သုံးမယ်လို့ သူ့စိတ်ထဲမှာ မရှိတော့သကဲ့သို့။

၄) စစ်မြေပြင်မှာ လေးလက်နက်ကို ကိုင်ပြီး ရန်သူကို တိုက်ပွဲဝင်တဲ့ စစ်သူရဲ ကောင်းတစ်ယောက်ဟာ မြားငါးစင်းနဲ့ ရန်သူတွေကို ချေမှုန်း လိုက်လို့နိုင်သွားရင် အဲဒီမြားတွေကို ပြန်သုံးဦးမယ်လို့ သူ့မှာ စိတ်ကူးမရှိတော့သကဲ့သို့။

## ၂၀-ပဋိသန္ဓဟနပုဂ္ဂလဝေဒိယနပဉှာ

Q20. နောက်ဘဝမှာ ပြန်လည်မွေးဖွားခြင်း မရှိတဲ့ပုဂ္ဂိုလ် (ရဟန္တာ)ဟာ တစ်စုံတစ်ခုသော ဒုက္ခမျိုးကို ခံစားရသေးသလား?

A20. ဒုက္ခဝေဒနာ တစ်ချို့ကိုတော့ ခံစားရပြီး ဒုက္ခဝေဒနာ တစ်ချို့ကို မခံစားရပါ။

**သုခ = ကာယိကသုခ၊ စေတသိက သုခ**

ကိုယ်ကာယနဲ့ဆက်စပ်ပြီး ကိုယ်ကာယမှာ စတင်ဖြစ်ပေါ်လာပြီး စိတ်မှာခံစားရသော သုခဝေဒနာ- **ကာယိကသုခ။**

ကိုယ်ကာယနဲ့ ဆက်စပ်မှုမရှိဘဲနဲ့ စိတ်မှာ စတင်ဖြစ်ပေါ်လာသော သုခဝေဒနာ- **စေတသိကသုခ။**

**ဒုက္ခ = ကာယိကဒုက္ခ၊ စေတသိက ဒုက္ခ**

ကိုယ်ကာယနဲ့ ဆက်စပ်ပြီး ကိုယ်ကာယ မှာ စတင်ဖြစ်ပေါ်လာသော ခံရခက်တဲ့ဝေဒနာ- **ကာယိကဒုက္ခ။**

စိတ်မှာ ဖြစ်ပေါ်တဲ့ ခံရခက်တဲ့ဝေဒနာ - **စေတသိက ဒုက္ခ။**

**စာပေကျမ်းဂန်၌**

ကာယိကသုခ = သုခ။ စေတသိကသုခ = သောမနဿ။ ကာယိကဒုက္ခ = ဒုက္ခ။ စေတသိကဒုက္ခ = ဒေါမနဿ

**ကာယိကသုခဖြစ်ပုံ**

လူတို့၌ စိတ်ခံစားမှုရှိ၏။ နွေရာသီမှာပူအိုက်သောအခါ - Air-conနှင့် နေရ၍ / သစ်ပင်ရိပ်အောက် ဝင်လိုက်၍/ ရေအေးအေးလေး ချိုးလိုက်၍ အေးမြမှုကိုခံစားရ၏။ မာကျောမှုမရှိသော အိအိစက်စက် မွေ့ယာလေးနှင့် အိပ်လိုက်၍ အိပ်လို့ ပိုကောင်းလာခြင်း။ ထိုကဲ့သို့ ခန္ဓာကိုယ်နှင့် ဆက်စပ်ပြီး ဖြစ်ပေါ်လာသော ချမ်းသာမှုကို ကာယိကသုခ ဟုဆိုရ၏။ (ရုပ်ခန္ဓာကိုယ်ကြီးပေါ်တွင် စတင်ပြီး စိတ်ထိ ရောက်သွားသော `ခံစားမှု)

**စေတသိကသုခဖြစ်ပုံ**

လူတို့၌ စိတ်ခံစားမှုရှိ၏။ နေပူထဲ ပင်ပင်ပန်းပန်း ချွေးတဒီးဒီးနှင့် အလုပ်လုပ်နေချိန်တွင် - ထီပေါက်တယ်/ ရာထူးတိုးတယ်/ ကိုယ်လုပ်ထားတဲ့ အလုပ်တစ်ခုခု အောင်မြင်တယ်လို့ သတင်းကြားလိုက်ရတာနှင့် တစ်ပြိုင်နက် စိတ်ထဲ၌ ပျော်သွားခြင်း။ ထိုကဲ့သို့ စိတ်နှင့် ဆက်စပ်ပြီး ဖြစ်ပေါ်လာသော ချမ်းသာမှုကို စေတသိကသုခ (သောမနဿ)ဟုဆိုရ၏။ (စိတ်ကစပြီး စိတ်မှာပဲဖြစ်သောခံစားမှု။)

**ကာယိကဒုက္ခဖြစ်ပုံ**

လူတို့၌ စိတ်ခံစားမှုရှိ၏။ သွားကိုက်ခြင်း/ နားကိုက်ခြင်း/ နေထိုင်မကောင်းခြင်းစသော ခန္ဓာကိုယ်နှင့် ဆက်စပ်ပြီး ဖြစ်ပေါ်လာသော ပင်ပန်းဆင်းရဲမှု ဖြစ်ခြင်းသည် ရုပ်ခန္ဓာကိုယ်ကစတင်သော်လည်း စိတ်ပါ ကူးစက်သွား၏။ ရုပ်ခန္ဓာမှာ စတင်ပြီး စိတ်ထိအောင် ထိခိုက်သွားသော ဒုက္ခမျိုးကို ကာယိကဒုက္ခဟု ဆိုရ၏။

**စေတသိကဒုက္ခဖြစ်ပုံ**

လူတို့၌ စိတ်ခံစားမှုရှိ၏။ သူငယ်ချင်း အပေါင်းအသင်းတွေနှင့် ပျော်နေသောအချိန်မှာ -ကိုယ်မဖြစ် ချင်သော သတင်းတစ်ခုခုကို ကြားလိုက်တာနှင့် တစ်ပြိုင်နက် ပျော်ရွှင်နေသော စိတ်တို့က ဝမ်းနည်း ကြေကွဲမှု (စိုးရိမ်သောက) ဘက်ကို ရောက်သွားခြင်း။ စိတ်မှာပဲ စတင်ပြီး စိတ်မှာခံစားရသော ဒုက္ခမျိုးကို စေတသိကဒုက္ခ (ဒေါမနဿ) ဟုဆိုရ၏။

**အာရုံနှင့် ဝေဒနာ -**

အဆင်း (အမြင်)အာရုံ၌ ကိုယ်ကြိုက်လျှင် သုခ၊ မကြိုက်လျှင် ဒုက္ခ ဖြစ်၏။ (ကြွင်းနည်းတူ)

**ရဟန္တာနှင့် ဝေဒနာ**

သာမန်လူတွေလိုပဲ ရဟန္တာပုဂ္ဂိုလ်မှာ ကျန်းမာရေးကောင်းလို့ အဆင်ပြေနေ အခါမှာ ကာယိကသုခဖြစ်တယ်။ တရားနှလုံးသွင်းနေတဲ့အခါမှာ တရားဓမ္မကို အာရုံပြုပြီး သောမနဿဆိုတာ ဖြစ်တယ်။ တစ်ချို့ ဒုက္ခဝေဒနာကို ခံစားရသေးတယ်။ တစ်ချို့ ဒုက္ခဝေဒနာကိုတော့ မခံစားရဘူး။

Q20.1. ဘယ်ဒုက္ခကို ခံစားရပြီး ဘယ်ဒုက္ခကို မခံစားရပါသလဲ။

A20.1. ရဟန္တာပုဂ္ဂိုလ်တို့သည် ကာယိကဒုက္ခကို ခံစားရသော်လည်း စိတ်ထဲ၌ ခံပြင်းမှုကိုဖြစ်စေတတ်သော ဒေါသ မရှိသောကြောင့် ဒေါသနှင့် တွဲဖက်လာသော ဒေါမနဿဝေဒနာသည်လည်း မဖြစ်၍ စေတသိကဒုက္ခကို မခံစားရခြင်းဖြစ်ပါသည်။

(ကာယိကဒုက္ခကတော့ ဘုရား၊ ရဟန္တာလည်း မလွတ်ဘူး။ ရဟန္တာဖြစ်ပေမယ်လို့ ခေါင်းကိုက်ချင် ကိုက်မှာပဲလေ။ သွားနာချင် နာမှာ၊ ကျောအောင့်ချင်အောင့်မှာ။ မြတ်စွာဘုရားကိုယ်တိုင်ပဲ တရားဟောရင်းက ကျောအောင့်လို့ **“ပိဋ္ဌိမေ အာဂိလာယတိ-** ငါ ကျောညောင်းနေတယ်။ ခဏဆန့်လိုက်ဦးမယ်”လို့ မိန့်တယ်။)

**မြတ်စွာဘုရား၏ ကာယိကဒုက္ခဖြစ်ပုံ**

ဂိဇ္ဈကုဋ်တောင်စောင်း ကမ္မဋ္ဌာန်းကျောင်းအနီး လမ်းလျှောက်နေချိန် ကြိုတင်စီမံထားသော ကျောက်တုံး ကြီးကို ဒေဝဒတ်သည် လိမ့်ချ၏။ ကံအားလျော်စွာ လိမ့်ကျလာသော ကျောက်တုံးကြီးသည် ကျောက် ဆောင် တစ်ခုနှင့် ဝင်ဆောင့်လိုက်၍ ကျောက်ဖတ်တစ်ခု ပဲ့ထွက်လာပြီး မြတ်စွာဘုရား၏ ခြေထောက်ကို လာမှန်၏။ မြတ်စွာဘုရား၌ အင်မတန်မှ နာကျင်သော ဒုက္ခဝေဒနာ ဖြစ်၏။ အနီးအပါးရှိ ရဟန်းတော်များ ဝိုင်းအုံရောက်လာပြီး မြတ်စွာဘုရား ကို ထမ်းစင်ပေါ်တင်ကာ ဇီဝကကြီး၏ သရက်ဥယျာဉ်ကျောင်းသို့ ပင့်သွားကြသည်။ ဆရာဇီဝကကြီးက ဆေးကုပေး၏။ မြတ်စွာဘုရားသည် ကာယိကဒုက္ခ နာကျင်မှု အပေါ် စေတသိကဒုက္ခ ဖြစ်တာမျိုး မရှိပါ။ ရုပ်ခန္ဓာက နာနေသော်လည်း စိတ်က မနာပါ။

**သံယုတ္တနိကာယ်၊ သကလိကသုတ်**

**မြတ်စွာဘုရား ခြေထောက် ဒဏ်ရာရသွားသည်ကို သတင်းလာမေးကြသူများ + ချီးမွမ်းသွားကြပုံ**

ညသန်းခေါင်ယံ လူသံတိတ်ဆိတ်သွားချိန်၌ စာတုမဟာရာဇ် နတ်မင်းကြီးများ၊ သိကြားမင်း၊ ဗြဟ္မာမင်း တို့သည် အရောင်တဝင်းဝင်းနှင့် မြတ်စွာဘုရား သီတင်း သုံးသော ကျောင်းလာပြီး သတင်းမေးကြပြီးလျှင် မြတ်စွာဘုရားကို အံ့သြဖွယ်ကောင်းလိုက်တာ၊ ဒီလောက် ဒဏ်ရာပြင်းတာတောင် မငြီးဘူး၊ အပြုံးမပျက် ဘူးဟု ချီးမွမ်းသွားကြ၏။

**သံယုတ္တနိကာယ်၊ သလ္လသုတ်**

ပုထုဇဉ် ပုဂ္ဂိုလ်တွေ တရားမပြည့်တဲ့ပုဂ္ဂိုလ်တွေဟာ ရုပ်ခန္ဓာကိုယ်ကြီးမှာ တစ်ခုခု ဒုက္ခဖြစ်ပြီဆိုရင် စိတ်ဆင်းရဲမှုက တွဲဖက်လာတယ်။ အဲဒီလို တွဲဖက်လာရုံတင်မကဘူး၊ ဒီဒုက္ခကြီးက လွတ်ချင်လိုက် တာလို့ဆိုတဲ့ အတွေးကလည်း ဝင်လာပြန်တယ်။”

**ပုထုဇဉ်တွေမှာ** ပထမ ကာယိကဒုက္ခဆိုတဲ့ မြားတံစူးတယ်၊ အဲဒီပေါ်မှာ စိတ်ဆင်းရဲမှု ထပ်ပြီး ပိုးလိုက် သည့်အတွက် စေတသိကဒုက္ခလို့ဆိုတဲ့ ဒုတိယမြားတံတစ်ခု ထပ်စူးတယ်။ အဲဒီပေါ်မှာ ဒီဒုက္ခတွေကလွတ်ချင်တဲ့ စိတ်နဲ့ မငြိမ်မသက်ဖြစ်ပြီး တောင်းဆိုမှုတွေကြောင့် နောက်မြားတံတစ်ခုထပ်စူးပြန်တယ်။ တစ်ခါ တစ်ခါဒုက္ခ ဖြစ်ရင် သုံးချက် သုံးချက် အစူးခံရတယ်။

**အရိယာ, ဘုရား, ရဟန္တာ**တို့၌ မြားတံတစ်ချက်နဲ့ပဲ ရပ်သွား၏။ ဒုတိယမြားတံ၊ တတိယမြားတံ မလာတော့ပါ။

**နကုလပိတုသုတ်**

နကုလပိတာ ဒကာကြီးကို မြတ်စွာဘုရားက ရုပ်ခန္ဓာကိုယ် နာချင်နာပါစေ၊ စိတ်မနာပါစေနဲ့ဟု ဆုံးမ၏။ (ရဟန္တာဖြစ်အောင် ကျင့်ခိုင်းတာဖြစ်သည်) **ပုထုဇဉ်တို့သည်** ရုပ်ခန္ဓာကိုယ်နာလျှင် စိတ်နာမှု (ဖြစ်ရလေခြင်းဟူသော စိတ်ခံစားမှု)က တွဲဖက်လာ၏။ **ရဟန္တာပုဂ္ဂိုလ်တို့ကား** ဖြစ်ရလေခြင်းဟူသော စေတသိကဒုက္ခ မလာဘဲ၊ ကာယိကဒုက္ခကို ရှုမှတ်ပြီး ထိုကာယိကဒုက္ခ လွတ်မြောက်ဖို့ရာ ကြိုးစားနိုင်သွား၏။

Q20.2. ကာယိကဒုက္ခကို ခံစားရတယ်၊ စေတသိက ဒုက္ခဝေဒနာကို မခံစားရဘူး ဘာကြောင့်လဲ?

A20.2. ကာယိကဒုက္ခ ဖြစ်ပေါ် စေတတ်တဲ့ အကြောင်းတရားတွေ မကင်းသေးလို့ ကာယိကဒုက္ခကို ခံစားရတာ ဖြစ်သည်။ (ခန္ဓာကိုယ်ကြီးရှိနေသမျှ ခန္ဓာကိုယ်ကြီးရဲ့ ဒုက္ခကို ခံရခြင်း - သွား/နား ကိုက်ခြင်း၊ ကျောအောင့်ခြင်း၊ နေထိုင်မကောင်းဖြစ်ခြင်း၊ ရောဂါ ဝေဒနာရရှိခြင်း)

စေတသိကဒုက္ခကို ဖြစ်စေနိုင်တဲ့အကြောင်းတရား လုံးဝပြတ်စဲသွားသောကြောင့် စေတသိကဒုက္ခကို မခံစားရပါ။

(ရဟန္တာပုဂ္ဂိုလ်မှာ သူ့ခန္ဓာကိုယ်တောင် သူ ချစ်ခင်မှု မရှိတော့၍ သောကဆိုတာ ဖြစ်မလာခြင်း ဖြစ်၏။ ပုထုဇဉ်တွေမှာတော့ ချစ်ခင်မှုကြောင့် သောကဆိုတာ ဖြစ်လာတယ်။ **“တဏှာယ ဇာယတေ သောကော၊ ကာမတော ဇာယတေ သောကော၊ ပေမတော ဇာယတေ သောကော”** တဏှာ၊ ကာမ၊ ပေမ တို့ကြောင့် သောကဖြစ်၏)

Q20.3. ရဟန္တာပုဂ္ဂိုလ်ကြီးဟာ ကာယိကဒုက္ခဝေဒနာကို ခံစားရပါလျက်နဲ့ ဘာဖြစ်လို့ ပရိနိဗ္ဗာန် မစံသလဲ?

A20.3 ရဟန္တာပုဂ္ဂိုလ်ကြီးသည် ကာယိကဒုက္ခဝေဒနာကို ခံစားရပါလျက် ပရိနိဗ္ဗာန် မစံရခြင်းမှာ ရဟန္တာပုဂ္ဂိုလ်၌ တွယ်တာမှု လိုက်လျောမှုဆိုသော လောဘ၊ ဆန့်ကျင်မှုဆိုသော ဒေါသ မရှိသောကြောင့် ဖြစ်ပါသည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် သရက်သီးအစိမ်းကို မှည့်အောင် မလုပ်သလို သေချိန်မတန်သေးရင် အတင်းမသေ၊ အချိန်ကို စောင့်ကြပါသည်။

## ရှင်သာရိပုတ္တရာမထေရ်မြတ် ဟောခဲ့သောစကား

**"နာဘိနန္ဒာမိ မရဏံ၊ နာဘိ နန္ဒာမိ/ကင်္ခါမိ ဇီဝိတံ၊ ကာလဥ္စ ပဋိကင်္ခါမိ၊ သမ္ပဇာနော ပဋိဿတော။"**

**နာဘိနန္ဒာမိ မရဏံ** - သေဆုံးမှုကိုလည်း သူ မလိုလားဘူး၊

**နာဘိနန္ဒာမိ ဇီဝိတံ-** အသက်ရှင်နေမှုကိုလည်း သူ မလိုလားဘူး၊

**ကာလဥ္စ ပဋိကင်္ခါမိ** - သေမယ့်အချိန်လေးကိုတော့ သူက စောင့်ဆိုင်းပေးနေတယ်။

(ဥပမာ - **နိဗ္ဗိသံ ဘတကော ယထာ** ဝန်ထမ်းတစ်ယောက် လခရမယ့်နေ့ကို မျှော်လင့်ထားသလို။)

**သမ္ပဇာနော ပဋိဿတော** - ဒါ သဘာဝတရားပဲ ဆိုတာ အသိဉာဏ်နဲ့ ဆင်ခြင်ထားတယ်။ /သဘာဝတရား ပေါ်မှာ စဉ်ဆက်မပြတ် သတိထားတယ်။

[**ဆိုလိုတာ** - သေချင်တာလည်း မဟုတ်ဘူး၊ နေချင်တာလည်း မဟုတ်ဘူး။ သူ့သဘာဝအတိုင်း ရှိစေတယ်။]

## ရှင်သာရိပုတ္တရာ၏ နောက်ဆုံးနေ့ရက်

တန်ဆောင်မုန်းလဆန်း(၇)ရက်လောက် အချိန်မှာ သမာပတ်ဝင်စားပြီး သမာပတ်မှထတဲ့အခါ တွေးမိတယ်။ မြတ်စွာဘုရားလည်း အသက်(၈၀)တောင် ရှိသွားပြီ။ ငါလည်း (၇၅)နှစ် ရှိပြီ။ အဲဒီတော့ ထုံးတမ်းစဉ်လာအရ ဘုရားနဲ့ တပည့်ကြီး ဘယ်သူက များ အရင် ပရိနိဗ္ဗာန်စံကြသလဲ။

[**ထုံးတမ်းစဉ်လာ- ဓမ္မနိယာမ** = ဘုရားထက်အရင် အဂ္ဂသာဝကကြီးတွေက ပရိနိဗ္ဗာန်စံလေ့ ရှိကြ၏။ ဥပမာ-ဆောင်းကုန်လို့ရှိရင် နွေရောက်တာ ဖြစ်စဉ်ပဲ။ နွေပြီးရင် မိုးလာမယ်ဆိုတာ ဖြစ်စဉ်။ မိုးပြီးရင် ဆောင်းလာမယ်၊ ဥတုသုံးပါးဆိုတာ ဒီလိုပဲ လည်ပတ်နေတယ်။]

ငါရော ဘယ်လောက်နေရဦးမလဲလို့ ကြည့်လိုက်တဲ့အခါ (၇)ရက်ဆိုရင် သက်တမ်းကုန်ပြီ၊ (၇)ရက်ပဲ ကျန်တော့တယ်ဆိုတာ သိသွားတယ်။ (၇)ရက် ကြိုတင်ပြီးတော့ သိလိုက်တဲ့အခါ ဘုရားထံ သွား ရောက်ပြီး လျှောက်တယ်။ မြတ်စွာဘုရားက ဘယ်မှာ ပရိနိဗ္ဗာန် စံမလဲလို့ မေးတဲ့အခါ မယ်တော်ကြီးက ဖြဟ္မာကိုးကွယ်တုန်းပဲ ရှိသေးတယ်။ မယ်တော်ကြီးကို နောက်ဆုံး တရားပြချင်လို့ ဇာတိ ရွာမှာ ဖြစ်ပါ့မယ်လို့ လျှောက်တယ်။

## မွေးချင်းညီကိုမောင်နှမ - ၇ ယောက်

သားလေးယောက်က ဥပတိဿ (ရှင်သာရိပုတ္တ)၊ ဥပသေန (ဒုတိယသား)၊ စုန္ဒ (တတိယသား)၊ ရေဝတ (စတုတ္ထသား)။ သမီး သုံးယောက်ကတော့ စာလာ၊ ဥပစာလာ၊ သီသုပစာလာ အားလုံးဟာ သာသနာ့ဘောင်ဝင်ပြီး ရဟန္တာချည်းပဲ ဖြစ်ကြ၏။

[**Order** = ဥပတိဿ > ဥပသေန > စာလာ > ဥပစာလာ > သီသုပစာလာ > စုန္ဒ > ရေဝတ]

ရှင်သာရိပုတ္တရာဟာ တစ်နေ့ တစ်ယူဇနာနဲ့ (၇)ရက် သွားတာ၊ လပြည့်နေ့ ဟိုရောက်၊ ညမှာ ရောဂါ ဖောက်ပြီး မနက် လင်းအားကြီးမှာ ပရိနိဗ္ဗာန်ပြုသွားတယ်။

## ၂၁- ဝေဒနာပဉှ

### အဘိဓမ္မာတရားကို မြတ်စွာဘုရား ဟောကြားသောအခါ နာမ်တရားတို့ကို သုံးမျိုးခွဲပြီး ဟောကြားပုံ

ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ (ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်း မဟုတ်)။

ကုသလ - အပြစ်ကင်းပြီး ကောင်းကျိုးချမ်းသာ ပေးတတ်တဲ့အရာ၊

အကုသလ -အပြစ်ရှိပြီး ဆိုးကျိုးကို ပေးတတ်တဲ့အရာ၊

အဗျာကတ - နှစ်မျိုးလုံးနဲ့ မသက်ဆိုင်။

Q21. သုခဝေဒနာဆိုတဲ့ ချမ်းသာတဲ့ခံစားမှုက အပြစ်ကင်းတဲ့ကုသိုလ်လား၊ အပြစ်ရှိတဲ့ အကုသိုလ်လား၊ ကုသိုလ် အကုသိုလ်နှစ်မျိုးမှ အခြားလား?
A21. သုခဝေဒနာဆိုတိုင်း ကုသိုလ်မဟုတ်။ သုခဝေဒနာဆိုတိုင်းလည်း အကုသိုလ်မဟုတ်။ သုခဝေဒနာတစ်ချို့က ကုသိုလ်နဲ့သက်ဆိုင်၏၊ တစ်ချို့က အကုသိုလ်နဲ့ သက်ဆိုင်၏။ တစ်ချို့က နှစ်မျိုးလုံး မဆိုင်ရသော အရာဖြစ်၏။

Q21.1. အကယ်၍ သုခဝေဒနာဟာ ကုသိုလ်ဆိုရင် ဒုက္ခမဟုတ်ရဘူးမဟုတ်လား?.

A21.1. ဝေဒနာဖြစ်ခြင်းသည် အကြောင်းကိုအမှီပြုပြီးဖြစ်၏၊ အကြောင်းတူသော်လည်းဝေဒနာ တစ်ခုနှင့် တစ်ခု မတူကြပါ။ ထို့ကြောင့် ကုသိုလ်ဆိုသော်လည်း ဒုက္ခဖြစ်ချင်ဖြစ်၏။ ဒုက္ခဆိုလျှင် ကုသိုလ် မဟုတ်ဘူးလို့လည်း ပြော၍မရပါ။

ဥပမာဆိုရသော် -

၁) ၂၄-ပစ္စည်း၌ အာရမ္မဏပစ္စယော၊ ဥပနိဿယပစ္စယောတို့တွင် ကုသိုလ်ကို အကြောင်းပြုပြီး ကုသိုလ် ဖြစ်သလို, အကုသိုလ်လည်းဖြစ်၏။ အကုသိုလ်ကို အကြောင်းပြုပြီး အကုသိုလ်ဖြစ်သလို, ကုသိုလ်လည်း ဖြစ်နိုင်၏။

၂) ယောကျ်ားတစ်ယောက်၏ လက်တစ်ဖက်ထဲ ရဲရဲတောက်ပူနေသော သံလုံးကြီးကို ထည့်လိုက်၏။ နောက်တစ်ဖက်ကို အေးစက်နေသော ရေခဲတုံးကြီးကို ထည့်လိုက်၏။ ထိုအခါ အပူကလည်း လက်ကိုလောင်၏။ အအေးကလည်း လက်ကိုလောင်၏။ အကယ်၍ ပူလောင်နေသော သံခဲက လောင်သည်ဆိုလျှင် နှစ်ခုစလုံးကလည်း အပူမဟုတ်။ အပူမဟုတ်သည့် အတွက်ကြောင့် လောင်တယ် ဆိုတာ မဖြစ်သင့်ပါ။ အကယ်၍ အအေးက လောင်သည်ဆိုလျှင် လည်း နှစ်ခုစလုံးက အအေးမဟုတ်သည့် အတွက်ကြောင့် လောင်တယ်ဆိုတာ မဖြစ်နိုင်ပါ။ တစ်ခုနှင့် တစ်ခုက ဆန့်ကျင်နေသော်လည်း လောင်တယ်-ဆိုတာ ဖြစ်နေပါသည်။ ထို့ကြောင့် နှစ်ခုစလုံးက လောင်တယ်လို့ပြောတာမဖြစ်နိုင်ပါ။

ထို့အတူ ကုသိုလ်ဆိုသော်လည်း ဒုက္ခဖြစ်ချင်ဖြစ်၏။ ဒုက္ခဆိုလျှင် ကုသိုလ် မဟုတ်ဘူးလို့လည်း ပြော၍မရပါ။ ဟုရှင်နာဂသေနကထောက်ပြပြီး မိလိန္ဒမင်းကြီး၏ အမေးကို ဖြေဆိုခဲ့ပါသည်။

**ဝေဒနာ ၃ မျိုး**

ကာမဂုဏ်တွေကို အမှီပြုပြီး အလိုကျလျှင် သောမနဿ၊

ကာမဂုဏ်တွေကို အမှီပြုပြီး အလိုမကျလျှင် ဒေါမနဿ၊

ကာမဂုဏ်အာရုံပေါ်မှာ ဝမ်းသာ- ဝမ်းနည်း မဟုတ်ဘဲ၊ အသင့်အတင့် ခံစားမှုဆိုလျှင် ဥပေက္ခာ

**ဝေဒနာ ၆ မျိုး**

ဂေဟနိဿိတ သောမနဿ၊ နေက္ခမ္မနိဿိတ သောမနဿ

ဂေဟနိဿိတ ဒေါမနဿ၊ နေက္ခမ္မနိဿိတ ဒေါမနဿ

ဂေဟနိဿိတ ဥပေက္ခာ၊ နေက္ခမ္မနိဿိတ ဥပေက္ခာ

**ဝေဒနာ ၁၀၈ ပါး**

တစ်ခုတစ်ခုကို အာရုံ(၆)ပါးနဲ့ မြှောက်လိုက်တဲ့ အခါ

ဂေဟနိဿိတ သောမနဿ - (၆)

နေက္ခမ္မနိဿိတ သောမနဿ - (၆)

ဂေဟနိဿိတ ဒေါမနဿ - (၆)

နေက္ခမ္မနိဿိတ ဒေါမနဿ - (၆)

ဂေဟာနိဿိတ ဥပေက္ခာ - (၆)
နေက္ခမ္မနိဿိတ ဥပေက္ခာ - (၆)
ပေါင်း ဝေဒနာ = (၃၆)မျိုး
၃၆-မျိုးကို ကာလသုံးပါးနှင့်မြှောက်လျှင်
၃၆ x၃ = ဝေဒနာပေါင်း (၁၀၈)ပါး
(အဆင်း, အသံ, အနံ့, အရသာ, အထိ အတွေ့, ကြံတွေးအာရုံ = အာရုံ(၆)ပါး)

**ဂေဟ -**

လူတို့ပျော်မွေ့သော အာရုံများသည် စိတ်၏ နေထိုင်ရာ ဖြစ်သောကြောင့် ဂေဟ မည်၏။ /ကာမဂုဏ် အာရုံများသည်လည်း ဂေဟ မည်၏။

**ကာမဂုဏ -**

**ကာမ** = ကျေနပ်စရာ ကောင်းသော လိုချင်စရာ ကောင်းသော၊ **ဂုဏ** = စိတ်ကို နှောင်ဖွဲ့တတ်သောအရာ။

(**မှတ်ချက်။** သီလဂုဏ်၊ သမာဓိဂုဏ် ဟုဆိုရာ၌ ဂုဏ သည် အရည်အချင်းတို့ကိုဆိုလို၏။)

**ဂေဟနိဿိတ**

၁။ ကာမဂုဏ်အာရုံတို့ကို အမှီပြု၍ ဝမ်းသာမှုသည် **ဂေဟနိဿိတ သောမနဿ** မည်၏။

၂။ ကာမဂုဏ်အာရုံတို့ကို အမှီပြု၍ ဝမ်းနည်းကြေကွဲမှုသည် **ဂေဟနိဿိတ ဒေါမနဿ** မည်၏။

၃။ ကာမဂုဏ်အာရုံတို့ကို အမှီပြု၍ အသင့်အတင့်ခံစားမှုသည် **ဂေဟနိဿိတ ဥပေက္ခာ** မည်၏။

**နေက္ခမ္မနိဿိတ**

၁။ ကာမဂုဏ်အာရုံတို့ကို စွန့်လွှတ်၍ ကမ္မဋ္ဌာန်းကျောင်းသွားကာ သမာဓိအာရုံနှင့်နေ၏၊ (သို့မဟုတ်) ဈာန်ရ၏။ ကျင့်ကြံကြိုးကုတ် အားထုတ်၍ ကာမဂုဏ်အာရုံနှင့် ဝေးတာကို ကျေနပ်မှု (သို့မဟုတ်) ဈာန်အာရုံကို အမှီပြု၍ ဝမ်းသာမှုသည် **နေက္ခမ္မနိဿိတ သောမနဿ** မည်၏။

၂။ ရရှိထားသောဈာန်အာရုံတို့ လက်လွှတ်ဆုံးရှုံးသွားခြင်းကို အကြောင်းပြု၍ ဝမ်းနည်းမှုသည် **နေက္ခမ္မနိဿိတ ဒေါမနဿ** မည်၏။

၃။ ကာမဂုဏ်အာရုံတို့မှ ကင်းကွာ၍ ဈာန်ရရှိမှု၊ ဈာန်လျော့မှုတို့၌ ဝမ်းသာမှုလည်း မထင်ရှား၊ ဝမ်းနည်းမှုလည်း မထင်ရှားခြင်းသည် **နေက္ခမ္မနိဿိတ ဥပေက္ခာ** မည်၏။

**သဘောတရားတစ်ခုကို ယတိပြတ် ပြောလို့မရပုံ**

**ကုသိုလ် အကုသိုလ် တစ်ပိုင်းစီ**

၁) ကရုဏာဒေါသ၌ ကရုဏာသည် ကုသိုလ်၊ ကရုဏာကို အခြေခံပြီး ဒေါသဖြစ်ရင် ဒေါသသည် အကုသိုလ်။ ရှေ့က ကုသိုလ်၊ နောက်က အကုသိုလ်။

၂) သတ္တဝါတွေကိုသတ်ပြီး အသားကို ဘုရား /သံဃာတွေကို ဆွမ်းကပ်တယ်ဆိုရင် သတ်တာက အကုသိုလ်၊ ဆွမ်းကပ်တာက ကုသိုလ်။

**ပါဏာတိပါတ ကံ**

| ဂျိန်းဘုရား(နိဂဏ္ဌနာဋပုတ္တ)ဟောပုံ | မြတ်စွာဘုရားဟောပုံ |
|---|---|
| **“ယော ကောစိ ပါဏမတိ-ပါတေတိ။ သဗ္ဗော သော နိယယံ ဥပပဇ္ဇတိ”** | **“ပါဏာတိပါတော နိရယသံဝတ္တနိကော”** |
| ပါဏာတိပါတ လုပ်သူမှန်သမျှ အပါယ်ငရဲကျ၏။ | ပါဏာတိပါတသည် ငရဲ၌ ဖြစ်စေနိုင်၏။ |

**ထို စကားနှစ်ခု အလွန် ကွဲပြားခြားနားပုံ**

ပါဏာတိပါတ လုပ်သူတိုင်း ငရဲကျတယ်လို့ပြောတာမဟုတ်။ ပါဏာတိပါတသည် အကျိုးပေးမည်ဆိုလျှင် ငရဲ၌အကျိုးပေး၏။ သို့သော် ငရဲမှာ ဖြစ်ချင်မှဖြစ်မည်။ အခြားအကြောင်းတို့ အများကြီး ရှိ၍ ၎င်းတို့ကို လည်း ထည့်စဉ်းစားရမည်။

## ၂၂-နာမရူပ ကေတ္တနာနတ္တပဉှာ

Q22. ပြန်လည်မွေးတယ်ဆိုတာ ဘယ်အရာသည် ပြန်လည်မွေးဖွားတာလဲ?
A22. ဒီဘဝမှာ သေဆုံးပြီး နောင်ဘဝမှာ ပြန်လည်ဆက်တယ် ဆိုတာ နာမ်ရုပ် ပြန်ဆက်တာပါ။

Q22.1. အခုလက်ရှိ နာမ်ရုပ်သည်ပင် ပြန်ဆက်တာလား?
A22.1. အခုလက်ရှိဘဝမှာရှိသော နာမ်ရုပ်က ပြန်ဆက်သွားတာ မဟုတ်ပါ။ ဒီနာမ်ရုပ်နှင့် ကုသိုလ်၊ အကုသိုလ် လုပ်၏။ ထိုပြုလုပ်သော ကံ၏ အစွမ်းကြောင့် အခြား နာမ်ရုပ် ပြန်ဆက်ခြင်းဖြစ်ပါသည်။

(အကုသိုလ်ကံလုပ်တုန်းက နာမ်ရုပ်ဟာ နောင်ဘဝမှာ ပြန်မွေးတဲ့ နာမ်ရုပ်မဟုတ်ဘူး။ လုပ်တဲ့အချိန်က နာမ်ရုပ်တစ်ခု၊ အဲဒီကံရဲ့အစွမ်းကြောင့် ပြန်ပြီးပေါ်လာတဲ့ နာမ်ရုပ်ကတစ်ခု ဖြစ်တယ်ဟုဆိုလို)

Q22.2. ယခုရုပ်နာမ်က ပြန်ဆက်တာ မဟုတ်ဘူးဆိုရင် သူဟာ မကောင်းမှုအကုသိုလ်မှ လွတ်သွားမှာပေါ့?

A22.2. အခု ရုပ်နာမ် ပြန်မဆက်ဘူးဆိုရင်, သူလုပ်တဲ့ မကောင်းမှု အကုသိုလ်မှ လွတ်သွားနိုင်သည် သို့သော် ပြန်ဆက်စပ်တာ ဖြစ်သောကြောင့် မကောင်းမှု အကုသိုလ်ကံမှ မလွတ်နိုင်ပါ။

(တစ်နည်း) သတ္တဝါတို့သည် အခုလက်ရှိ ရုပ်နာမ်နှင့် မကောင်းမှု အကုသိုလ် ကံတွေ ပြုလုပ်ကြပြီး ထိုကံကြောင့် တစ်ခြားနာမ်ရုပ်တို့ ပြန်ပြီး ဆက်မိလာသောကြောင့် မကောင်းမှု အကုသိုလ်မှ မလွတ်နိုင်ပါ။

ဉပမာဆိုရသော် -

၁) လူတစ်ယောက်က သရက်ပင် စိုက်တယ်။ အဲဒီမှာ အခြားလူတစ်ယောက်က သရက်သီးကို ခိုးတယ်၊ သူခိုးမိတဲ့အခါ ပိုင်ရှင်က သူ့သရက်သီးကို ဒီလူ ခိုးပါတယ်လို့ တရားစွဲတယ်။ သူခိုးက သူစိုက်တဲ့သရက်သီးကို ကျွန်တော် မခိုးပါဘူး။ သူစိုက်တဲ့ သရက်သီးက တစ်ခြား၊ ကျွန်ုပ်ခိုးတဲ့သရက်သီးက တစ်ခြား သရက်သီးပဲ ဖြစ်တယ်။ ဒါ့ကြောင့် ကျွန်တော် အပြစ်ဒဏ်မထိုက်ပါဘူးတဲ့။

ပထမ ဟိုလူစိုက်တဲ့ သရက်သီးမပါဘဲနဲ့ နောက်သရက်သီးဆိုတာ မဖြစ်နိုင်ဘူး။ သူစိုက်တဲ့ သရက်သီးကို အကြောင်းပြုပြီးပေါက်တဲ့ သရက်ပင်က သီးတာဖြစ်လို့ သူခိုးဟာ အပြစ်ဒဏ်ထိုက်ပါတယ်။

၂) သလေးစပါး ဉပမာ

၃) ကြံ ဉပမာ

၄) လူတစ်ယောက်ဟာ ဆောင်းရာသီမှာ မီးလှုံပြီး အဲဒီမီးကို မငြိမ်းခဲ့ဘဲ ထသွားတယ်။ အဲဒီမီးက အနီးအနားမှာရှိတဲ့ လယ်ထဲက စပါးခင်းတွေကို လောင်တယ်။ လယ်ပိုင်ရှင်က သူ့ကိုဖမ်းပြီး သူ့လယ်ကိုမီးရှို့ပါတယ်လို့ တရားစွဲတယ်။ အဲဒီလို တရားစွဲတဲ့အခါ သူ့လယ်ကို မရှို့ရပါဘူး။ ကျွန်တော် လှုံတဲ့မီးက တစ်ခြား၊ လယ်လောင်တဲ့မီးက တစ်ခြားပါ လို့ ငြင်းဆိုတယ်။ သူ့မီးကို အကြောင်းပြုပြီး လောင်မှုဖြစ်လို့ သူ အပြစ်ဒဏ် မလွတ်ပါ။

၅) ရွာမီးလောင် ဉပမာ

၆) အိန္ဒိယ အမျိုးသမီးငယ်လေး ဉပမာ

## သေခါနီး မိန်းမောသွားသောအချိန်၌ စုတိစိတ်၏ အာရုံ

သေခါနီးအချိန်လေးတွင် အိပ်မက်မက်သလို ဖြစ်၏။ ထင်ယောင် မြင်ယောင်တွေ ဖြစ်တတ်၏။ အဟုတ်မြင်တာလည်း ဖြစ်နိုင်၏။ **ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်** ဟူသော အာရုံ သုံးခုမှ တစ်ခုခုသည် သေခါနီးသူ၏ စိတ်အာရုံမှာ ပေါ်လာ၏။ ထိုပေါ်လာသောအာရုံကို အာရုံပြုပြီး သေဆုံးကာ ထိုအာရုံနှင့်ပဲ နောက်ဘဝမှာ ဖြစ်ကြရ၏။

## ၂၃-ထေရပဋိသန္ဒဟနာ’ ပဋိသန္ဒဟနပဉှ

Q23. ကိုယ်တော်ရော နောက်ထပ်မွေးဦးမလား? (တရားထူးတရားမြတ် ရသလား၊ မရဘူးလား?

A23. အကယ်၍ တဏှာ, ဒိဋ္ဌိအစွဲ ရှိနေသေးတယ်ဆိုရင် ပြန်မွေးဦးမည်။ တဏှာ, ဒိဋ္ဌိအစွဲ မရှိတော့ဘူးဆိုရင် မမွေးတော့ဘူးလို့ အရင်တုန်းက ပြောခဲ့ပြီး။

**ဥပမာဆိုရသော်** - လူတစ်ယောက်က တိုင်းပြည်အုပ်ချုပ်တဲ့ မင်းတရားကြီးရဲ့ အမှုကိစ္စကို အောင်မြင်အောင် ဆောင်ရွက်ပေးဖူးလို့ သူ့ကို ဘုရင်က ဆုတော်လာဘ်တော်ချတယ်။ (ရွာစားရာထူးပေးခြင်း/ ပစ္စည်းဥစ္စာများပေး ခြင်း) ဒါကို ဘုရင်ကြီးက (ကျေးဇူးပြုရက်သားနဲ့) သူ့အား ကျေးဇူးမပြုပါဘူးလို့ သူများကိုပြောမယ်ဆိုရင် သူ့စကား မဟုတ်နိုင်တော့သကဲ့သို့။ (မုသားပါသည်ဟုဆိုလို)

## အပ္ပိစ္ဆ (အပ္ပ+ ဣစ္ဆာ)

**အပ္ပ** - မရှိ၊ (တစ်ခြားနေရာ၌ -နည်း၏)၊ **ဣစ္ဆာ** - လူသိထင်ရှား ကျော်ကြားလိုမှု၊

ဂုဏ်သတင်းကျော်ကြားမှုကို မလိုလားခြင်းသည် **အပ္ပိစ္ဆ** မည်၏။ အရိယာသူတော်စင်တို့သည် သူတို့၏ ဂုဏ်သတင်းကို လူသိမှာ စိုးကြ၏။ (Seriously secret their qualifications)

## အပ္ပိစ္ဆ ၃-မျိုး

**(၁) ပရိယတ္တိ အပ္ပိစ္ဆ-** စာတတ်ခြင်းကို သူများအား အသိမပေးချင်မှု။

**(၂) ဓုတင် အပ္ပိစ္ဆ-** ဓုတင်အကျင့် ကျင့်ခြင်းကို သူများအား အသိမပေးချင်မှု။

**(၃) အဓိဂမ အပ္ပိစ္ဆ-** တရားထူးရခြင်းကို သူများအား အသိမပေးချင်မှု။

### စာပေကျွန်းဂန်လာ သောတာပန်ပုဂ္ဂိုလ်၏ စိတ်ဆန္ဒ (စိတ်နေသဘောထား)

၁။ သောတာပန်ဖြစ်ပါပြီဆိုတာ သူများကို အသိမပေး၊ လျှို့ဝှက်ထားခြင်း။ (ရွှေအိုးကြီးကို လူသိမှာစိုးသလို)

၂။ သို့သော် သူ့စိတ်ထဲမှာ "ငါ တရားထူးတရားမြတ်ရသလို လူတိုင်းရရင် ကောင်းမှာပဲဆိုတဲ့ ဆန္ဒရှိခြင်း။

### အပ္ပိစ္ဆာဂုဏ်

တရားထူး တရားမြတ်ရသော သူတော်စင်ပုဂ္ဂိုလ်တို့၌ အပ္ပိစ္ဆဂုဏ် ရှိ၏။ လူသိမှာစိုး၍ လျှို့ဝှက်ကြ၏။ ရှေးတုန်းက ရဟန်းအချင်းချင်းတောင်မှ လျှို့ဝှက်ကြ၏။

### ၁။ ရဟန္တာကို မြင်ဖူးချင်သူ

သီဟိုဠ်ကျွန်းက စိတ္တလတောင်မှာ ရဟန္တာပုဂ္ဂိုလ်တွေ သီတင်းသုံးတော်မူကြတယ်။ အဲဒီမှာ အသက်အရွယ် ကြီးမှ သက်န်းဝတ်လာတဲ့ ဦးဇင်းကြီးတစ်ပါးက သူ့ဆရာ မထေရ်ကြီး တစ်ပါးရဲ့နောက်ကလိုက်ပြီး ဆွမ်းခံကြွတယ်။ လမ်းမှာ စကားစမြည် ပြောကြတယ်။ အဲဒီဦးဇင်းကြီးက အရှင်ဘုရား၊ လောကမှာ ရဟန္တာဆိုတာ ဘယ်လိုပုဂ္ဂိုလ် ပါလဲဘုရားလို့ မေးတယ်။ ရှေ့ကမထေရ်ကြီးက မိန့်တယ်။ ရဟန္တာပုဂ္ဂိုလ်ဆိုတာ သိဖို့ အလွန်ခက်တယ် ငါ့ရှင်။ ဘယ်လောက်ထိအောင် ခက်တုန်းလို့ ဆိုရင် ရဟန္တာရဲ့နောက်က သပိတ်၊ သင်္ကန်းပိုက်ပြီး လိုက်နေပေမယ့် ကိုယ့်ရှေ့ကပုဂ္ဂိုလ်ဟာ ရဟန္တာဆိုတာ မသိနိုင်ဘူးလို့မိန့်တယ်။ တကယ် တော့ အဲဒီမထေရ်ကြီးက ရဟန္တာပုဂ္ဂိုလ်ကြီး ဖြစ်၏။

**၂။ ကောသနိက် စုတင်ဆောင် ရဟန်း**

အရိယာပုဂ္ဂိုလ်တို့ သူတို့သိသော အဆင့်ကို ပြောလေ့ပြောထ မရှိကြ။ အတင်းအကြပ် မေးရင်တောင်မှပဲ ပြောဖို့ ရှောင်ကြ၏။ ***ရဟန်းတွေမှာ ကိုယ်ကျင့်သီလ ပို၍ ဖြူစင်အောင် စုတင်အကျင့်ကို ကျင့်ကြ၏။*** ရဟန်းတော်နှစ်ပါး ခရီးအတူတူသွားရင်း ရဟန်းတစ်ပါးက ကြံချောင်းလေး ရလာတယ်။ ဆွမ်းစားပြီး နောက်ကိုယ်တော်က အရှင်ဘုရား၊ ဒါလေး ဘုဉ်းပေးပါဦး၊ ငါ့ရှင်၊ တော်ပြီ။ ဒါဖြင့် အရှင်ဘုရားက ကောသနိက်လားလို့ဆိုတော့ ငါ့ရှင် ယူခဲ့ ယူခဲ့ ဆိုပြီး ကောသနိက်စုတင်ကို ဖျက်လိုက်တယ်တဲ့။

## ၂၄-နာမရူပပဋိသန္ဓဟနပဉှ

Q24. ပြန်မွေးတယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး နာမရူပ၌ နာမ်ဆိုတာ ဘယ်ဟာလဲ၊ ရုပ်ဆိုတာ ဘယ်ဟာလဲ?
A24. သိသာထင်ရှားသော အရာသည် ရုပ်တရား ဖြစ်၏။ (သို့သော် မသိသာ မထင်ရှားသော ရုပ်လည်း ရှိသေးသည် - သုခုမရုပ် ၁၆ပါး) သိမ်မွေ့သောကြောင့် သိဖို့ရန်ခက်ခဲသော အရာသည် နာမ်တရား ဖြစ်၏။

**ဝိသုဒ္ဓိမဂ်၌** -
စားချင်တာက နာမ်၊ စားတာက ရုပ်။ / သွားချင်တာက နာမ်၊ သွားတာက ရုပ်။

**အဘိဓမ္မာကျမ်း၌** -
အပူ အအေး စသော ဆန့်ကျင်ဖက် အကြောင်းကြောင့် သိသိသာသာ ပြောင်းလဲဖြစ်ပေါ် တတ်သည့် သဘာဝသည် ရုပ် မည်၏။
အာရုံရှိသော ဘက်သို့ ကိုင်းညွတ်တတ်သော သဘာဝသည် နာမ် မည်၏။

Q24.1. ရုပ်နဲ့နာမ် နှစ်မျိုးရှိတဲ့ အထဲမယ် ရုပ်တစ်မျိုးတည်းသာ ပြန်မဆက်စပ်ဘဲ (သို့မဟုတ်) နာမ်တစ်မျိုးတည်းသာ ပြန်မဆက်စပ်ဘဲ ဘာကြောင့် နှစ်မျိုးစလုံး ပြန်ဆက်စပ်ရသလဲ?။ (ဘယ်အကြောင်းကြောင့် နာမ်တစ်မျိုးတည်းသာ မဆက်စပ်ဘဲ / ရုပ် တစ်မျိုးတည်းသာ မဆက်စပ်ဘဲ ရုပ်နာမ် နှစ်မျိုးစလုံး ဆက်စပ် ရပါသလဲ?)
A24.1 ရုပ်နှင့်နာမ်သည် အချင်းချင်း အပြန်အလှန် မှီပြီး ဖြစ်ကြသောကြောင့် ရုပ်သက်သက်ချည်း ပြန်မဆက်၊ နာမ်သက်သက်ချည်း ပြန်မဆက်ဘဲ ရုပ်နှင့်နာမ် နှစ်မျိုးပေါင်းပြီး ဆက်စပ်တာဖြစ်ပါသည်။
ဥပမာဆိုရသော် -
ကြက်မမှာ ဥဖြစ်ဖို့ရာ အတွက် အရည်ကြည် အနှစ်ကလေး (ကလလ) မရှိဘဲ ကြက်ဥဆိုတာ မဖြစ်လာဘူး။ ကလလဆိုတဲ့ အရည်အနှစ်နဲ့ ကြက်ဥတို့ဟာ အပြန်အလှန် မှီနေကြတယ်။ (အတွင်းအနှစ်မရှိဘဲနဲ့ အပြင်ကအခွံဆိုတာမဖြစ်ဘူး။ အခွံ မရှိဘဲလည်း အတွင်းအနှစ်ကလေးက မရပ်တည်နိုင်ဘူးလို့ဆိုလို)

**မှတ်ဖွယ်။**
လူတွေဟာ ဘဝတစ်ခု အဆုံးသတ်သွားပြီး နောက်ဘဝမှာ -
၁။ နာမ်နဲ့ရုပ်နဲ့ နှစ်ခု ပြန်လည်မွေးဖွားတဲ့ဘုံလည်း ရှိတယ်။ (ကာမဘုံ၊ ရူပဗြဟ္မာဘုံ)
၂။ ရုပ်ချည်းပဲ ပြန်လည်မွေးဖွားတဲ့ဘုံလည်း ရှိတယ်။ (အသညသတ်ဘုံ)
၃။ နာမ်ချည်းပဲ ပြန်လည်မွေးဖွားတဲ့ဘုံလည်း ရှိတယ်။ (အရူပဗြဟ္မာဘုံ)

## ၂၅- အဒ္ဓါနပဉှာ

Q25.. ရှည်ကြာသောကာလ (အဒ္ဓါန) ဆိုတာဘာလဲ?

A25. အချိန်ကာလ (အဒ္ဓါန) သုံးမျိုးရှိ၏။

**အတီတော အဒ္ဓါ-** ပြီးခဲ့သောအချိန်ပိုင်း။

**အနာဂတော အဒ္ဓါ**- ရောက်မလာသေးတာ လည်း အချိန်ပိုင်း။

**ပစ္စုပ္ပန္နော အဒ္ဓါ**- လက်ရှိရောက်ဆဲ အချိန်ပိုင်း။

Q25.1. အရာခပ်သိမ်းမှာ အချိန်ဆိုတာ ရှိသလား?

A25.1. တစ်ချို့ရှိတယ်၊ တစ်ချို့မရှိဘူး။

၁။ ကုန်ဆုံးသွားသော အချိန်သည် ကုန်ဆုံးသွားပြီ ဖြစ်သောကြောင့် ရှိနေသည်ဟု ပြောလို့မရပါ။

၂။ ရင့်ကျက်ပြီး အနေအထားရှိ ထားရှိသော အကျိုးတရားများ၊ အကျိုးပေးနိုင်သော အကြောင်းတရား၊ နောက်ဘဝ၌ ပဋိသန္ဓေအကျိုးကိုပေးမယ့်တရားများတွင် အချိန်ရှိသည်ဟု ပြောရမည်။

၃။ သေသွားပြီး နောက်ဘဝရောက်မယ့် ပုဂ္ဂိုလ်၌ သေသွားတာက အတိတ်၊ နောက်ဘဝ ဖြစ်မှာက အနာဂတ်၊ ဖြစ်ဆဲက ပစ္စုပ္ပန်၊ ဖြစ်သောကြောင့် အချိန်ရှိသည်ဟု ပြောရမည်။

၄။ သေသွားပြီးနောက် ဘယ်မှာမှ မဖြစ်တော့သောပုဂ္ဂိုလ်၌ ဖြစ်ဆဲလို့လည်း ပြောလို့မရ၊ ဖြစ်လတ္တံ့လို့လည်း ပြောလို့မရသောကြောင့် အဒ္ဓါဟူသော ကာလမရှိဟု ဆိုရမည်။

၅။ ရဟန္တာပုဂ္ဂိုလ်တို့သည် ကိလေသာ အာသဝေါ ကုန်သွား၍ နောက်ဘဝ ပြန်မဖြစ်တော့ဘဲ ခန္ဓာငြိမ်းသွားသောကြောင့် အချိန်ကာလ မရှိတော့ပါ။

**ကာလဝိမုတ် (ကာလမှ လွတ်သောအရာ)**

ထို့ကြောင့် နိဗ္ဗာန်နှင့် ပညတ်ကို အချိန် ကာလဖြင့် ပြောလို့မရပါ။

| အချိန်ရှိ | အချိန်မရှိ | ကာလဝိမုတ် |
|---|---|---|
| **ဝိပါက ဓမ္မ**- ရင့်ကျက်ပြီး အနေအထားရှိသော အကျိုးတရားများ၊<br><br>**ဝိပါကဓမ္မဓမ္မ** - (ပဋိသန္ဓေ)အကျိုးပေးနိုင်သော အကြောင်းတရားများ၊<br><br>**ပဋိသန္ဓေနေဦးမည့် ပုဂ္ဂိုလ်/သတ္တဝါ၊** | **သင်္ခါရာ အတီတာ ဝိဂတာ နိရုဒ္ဓါ ဝိပရိဏတာ**<br><br>အကြောင်းကြောင့်ဖြစ်ပြီး<br><br>ချုပ်သွားသော သင်္ခါရတရား<br><br>**ပဋိသန္ဓေ မနေတော့သည့် ရဟန္တာပုဂ္ဂိုလ်** | **ပညတ်** -<br>လူတွေရဲ့ထင်မြင်ယူဆချက်တစ်ခုမျှသာ ဖြစ်သောကြောင့် ကာလဝိမုတ်။<br><br>**နိဗ္ဗာန်** - ပရမတ္ထဧကန်ဖြစ်၍ ဥပါဒ် ဌီ ဘင် အပိုင်းခြားနှင့် မယှဉ်သောကြောင့် ကာလဝိမုတ်။ |

# ၃။ ဝိစာရဝဂ်

## ၂၆-အဒ္ဓါနမူလပဉှ

Q26. အတိတ်ကာလ၊ အနာဂတ်ကာလ၊ ပစ္စုပ္ပန်ကာလတို့၏ အကြောင်းအရင်းကဘာလဲ?

A26. အတိတ်ကာလ၊ အနာဂတ်ကာလ၊ ပစ္စုပ္ပန်ကာလ ဟူသော အချိန်ကာလ သုံးပိုင်း၏ အကြောင်းရင်းမှာ မသိခြင်း (အဝိဇ္ဇာ) ဖြစ်၏။ (အကျဉ်း)

**အချိန်ကာလ သုံးပိုင်း၏ အကြောင်းရင်းမှာ မသိခြင်း(အဝိဇ္ဇာ) ဖြစ်ပုံ**

မသိခြင်း (အဝိဇ္ဇာ)သည် အစမဟုတ်ပါ။ အဝိဇ္ဇာ၏ ရှေ့တွင် အာသဝတရားများ ရှိသေး၏။ သို့သော် ဖြစ်စဉ်တစ်ခု ဦးဆောင်သွားတာက အဝိဇ္ဇာ ဖြစ်လို့ အဒ္ဓါန၏ အစ(အကြောင်း)ကို အဝိဇ္ဇာက ဟုဖြေဆိုရခြင်းဖြစ်၏။

၁) လုပ်သင့်တာ၊ မလုပ်သင့်တာကို အမှန်မသိခြင်းသည် အဝိဇ္ဇာ။

၂) မသိလို့ လုပ်မိလုပ်ရာ လုပ်မိတာသည် သင်္ခါရ။

၃) လုပ်လိုက်သောအခါ လုပ်ခြင်း၏ အကျိုးဆက် ဝိညာဏ် - ပဋိသန္ဓေစိတ် ပေါ်လာ။

၄) ပဋိသန္ဓေစိတ် ပေါ်လာသည်နှင့် တစ်ပြိုင်နက် နာမ်၊ ရုပ်များ ဖြစ်လာ။

၅) နာမ်၊ ရုပ်များထဲတွင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကာယ၊ မနဆိုသော ဆက်သွယ်ရေး အင်္ဂါတွေ ပါလာ။

၆) မျက်စိက ပြင်ပအာရုံတွေနဲ့ ဆက်သွယ်ထိတွေ့လာတာက ဖဿ။

၇) ထိတွေ့မှုကို အကြောင်းပြုပြီး ကောင်းတဲ့အရသာ၊ ဆိုးတဲ့အရသာ ခံစားတာက ဝေဒနာ။

၈) ကောင်းတဲ့အပေါ်မှာ လိုချင်တယ်ဆိုတဲ့ တဏှာ ပေါ်လာတယ်။

၉) လိုချင်ရုံတင် မကဘဲ စွဲစွဲလမ်းလမ်းဥပါဒါန် ဖြစ်လာ။

၁၀) စွဲစွဲလမ်းလမ်းဥပါဒါန်ကြောင့် ဘဝဖြစ်လာ။

၁၁) ဘဝဖြစ်လာလို့ မွေးဖွားခြင်း၊ အိုခြင်း၊နာခြင်း၊ သေခြင်း၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဟူသော အချိန်ပိုင်းကြီးကို ဖြတ်ကျော်ရသည်။

နောက်ဆုံးတွင် အားလုံးသည် မတည်မြဲဘဲ ပြောင်းလဲဖြစ်ပျက်နေသော အရာများ ဖြစ်သောကြောင့် ဒုက္ခအစုအဝေးမျှသာ ဖြစ်၏။ ထိုဒုက္ခ အစုအဝေးကြီးတစ်ခုလုံးကို ဖြတ်ကျော်နေသော အချိန်ပိုင်းကြီး တစ်ခုသည် အဒ္ဓါန ဖြစ်၏။ ထိုအချိန်ပိုင်းကြီး၏ အစကို မသိရပါ။ ဒီဖြစ်စဉ်ကြီးတစ်ခုသည် ဘယ်တုန်းက စတင်လာသည်ကို လည်း အစရှာ၍ မရနိုင်/မသိနိုင်ဟု မြတ်စွာဘုရားဟောတော်မူ၏။ (မရှိဟု မဟောပါ*) မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်းပင် ရှင်နာဂသေနသည် "ကာလသုံးပါး၏ အစဆိုတာ မသိခြင်း အဝိဇ္ဇာပဲ"လို့ ဖြေတော်မူ၏။

**ဝိညာဏပေါ်လာတာနှင့် တစ်ပြိုင်နက် ဝိညာဏနှင့်တွဲဖက်လာသော နာမ်၊ရုပ်တို့ ဖြစ်လာပုံ [ဝိညာဏပစ္စယာ နာမရူပံ]**

**ဥပမာ။**

မျိုးစေ့လေးတစ်စေ့ကို မြေရေနှင့် ထိတွေ့ပြီး မြေထဲမှာ ချစိုက်လိုက်တာနှင့် တစ်ပြိုင်နက် အမြစ် ထွက်လာ၏။ အညှောင့် တက်လာ၏။ အမြစ်တွယ်လိုက်ပြီဆိုလျှင် ထိုအမြစ်က မြေဆီ ရေဆီတို့ကို စုပ်ယူလိုက်သောအခါ အညှောင့်သည် တဖြည်းဖြည်း အကိုင်းအခက်တို့နှင့် ရှင်သန်ထွားကြိုင်းပြီး နောက်ဆုံးတွင် အပွင့်များ အသီးများ ဖြစ်လာ၏။

**ဥပမေယျ။**

အဝိဇ္ဇာဟူသော '**အမြစ်**'နှင့် သင်္ခါရဟူသော '**အညှောင့်**' ထွက်လာသောအခါ ဘဝဟူသော '**အပင်လေး**'သည် ရှင်သန်လာ၏။ ရှင်သန်လာပြီး '**အပွင့်များ အသီးများ**' ဝေဆာလာသလို နာမ်,ရုပ်များပေါ်လာ၏။

**ပဋိစ္စသမုပ္ပါဒ် (အဒ္ဓါန၏ မူလအစ)**

| အဝိဇ္ဇာ သည် အဒ္ဓါန/ကာလ ၃ပါး၏ အကြောင်း ↓ | | | |
|---|---|---|---|
| **အတိတ်ကာလ** | **ပစ္စုပ္ပန်ကာလ** | | **အနာဂတ်ကာလ** |
| အကြောင်း (သမုဒယသစ္စာ) | အကျိုး(ဒုက္ခသစ္စာ) | အကြောင်း (သမုဒယသစ္စာ) | အကျိုး (ဒုက္ခသစ္စာ) |
| အဝိဇ္ဇာ ၊ သင်္ခါရ | ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ | တဏှာ၊ ဥပါဒါန်၊ ဘဝ (ကမ္မ+ဥပပတ္တိ) | ဇာတိ၊ ဇရာ-မရဏ ↓ အာသဝ ↓ အဝိဇ္ဇာ |


ဥပမာ - **အဝိဇ္ဇာ (ကိ)** = အမြစ်၊ **သင်္ခါရ (ကံ)** = အညှောင့် ၊ **ဘဝ/ဝိညာဏ်** = အပင် ၊ **နာမ်ရုပ်** = အပွင့် အသီး ၊


**အဒ္ဓါန** = ရှည်ကြာသော ကာလ။ (အချိန်ကာလ)

**၃မျိုး** - အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်

## ၂၇- ပုရိမကောဋိပဉှာ

Q27. ရှေ့ပိုင်းအစကို မသိနိုင်ဘူးဆိုတာ ဥပမာတစ်ခုနဲ့ ရှင်းပြပါဦး?
သံသရာကြီး၌ ရှေ့ပိုင်းအစသည် မထင်ရှား၊ မသိနိုင်ပါ။
ဥပမာဆိုရသော် -
၁) လူတစ်သည် သစ်ပင်တစ်ပင်ကို မျိုးစေ့လေးချလိုက်ပြီး ထိုမျိုးစေ့မှ အပင်၊ အပင်မှ အညွန့်၊ အညွန့်မှ အသီး,သီး၊ အသီးမှ မျိုးစေ့ ဖြစ်ရာ တစ်ခါပြန်၍ အစေ့လေးကို စိုက်လိုက်ရင် ဒီအလားတူ အပင်ဖြစ်၊ အပင်မှ အညွန့် စသည်ဖြင့် ဖြစ်စဉ်ကြီးတစ်ခု၏ အဆုံးကို မသိတော့သကဲ့သို့။
၂) ကြက်မက ဥတစ်ဥ ဥတယ်၊ အဲဒီ ကြက်ဥကနေပြီး ကြက်မ ရပြန်တယ်။ တစ်ခါ အဲဒီကြက်မကနေ ကြက်ဥရပြန်တယ်။ ကြက်ဥရယ်၊ ကြက်မရယ် ဘယ်ဟာကစမှန်း မသိသကဲ့သို့။
၃) တုတ်ကလေးနဲ့ စက်ဝိုင်းကြီးတစ်ခု ခြစ်လိုက်ပြီးလျှင် ထိုစက်ဝိုင်း၏ အစနဲ့အဆုံးကို မသိနိုင်သကဲ့သို့။




## ၂၈-ကောဋိပညာယနပဉှာ

Q28. မသိနိုင်ဘူးဆိုတဲ့ ရှေ့ပိုင်းအစဘာလဲ?
A28. ရှေ့ပိုင်းအစဆိုတာ အတိတ်ကာလပါ။

Q28.1. အတိတ်ကာလ, ရှေ့ပိုင်းအစ ဟူသမျှဟာ မသိနိုင်တဲ့ အရာတွေချည်းပဲလား?
A28.1. တစ်ချို့အရှေ့ပိုင်းအစကိုတော့ သိနိုင်ပြီး တစ်ချို့အရှေ့ပိုင်းအစကိုတော့ မသိနိုင်ပါ။

Q28.2. သိနိုင်တာက ဘယ်ဟာလဲ၊ မသိနိုင်တာက ဘယ်ဟာလဲ?

A28.2. ယခုအချိန်မတိုင်မီ ရှေးယခင်က အဝိဇ္ဇာဆိုသောတရား လုံးဝဖြစ်ပေါ်လာခဲ့ခြင်း မရှိဘူးဆိုသော အစကို မသိနိုင်ပါ။

သဘာဝတရားတစ်ခုသည် နဂိုကရှိနေတာမဟုတ်ဘဲ ဆိုင်ရာဆိုင်ရာ အကြောင်းတွေကြောင့် ဖြစ်ပေါ် ပြီးတဲ့နောက်မှာ ပျောက်ကွယ်သွားသော်လည်း ထိုအနိစ္စသဘာဝ သင်္ခါရတရား၏ အစကိုတော့ သိနိုင်ပါသည်။ ဖြစ်လာခြင်း - ဥပါဒ်၊ တည်နေခြင်း - ဌီ၊ ပျက်စီးသွားခြင်း - ဘင်၊ ဟူသော သဘာဝတရား၌ ဖြစ်မှု အစရှိ၏။ (စောင်းတီးလိုက်သော အခါ စောင်းသံ စပေါ်လာတာက ဥပါဒ်၊ မပျောက်ခင် တည်နေတာက ဌီ၊ ပြီးရင် ပျောက်ကွယ်သွားတာက ဘင်၊ ဟူ၍ အချိန်ပိုင်း ၃ခုတွင် ဌီနှင့် ဘင်တို့၏ ရှေးပိုင်း အစ ဥပါဒ် သည် သင်္ခါရတရား၏ အစဟု သိနိုင်သလို။)

ဥပမာဆိုရသော် -

သစ်ပင်တွေဟာ ဘယ်ကစတယ်ဆိုတဲ့ အစကို မသိနိုင်သော်လည်း “သစ်ပင်တစ်ပင်ရဲ့ အစသည် မျိုးစေ့က” လို့တော့ ပြောလို့ရတယ်။

**မှတ်ချက်။**

ပဋိစ္စသမုပ္ပါဒ်မှာ မြတ်စွာဘုရားက အဝိဇ္ဇာကို ပထမဆုံး ဖြစ်ကြောင်း (first cause)မို့ ပထမနေရာ မှာထားပြီး ဟောတာမဟုတ်ပါ။ အဝိဇ္ဇာကို အစလို့ပြောခြင်းဟာ ဘဝတစ်ခုကို သရုပ်ဖော် ခြင်းမျှသာ ဖြစ်သည်။

လောဘ၊ ဒိဋ္ဌိ၊ မောဟဆိုသော အာသဝတရားများကြောင့် အဝိဇ္ဇာ ဖြစ်တယ်၊ အဝိဇ္ဇာဖြစ်လို့ သင်္ခါရဖြစ်တယ် .......စသည်ဖြင့် ပြန်ပြီးတော့ ပတ်သွားပြန်၏။

Q28.3. သဘာဝတရားတွေဟာ ပင်ကိုယ်ရှိနေတာ မဟုတ်ဘဲ အကြောင်းတိုက်ဆိုင်လို့ ဖြစ်လာတယ်။ ဖြစ်လာပြီးတဲ့ နောက်မှာ လုံးဝပျောက်ကွယ်သွားတယ်။ အဲဒီလို အစအဆုံး ချုပ်သွားလို့ရှိရင် ဘယ်လိုလုပ်ပြီးတော့ ရှေ့ဆက်သွားမလဲ? (အစက စပြီးတော့ ဉာဏ်ဖြစ်အောင်/ တိုးပွားအောင်/ ဥဒယဗ္ဗယ ဉာဏ်ဖြစ်အောင် သွားလို့ရသလား?) (ပျောက်သွားတဲ့ အရာဝတ္ထုတစ်ခုပေါ်မှာ အသိဉာဏ်တွေ တိုးတက်သွားအောင် ပွားများအားထုတ်လို့ ဝိပဿနာရှုလို့ ဖြစ်နိုင်သလား?)

A28.3. တိုးပွားအောင်လုပ်လို့ရပါသည်။

**တိုးပွားအောင်လုပ်လို့ရသည် ဆိုသည်မှာ** “ဥဒယဗ္ဗယဉာဏ်နဲ့ ဖြစ်မှု-ပျက်မှု အသိဉာဏ်များတိုးပွားအောင် လုပ်လို့ရခြင်း ဖြစ်၏။”**(မူလ မင်းကွန်းဆရာတော်ကြီး** (မြန်မာပြည် ပိန်ဖောင်း ကမ္မဌာန်း စတင်)၏ အဌကထာ)

အကြောင်းတရားတွေက ဆက်,ဆက်သွားသည့် အတွက်ကြောင့် အကျိုးတရားတွေဟာ ဆက်,ဆက်ပြီး တိုးတက်များပြားလာသည်ဟုဆိုလို - (**ပါမောက္ခချုပ်ဆရာတော်ဘုရားကြီး**)

ဥပမာဆိုရသော် -

၁) သရက်ပင်က သရက်သီး သီးတယ်၊ အဲဒီ အစေ့တွေကိုယူပြီး နောက်ထပ် စိုက်တယ်။ သရက်ပင်ပေါက် - အသီးသီး - အစေ့ရ- ပြန်စိုက် စသည်ဖြင့် ဖြစ်စဉ်ကြီးတစ်ခုဟာတိုးပွားသွား၏။

၂) ခန္ဓာကြောင့် ဒုက္ခဖြစ်လာတယ်၊ ဒုက္ခကြောင့် ခန္ဓာဖြစ်တယ်။ ဒီလိုနဲ့ပဲ စဉ်ဆက် မပြတ် ဆက်ပြီးတော့ ဖြစ်စဉ်ကြီးတစ်ခုဟာ တိုးတက်များပြားသွား၏။

**ပဋိစ္စသမုပ္ပါဒ်ကို “ဘဝစက္က” ဟုခေါ်ခြင်း**

စက်ဝိုင်းကြီးတစ်ခုသည် ဘယ်ကစတယ်ဆိုတာမရှိသလို အကြောင်းတရားနှင့် အကျိုးတရားတို့ ဆက်စပ်ပြီး ဖြစ်ပေါ်နေသောကြောင့် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ဘဝစက္က ဟုခေါ်၏။

***ပဋိစ္စသမုပ္ပါဒ်တရားတော်သည် -***

၁) ထာဝရရှိနေခြင်း - **သဿတဝါဒ**

၂) ထာဝရ ပြတ်စဲသွားခြင်း - **ဥစ္ဆေဒဝါဒ**

၃) ဘုရားသခင် ဖန်ဆင်းလို့ ဖြစ်လာခြင်း - **ဣဿရနိမ္မာနဝါဒ**

၄) အကြောင်းမဲ့ ဖြစ်ခြင်း - **အဟေတုကဝါဒ**, တို့ကို ငြင်းဆို၏။

## ၂၉-သင်္ခါရဇာယမာနပဉှာ

Q29. ဖြစ်ဆဲ သင်္ခါရဆိုတာ ရှိသလား? ဖြစ်လာတဲ့ သင်္ခါရဆိုတာ ဘယ်ဟာတွေလဲ?
A29. ရှိပါသည်။ မျက်စိဖွင့်ထားလို့ မျက်စိနဲ့အဆင်းအာရုံ ဆုံတဲ့အခါ -
လူတွေသန္တာန်မှာ မျက်စိနဲ့ မြင်စရာအာရုံ နှစ်ခုဆုံစည်းသောကြောင့် **မြင်သိစိတ်** ဖြစ်လာတယ်။
မြင်သိစိတ်ဖြစ်လာရင် ထိတွေ့မှု **ဖဿ** ဖြစ်လာတယ်။
ဖဿ ဖြစ်လာရင် စိတ်ခံစားမှု **ဝေဒနာ** ဖြစ်လာတယ်။
ဝေဒနာ ဖြစ်လာရင် လိုချင်မှု **တဏှာ** ဖြစ်လာတယ်။
တဏှာ ဖြစ်လာရင် စွဲလမ်းမှု **ဉပါဒါန်** ဖြစ်လာတယ်။
ဉပါဒါန် ဖြစ်လာရင် **ဘဝ** ဖြစ်လာတယ်။
ဘဝ ဖြစ်လာရင် **ဇာတိ** မွေးဖွားခြင်း ဖြစ်လာတယ်။
ဇာတိ မွေးဖွားခြင်းလာလို့ရှိရင် **အိုခြင်း၊ သေခြင်း** ဖြစ်လာတယ်။ တစ်ဆက်တည်းမှာပဲ **စိုးရိမ်ရခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်ဆင်းရဲရခြင်း၊ စိတ်ဆင်းရဲရခြင်း၊စိတ်ပင်ပန်းမှုဖြစ်ခြင်း**တွေ ကြုံရတယ်။
ဒီလိုနဲ့ လူတွေရဲ့သန္တာန်မှာ ဒုက္ခတွေဟာ အမျိုးစုံဖြစ်သွားတယ်။

ဤသို့ မျက်စိ၊ အဆင်းအာရုံ၊ စက္ခုဝိညာဏ်စိတ်၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဉပါဒါန်၊ ဘဝဆိုတဲ့ ကမ္မဘဝ၊ ဉပပတ္တိဘဝဆိုတဲ့ ဇာတိ ဇရာ မရဏ စသည် ဟူသော သင်္ခါရတရားတို့သည် ဆိုင်ရာဆိုင်ရာ အကြောင်းတရားများကြောင့် ဖြစ်လာရ၏။

**ပဋိလောမ** - မျက်စိပျက်သွားလျှင်, အဆင်းကို မမြင်ရ၍ မြင်သိစိတ်မဖြစ် စသော ဖြစ်စဉ်ကြီး မဖြစ်တော့၍ ဒုက္ခများ ငြိမ်းသွားရ၏။

(**မှတ်ချက်။** နား + သဒ္ဒါရုံ၊ နှာခေါင်း + ဂန္ဓာရုံ စသည်တို့ကို နည်းတူသိပါရန်။)

**"ပဋိစ္စသမုပ္ပါဒ် အနုလောမ"**

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ။ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ။ ဘဝ ပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

**"ပဋိစ္စသမုပ္ပါဒ် ပဋိလောမ"**

အဝိဇ္ဇာယတွေဝ အသေသဝိရာဂ နိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရ နိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏ နိရောဓာ နမာရူပနိရောဓော၊ နာမရူပ နိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝ နိရောဓော၊ ဘဝ နိရောဓာ ဇာတိ နိရောဓော၊ ဇာတိ နိရောဓာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

## ၃၀-ဘဝန္တသင်္ခါရဇာယမာနပဉှ

**ဓမ္မ**

**အတ္တာနံ ဓာရေန္တေ** - တရားဓမ္မကို ကြိုးစားအားထုတ်သော ပုဂ္ဂိုလ်တို့ကို၊ **စတူသု အပါယေသု အပတမာနေ ကတွာ ဓာရေတီတိ ဓမ္မော** - အပါယ်လေးဘုံသို့ ကျရောက်မသွားအောင် ဆွဲဆောင် ကယ်တင်ထား တတ် သောကြောင့် ဓမ္မ ဟုခေါ်၏။ [**ဓမ္မ**ဆိုတဲ့ ပါဠိစကားလုံးက **ဓရ** ကနေ ဖြစ်လာတယ်။ **ဓရ**ဆိုတာ ဆွဲထားတယ်၊ ဆောင်ထားတယ်။]

ဤ၌ မြတ်စွာဘုရားသည် တရားကို ဟောတာဖြစ်သောကြောင့် တစ်နည်းအားဖြင့် ဘုရားက ကယ်တင်တယ်လို့ လည်း ပြောလို့ရ၏။

**ဥပမာ** - သမားတော်က ဆေးပေးလို့ ရောဂါပျောက်သွားရင် လူတွေက သမားတော်ကုလို့ ပျောက်တယ်လို့ ပြောကြ ၏။ သို့သော် သမားတော်က ဆေးပဲပေးတာပဲဖြစ်ပြီး ရောဂါပျောက်တာက ဆေးကြောင့် ပျောက်တာသာ ဖြစ်၏။

### နိဗ္ဗာန်ကို ဦးတည်ဟောသော တရားဓမ္မတို့သည် သတ္တဝါတို့ကို ကယ်တင်သော တရား အစစ်ဖြစ်ကြောင်း

နိဗ္ဗာန်ကို ဦးတည်ဟောကြားခဲ့သောတရားဓမ္မတို့သည် -

၁။ နိဗ္ဗာန်ကိုသာ ရောက်စေတာမဟုတ်ဘဲ နိဗ္ဗာန်မရောက်မီ စပ်ကြားမှာလည်း ဘဝ၏ ဆင်းရဲဒုက္ခများသက်သာပြီး ချမ်းသာသုခကို ရရှိစေ နိုင်၏။

၂။ နောက်ဆုံးတွင် နိဗ္ဗာန်ဆိုသော ချမ်းသာကို မျက်မှောက်ပြုနိုင်သည်အထိ ပို့ဆောင်ပေးနိုင်သော တရားမျိုး ဖြစ်သောကြောင့် သတ္တဝါတို့ကို ကယ်တင်သော တရားအစစ်ဖြစ်၏။

**"အတ္တာဟိ အတ္တနော နာထော" ဟု ဟောရခြင်း**

မြတ်စွာဘုရားသိတဲ့တရားက သတ္တဝါတွေကို ကယ်တင်တာ မဟုတ်ဘဲ ကိုယ်တိုင်သိတဲ့ တရားကသာလျှင် ကိုယ့်ကို ကယ်တင်တာ ဖြစ်၏။ မိမိကိုယ်တိုင် ကျင့်ကြံ ကြိုးကုတ် အားထုတ်မှုမပါဘဲနဲ့ ဘာတစ်ခုမှ ရမှာ မဟုတ်ဘူး။ မိမိကိုယ်တိုင် ကြိုးပမ်းအားထုတ်မှုကြောင့် ရရှိလာတဲ့ အသိပညာ စွမ်းရည်နဲ့ သတ္တဝါတွေဟာ ဆင်းရဲဒုက္ခက လွတ်မြောက်ကြရ၏။ ထို့ကြောင့် "အတ္တာဟိ အတ္တနော နာထော" ဟု ဟောခြင်း ဖြစ်၏။

## မြတ်စွာဘုရား၏ အဆုံးအမ တရားတော်များသည် ရောဂါပျောက်စေတတ်သော ဆေးဝါးကဲ့သို့ အင်မတန်မှ စွမ်းရည်သတ္တိရှိပုံ

၁။ တရားဓမ္မတွေကို ကိုယ့် သန္တာန်မှာရောက်အောင် လုပ်ဖို့လို၏။

၂။ တရားဓမ္မဟာ နာရုံနဲ့မပြီးဘဲ နာပြီးရင် မှတ်သားထားရမည်။

၃။ မှတ်သားထားပြီး ဆင်ခြင်သုံးသပ်ကြည့်ရမည်။

၄။ ဆင်ခြင်သုံးသပ်ပြီး ရှောင်ရမှာကို ရှောင်၊ ဆောင်ရမှာကိုဆောင် ဆိုသော လက်တွေ့ကျင့်သုံးခြင်း လုပ်ရမှာ ဖြစ်၏။ ထိုမှသာ တရား၏ အရည်အချင်း, စွမ်းဆောင်မှု ပေါ်လာမှာဖြစ်ပါသည်။

Q30. ဆိုင်ရာ အခြေခံအကြောင်းတရား မရှိဘဲနဲ့ သူ့ဟာသူ ဖြစ်လာတဲ့ သင်္ခါရဆိုတာ ရှိသလား?
A30. ဖြစ်နိုင်တဲ့ အခြေခံအကြောင်းတရားမရှိဘဲ ဖြစ်လာတဲ့ သင်္ခါရတရားဆိုတာ တစ်စုံ တစ်ခုမှ မရှိပါ။
(သင်္ခါရတရားအားလုံးဟာ အခြေခံအကြောင်းအပေါ်မှာ မူတည်ပြီးတော့ ဖြစ်ကြတာချည်းပဲဟုဆိုလို။)
ဥပမာဆိုရသော် -
၁) နန်းတော်အဆောက် အအုံ ဖြစ်လာဖို့ တောထဲက သစ်ပင်တွေ၊ သစ်သားတွေ၊ အုတ်၊အင်္ဂတေ၊ မြေညက်၊ ဆောက်လုပ်သောအလုပ်သမားစသည်တို့ ရှိရသကဲ့သို့။
၂) သစ်ပင်တစ်ပင် ပေါက်ဖို့,ကြီးထွားဖို့,ပွင့်သီးဖို့ မြေတို့, ရေတို့သည် အခြေခံ အကြောင်းဖြစ်သကဲ့သို့။
၃) မြေအိုးတစ်အိုးဖြစ်ဖို့ရန် မြေကြီးပေါ် ရှိသော မြေညက်ကိုယူပြီး အိုးမျိုးစုံကို ပြုလုပ်ရသောကြောင့် မြေညက်သည် အခြေခံ အကြောင်းဖြစ်သကဲ့သို့။
၄) စောင်းသံသည် စောင်းကြိုး၊ စောင်းအိုး၊ တီးသောလက်၊ တီးခတ်မှုဆိုတဲ့ လုံ့လဝီရိယတို့ပေါင်းစပ်လိုက်သော အခါမှာ စောင်းသံဆိုတာ ဖြစ်လာသကဲ့သို့။
၅) ပွတ်ခုံ, ပွတ်ကျည်,ပွတ်သောလက်၊ လုံ့လဝီရိယတို့သည် မီးဖြစ်လာဖို့ရန် အခြေခံ အကြောင်းဖြစ်သကဲ့သို့။
၆) မီးတောက်စေတတ်တဲ့ ကျောက်၊ နေပူ၊ နွားချေး၊ ဒီသုံးခု ပေါင်းလိုက်လို့ရှိရင် မီးရသကဲ့သို့။
၇) ကြေးမုံ- မှန်,လုံလောက်သော အလင်းရောင်, လူရဲ့မျက်နှာ, ရှေ့မှာ ပေါ်လာတာတို့ရှိမှ ကြေးမုံပုံရိပ်ဆိုတာ ပေါ်လာသကဲ့သို့။

**'မီးပွတ်ယောက်ျား ပမာလားသို့'**

ရှေးခေတ်ကမီးရဖို့ရန် ပွတ်ခုံနှင့် ပွတ်ကျည် ဒီနှစ်ခုကို ပွတ်ရ၏။ ပွတ်သောအခါ လုံ့လဝီရိယ ရှိရ၏။ ခဏနားလိုက်၍ အေးသွားလျှင် အစကပဲ ပြန်စရ၏။ ဆိုပါစို့-တစ်ကနေပြီးတော့ တစ်ရာ ပြည့်ရင် မီးထွက်မယ်ဆိုရင် ၉၉-လောက်ရောက်တော့ နားလိုက်ဦးမယ် ဆိုရင် မီးမရနိုင်။ မီးမပေါ် မချင်း ပွတ်နေရ၏။ ရှေးခေတ်က မီးရဖို့ဆိုတာ အလွန်ခဲယဉ်းသောကြောင့် ရှေးစာတို့၌ ကြိုးစားအားထုတ်ရတာနဲ့ ပတ်သက်ပြီး မီးပွတ်ယောက်ျား ပမာလားသို့ ဟုဆိုကြ၏။

## ၃၁-ဝေဒဂူပဥှ

### သင်ယူခြင်း

စာပေသင်တဲ့အခါမှာ ဥဂ္ဂဟ ပရိပုစ္ဆာလို့ ၂-ပိုင်း ရှိ၏။၎င်းတို့သည် စာပေသင်တဲ့နေရာမှာ များစွာ အထောက် အကူပြု၏။

**ဥဂ္ဂဟ =** စကားလုံးကို မှတ်ယူခြင်း၊ အကြောင်းအရာတို့ကို မှတ်ယူခြင်း၊ သင်ယူခြင်းဖြစ်သည်။

**ပရိပုစ္ဆာ =** မိမိ မှတ်သားထားသော အကြောင်းအရာတို့နှင့် ပတ်သက်ပြီး မရှင်းလင်းသော အချက်တို့ကို မေးမြန်းခြင်း။

Q31. ဝေဒဂူဆိုတာ တကယ်လက်တွေ့အားဖြင့် ရရှိနိုင်ပါသလား။?
A31. **ပါဠိစာပေ၌ ဝေဒဂူဆိုသည်မှာ** -
**ဝေဒဂူ** = “**ဝေဒ**”- အသိဉာဏ် + ‘**ဂူ**’- ဘဝ၏ ဟိုဖက်ကမ်းဖြစ်သော နိဗ္ဗာန်။
**ဝေဒဂူ** = အသိဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသော ရဟန္တာပုဂ္ဂိုလ်။

**မင်းကြီး၏ ဝေဒဂူဆိုသည်မှာ -** သတ္တဝါတို့၏ သန္တာန်၌ရှိသော ဇီဝ။
(မြတ်စွာဘုရားလက်ထက် အတ္တဝါဒကို ယုံကြည်သော **သာတိရဟန်း**၏ ဝေဒဂူအယူမှာ - **ဝဒေါ ဝေဒေယျော** - စကားပြောတတ်ခြင်း၊ အာရုံကို ခံစားတတ်ခြင်း ဟူသောအရာ။) (ဆိုလိုရင်း - အတ္တ/ဇီဝ/ဝေဒဂူ' က စကားပြော တယ်၊ မြင်တယ်။ အသံကြားတယ်။ အနံ့ရတယ်။ အရသာခံတယ်။)
သို့သော် မိလိန္ဒမင်းကြီးဆိုလိုတဲ့ ဝေဒဂူက တစ်မျိုးအဓိပ္ပါယ်ဖြစ်နေလို့ **ပဋိပုစ္ဆာဗျာကရဏ** - ပြန်လှန် မေးခွန်းထုတ် ပြီးတော့မှ အဖြေပေးရမယ့် မေးခွန်းမျိုး ဖြစ်တာကြောင့် မင်းကြီး ဆိုလိုတဲ့ ဝေဒဂူဆိုတာ ဘာကိုပြောတာလဲဟု ပြန်မေးလိုက်၏။

ထိုအခါမင်းကြီးက သတ္တဝါတွေရဲ့ သန္တာန် မှာရှိတဲ့ မြင်တာ၊ ကြားတာ၊ နမ်းရှူတာ၊လျက်တာ၊ အထိအတွေ့ ကို ထိတာသိတာ၊ စိတ်နဲ့အာရုံတွေကို သိတာ အားလုံးကို လုပ်တဲ့ ဇီဝ ဖြစ်ပါတယ်။
ဥပမာဆိုရလျှင် - တပည့်တော်တို့ အခုပြာသာဒ်ထဲမှာ ထိုင်နေရင်း ပြတင်းပေါက်တွေက အပြင်ကို ကြည့်လိုက် မယ်ဆိုလို့ရှိရင် ဘယ်ပြတင်းပေါက်က ကြည့်ကြည့် အပြင်ကို မြင်ရသလို တပည့်တော်တို့ရဲ့ သန္တာန်မှာ ရှိနေတဲ့ ဇီဝဆိုတဲ့ ဝေဒဂူဟာလည်း ပြတင်းပေါက်နဲ့ အလားတူတဲ့ မျက်စိ, နား, နှာ, လျှာ, ကာယ, မနနဲ့ပဲ သူကြည့်တယ်၊ မြင်တယ်၊ ကြားတယ်။

တကယ်လို့ ဇီဝ,က အကုန်မြင်တယ်ဆိုရင် လူ့ရဲ့ခန္ဓာကိုယ်မှာ မျက်စိ, နား, နှာ, လျှာ, ကာယ ဆိုတဲ့ ဒွါရ ၅-ပါး၊ တံခါး ၅-ပေါက်မှာ မျက်စိပေါက်ကကြည့်လည်း အဆင်းပဲ၊ နားက ကြည့်လည်း အဆင်းပဲ၊ နှာခေါင်းကကြည့်လည်း အဆင်းပဲ၊ လျှာပေါက်ကကြည့်လည်း အဆင်းပဲ၊ ကိုယ်ကာယအပေါက်က ကြည့်လည်း အဆင်းပဲမြင်ရမယ်။ အသံကြားရင်လည်း ဘယ်အပေါက်ကဖြစ်ဖြစ် ကြားမှာပဲ။ အနံ့ရရင်လည်း ဘယ်အပေါက် ကပဲဖြစ်ဖြစ် အနံ့ရမှာပဲ။ အရသာသိတဲ့အခါလည်း ဘယ်အပေါက်ကပဲဖြစ်ဖြစ် အရသာသိမှာပဲ။ အထိအတွေ့ ဆိုလို့ရှိရင်လည်း ဘယ်အပေါက်ကဖြစ်ဖြစ် အထိအတွေ့ပဲ သိမှာပဲ။ ရှင်နာဂသေနက ယခုလို ထောက်ပြတော့ မင်းကြီးက အဲဒီလို တော့ မဖြစ်နိုင်ဘူးဘုရားလို့ ဖြေတယ်။

အဆောက်အအုံကြီးတစ်ခုမှာ တံခါးရှိသမျှ အကုန်ဖွင့်ချ ၊ အကာတွေ နံရံတွေ အကုန်ဖယ်လိုက်မယ်ဆိုရင် ရှင်းရှင်း လင်းလင်းကြီး အကုန်မြင်ရတယ်။ အဲဒါလိုပဲ သတ္တဝါတွေရဲ့ သန္တာန်မှာရှိတဲ့ စက္ခုဒွါရကို ဖယ်လိုက်မယ်ဆိုလို့ရှိရင် ကောင်းကင်ပြင်ကြီးလို ဟင်းလင်းပြင်ကြီးဟာ ပိုပြီးကျယ်လာလို့ရှိရင် အဆင်းကို ပိုပြီး မမြင်ရပေဘူးလား။ နားကို ဖယ်လိုက်လို့ရှိရင်လည်း အသံတွေ ပိုကြားမလာရပေဘူးလား။ နှာခေါင်းပေါက်ကို ဖယ်လိုက်မယ်ဆိုရင် အနံ့တွေ ပိုရမလာပေဘူးလား၊ လျှာကို ဖယ်လိုက်မယ်ဆိုရင်လည်း အရသာတွေ ပိုရမလာပေဘူးလား။ ကိုယ်ကာယကို ဖယ်လိုက်မယ်ဆိုရင်လည်း အထိအတွေ့တွေ ပိုရမလာပေဘူးလား။ဟုမေးသောအခါ မဖြစ်နိုင်ဘူးဟုဖြေရာ ရှင်နာဂသေနက အရှင်မင်းကြီး ပြောတဲ့စကားဟာ ရှေ့နောက် မညီဘူးဟု ထောက်ပြ၏။

ဒိန္နအမတ်ကြီး အပြင်ထွက်သွားရင်လည်း ထွက်သွားတယ် ဆိုတာ သိတယ်။ အတွင်း ပြန်ဝင်လာပြီး ရှေ့မှာထိုင် နေရင်လည်း သိတယ်ဆိုရင် ဝေဒဂူက လျှာပေါက်ကနေ ဒီအရသာက ချိုတယ်၊ ခါးတယ်၊ ဖန်တယ်၊ စပ်တယ် ဆိုတာ သိနိုင်လားဟုမေးသောအခါ မသိနိုင်ဘူးဟုဖြေရာ ရှင်နာဂသေနက အရှင်မင်းကြီး ပြောတဲ့စကားဟာ ရှေ့နောက် မညီဘူးဟု ထောက်ပြ၏။

**ရှင်နာဂသေန၏ ဥပမာ**

လူတစ်ယောက်ကို ပါးစပ်လုံအောင်ပိတ်ပြီး ပျားရည်ထည့်ထားတဲ့ စားကျင်းကြီးထဲ ဆင်းစိမ်ခိုင်းမည် ဆိုပါက အဲဒီလူသည် ဒီပျားရည် ချိုတယ်,မချိုဘူးကို မသိနိုင်ပါ။ အကြောင်းမှာ - ပျားရည်၏ အရသာကို လျှာမှ သိသည်ဖြစ်ရာ သူ၏ပါးစပ်ထဲ ပျားရည်မဝင်သောကြောင့်တည်း။

အကယ်၍ မင်းကြီးယူဆသလို ဇီဝ,က ပေါက်အားလုံးကနေပြီး မြင်လည်းမြင်၊ ကြားလည်းကြား၊ သိလည်းသိသည် ဆိုလျှင်ကိုယ်ကာယကလည်း အရသာသိရမည်ဖြစ်သည်။ ဤသို့ထောက်ပြသောအခါမှ မင်းကြီး အရှုံးပေးရပြီး ရှင်နာဂသေန၏ ဆိုလိုသော အဓိပ္ပါယ်ကို ရှင်းပြရန် တောင်းဆိုလေ၏။

**ရှင်နာဂသေန၏ ရှင်းပြချက်**

**မျက်စိနဲ့အဆင်း ဆုံခြင်းကြောင့် စက္ခုဝိညာဏ်စိတ် ဖြစ်တယ်။ စက္ခုဝိညာဏ်စိတ် ဖြစ်သည့်အတွက် ကြောင့် ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ ဆိုတာတွေ ဖြစ်တယ်။** ထို့ကြောင့် မြင်တယ်ဆိုတာ ဖြစ်လာတယ်။ အကြောင်းတရားတွေက အချင်းချင်း ပေါင်းဆုံလို့ ဖြစ်ပေါ်လာပြီးရင် ချုပ်သွား

ကြတယ်။ ဘယ်သူကမှ လုပ်နေတာလည်း မဟုတ်ဘူး။ ဒါကြောင့် မြင်သိစိတ်သည် ဝေဒဂူ၊ ဇီဝ၊ အတ္တ မဟုတ်ဘဲ နာမ်တရားသာ ဖြစ်သည်။ ထို့ကြောင့် ဝေဒဂူဆိုတာ တကယ်လက်တွေ့(ပရမတ္ထ)အားဖြင့် မရရှိနိုင်ပါ။

(**မှတ်ချက်။** စက္ခုဝိညာဏ်စိတ်ကိုသာ ရှင်းပြထားပါသည်။ ကြွင်း သောတ၊ ဃာန၊ဇိဝှါ၊ကာယ၊ မန တို့ကို နည်းတူသိပါလေ။)

## (မြန်မာပြန်ထဲမှ ကူးယူထားပါသည်)

နာဂသေနမထေရ်သည် အဘိဓမ္မာနှင့် စပ်ဆိုင်သော စကားဖြင့် မိလိန္ဒမင်းကို သိစေ၏ -မင်းမြတ် ဤလောက၌ စက္ခုပသာဒကိုလည်းကောင်း၊ ရူပါရုံတို့ကိုလည်းကောင်း စွဲမှီ၍ စက္ခုဝိညာဏ် ဖြစ်ပေါ်၏။ ထိုစက္ခုဝိညာဏ်နှင့် အတူတကွ ဖြစ်ကုန်သော ထိမှု- ဖဿ၊ ခံစားမှု ဝေဒနာ၊ မှတ်သားမှု သညာ၊ စေ့ဆော်မှု စေတနာ၊ တည်ကြည်မှု ဧကဂ္ဂတာ၊ သဟဇာတ် တရားတို့ကို စောင့်ရှောက်မှု ဇီဝိတိန္ဒြေ၊ နှလုံးသွင်းမှု မနသိကာရဟူသော ဤတရားရှစ်ပါး တို့သည် စက္ခုပသာဒနှင့် ရူပါရုံ ထိခိုက်ခြင်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာကုန်၏။ အဟုတ်အမှန်အားဖြင့် ဤအရာဌာန၌ ဇီဝမည်သော ဝေဒဂူကို မရနိုင် မရသင့်ချေ။

(သောတ ပသာဒကိုလည်းကောင်း သဒ္ဒါရုံကိုလည်းကောင်း စွဲမှီ၍ ။ပ။ မနောဒွါရကိုလည်းကောင်း ဓမ္မာရုံတို့ကို လည်းကောင်း စွဲမှီ၍........ ။ပ။)

# ၃၂-စက္ခုဝိညာဏဒိပဉှ

**မဟာပညာ သံဝတ္တနိကပဋိပဒါ** -

ကြီးမြတ်သောပညာကို ဖြစ်စေနိုင်သော အလုပ်မှာ မေးခွန်းထုတ်ပြီး အဖြေရှာခြင်း ဖြစ်၏။

**ပညာပါရမီ**

ဒီကနေ့ခေတ်၌ - သူတစ်ပါးတို့ ပညာ အခွင့်အလမ်းရအောင် အားပေးခြင်းကို ပညာပါရမီဟု ယူဆကြ၏။

စာပေကျမ်းဂန်ထဲ၌ - မိမိကိုယ်တိုင်က သိလို၍ မေးမြန်း စူးစမ်းလေ့လာမှ ပညာပါရမီကို ရနိုင်၏။

Q32.1. စက္ခုဝိညာဏ်စိတ် ဖြစ်တဲ့အခါမှာ မနောဝိညာဏ်စိတ် ဖြစ်သလား?
A32.1. စက္ခုဝိညာဏ်စိတ် ဖြစ်ပြီဆိုရင် မနောဝိညာဏ်စိတ် ဖြစ်တယ်။
အဘယ်ကြောင့်ဆိုသော် - မြင်ပြီးရုံနဲ့ ရပ်မသွားဘဲ၊ မြင်ပြီးရင် လက်ခံတယ်၊ စုံစမ်းတယ်၊ ဆုံးဖြတ်တယ်၊ အလုပ် လုပ်တဲ့ ဇောစိတ်၊ ဇောကိုဆက်ခံတဲ့ တဒါရုံစိတ်တွေ ဖြစ်တယ်။

**စက္ခုဝိညာဏဝီထိဖြစ်ပုံ =** တီ,န,ဒ,ပဉ္စဒွာရာဝဇ္ဇန်း,စက္ခုဝိညာဏ်,သမ္ပဋိစ္ဆိုင်း,သန္တီရဏ,ဝုဋ္ဌော,ဇော,တဒါရုံ,ဘဝင်

**အာယတန ၁၂ပါး။ ဝိညာဏဓာတ် ၁၈ပါး**

မျက်စိသည် စက္ခာယတန၊ မျက်စိထဲမှာပေါ်လာသော အဆင်းအာရုံသည် ရူပါယတန၊ ထို အာယတန ၂-ခု ဆုံလိုက်သော အခါ စက္ခုဝိညာဏ (မြင်သိစိတ်)ဖြစ်ပေါ်လာ၏။

**အတွင်းအာယတန -၆ + အပြင်အာယတန -၆ = ဝိညာဏ(စိတ်) - ၆**

စက္ခာယတန + ရူပါယတန = စက္ခုဝိညာဏ

သောတာယတန + သဒ္ဒါယတန = သောတဝိညာဏ

ဃာနာယတန + ဂန္ဓာယတန = ဃာနဝိညာဏ

ဇိဝှါယတန + ရသာယတန = ဇိဝှါဝိညာဏ

ကယာယတန + ဖောဋ္ဌဗ္ဗာယတန = ကာယဝိညာဏ

မနာယတန + ဓမ္မာယတန = မနောဝိညာဏ

**ဝီထိစိတ်တို့ဖြစ်ပုံ ဥပမာ**

လူတွေမှာ တံခါး ၆-ပေါက် ရှိ၏၊ မျက်စိမှာ အဆင်းအာရုံ ပေါ်လာခြင်းသည် တံခါးလာခေါက်ခြင်းဖြစ်၏။

၁။ တံခါး လာခေါက်လို့ တံခါးဖွင့်ပေးတာသည် = **ပဉ္စဒွါရာဝဇ္ဇန်းစိတ်** ဖြစ်တာနှင့် တူ၏၊

၂။ တံခါးဖွင့်လို့မြင်တာသည် = **စက္ခုဝိညာဏစိတ်** ဖြစ်တာနှင့် တူ၏။

၃။ လာပါဆိုပြီး လက်ခံတာသည် = **သမ္ပဋိစ္ဆိုင်းစိတ်** ဖြစ်တာနှင့် တူ၏။

၄။ လက်ခံပြီးတဲ့အခါ စူးစမ်းတာသည် = **သန္တီရဏစိတ်**ဖြစ်တာနှင့် တူ၏။

၅။ ဘာကိစ္စလာတယ်လို့ သိမြင်ဆုံးဖြတ်နိုင်တာသည် = **ဝုဋ္ဌော** ဖြစ်တာနှင့် တူ၏။

၆။ ဝုဋ္ဌောစိတ် ဆုံးဖြတ်ချက်ပြီးတဲ့အခါ ဧည့်ခံ တာသည် = **ဇောစိတ်**ဖြစ်တာနှင့် တူ၏၊

၇။ နှုတ်ခွန်းဆက်တာသည် = **တဒါရုံ** ဖြစ်တာနှင့် တူ၏၊

၈။ ပြီးတော့ တံခါးပြန်ပိတ်သွားတာသည် = **ဘဝင်စိတ်** ဖြစ်တာနှင့် တူ၏။

Q32.2. စက္ခုဝိညာဏ် မြင်သိစိတ်က အရင်ဖြစ်ပြီး မနောဝိညာဏ်စိတ်က နောက်မှဖြစ်တာလား၊ သို့မဟုတ် မနောဝိညာဏ်စိတ်က ပထမဖြစ်ပြီး စက္ခုဝိညာဏ် မြင်သိစိတ်က နောက်မှ ဖြစ်တာလား?
A32.2. စက္ခုဝိညာဏ် မြင်သိစိတ်ဖြစ်ပြီးမှ မနောဝိညာဏ်စိတ် ဖြစ်၏။

Q32.3. စက္ခုဝိညာဏ်စိတ်(မြင်သိစိတ်က) မနောဝိညာဏ်ကို ငါဖြစ်တဲ့နေရာမှာ မင်းဖြစ်ရမယ်လို့ အမိန့်ပေးသလား (သို့) မနောဝိညာဏ်စိတ်ကလည်း စက္ခုဝိညာဏ်စိတ်ကို“မင်းဖြစ်တဲ့အခါ ငါလဲဖြစ်တယ်လို့ အသိပေးထား သလား”။
A32.3. မဟုတ်ဘူး၊ သူတို့အချင်းချင်းဟာ စကားပြောနိုင်စွမ်း မရှိကြဘူး၊ အချိတ်အဆက် မရှိဘူး။

Q32.4. အဲဒီလို သဘာဝတရားတွေဟာ တစ်ခုနဲ့တစ်ခု ချိတ်ဆက်ထားတာ မရှိဘူး၊ အဲဒီလို ချိတ်ဆက် ထားတာ မရှိဘဲနဲ့ စက္ခုဝိညာဏ်စိတ် ဖြစ်ပြီးတဲ့နောက်မှာ မနောဝိညာဏ်စိတ် ဖြစ်တယ်ဆိုတာ ဘာကြောင့်လဲ?
A32.4. အောက်ပါ အကြောင်း ၄-မျိုးကြောင့် တစ်ခုနဲ့တစ်ခုဟာ ညှိနှိုင်းတိုင်ပင်ထားတာ မရှိသော်လည်း ဖြစ်နိုင်ကြတယ်။
(၁) **နိန္န**- ညွတ်ကိုင်းခြင်း၊
(၂) **ဒွါရ**- တံခါးပေါက်ဖြစ်ခြင်း၊
(၃) **စိဏ္ဏ**- ကျင့်သားရနေခြင်း၊
(၄) **သမုဒါစာရ**- သင်ယူ လေ့ကျင့်ထားခြင်း၊

**ညွတ်ကိုင်းမှု ဥပမာ**
မိုးရွာချလိုက်တဲ့အခါ မိုးရေဟာ နိမ့်တဲ့ဘက်ကို စီးသွားတယ်၊ နောက်တစ်ခါ မိုးရွာသောအခါ ပထမ ရေစီးကြောင်း အတိုင်း စီးသွားပါတယ်။ အဲဒီလို ဖြစ်တဲ့နေရာမှာ ပထမဆုံးစီးတဲ့ရေက နောက်စီး တဲ့ရေကို မင်းငါ့နောက် လိုက်ခဲ့လို့ ရှေ့ရေ နောက်ရေ အချင်းချင်း တိုင်ပင်ပြောဆိုမှု မရှိပါဘဲ နိမ့်ရာသို့ စီးဆင်းခြင်းသာ ဖြစ်သလို စက္ခုဝိညာဏ်စိတ် ဖြစ်လို့ရှိရင် မနောဝိညာဏ်စိတ်တွေဟာ နောက်က လိုက်လာတယ်။

**တံခါးပေါက် ဥပမာ**
မြို့တစ်ခုမှာ တံခါးပေါက်တစ်ပေါက်ထဲရှိမယ်ဆိုရင် လူတစ်ယောက်ဟာ မြို့ပြင်ထွက်ချင်တဲ့အခါ အဲဒီ တံခါးပေါက် က ထွက်ရတယ်။ နောက်တစ်ယောက်ကလည်း မြို့ပြင်ထွက်ချင်တယ်ဆိုရင် အဲဒီတံခါးပေါက်က ထွက်ရတယ်။ အဲဒီအခါမှာ ပထမလူက ငါအရင် ထွက်နှင့်မယ်၊ မင်းနောက်က လိုက်ခဲ့လို့ သူတို့အချင်းချင်း ပြောဆိုခြင်း မရှိဘူး။ နောက်လူကလည်း မင်းအရင်ထွက်နှင့်၊ ငါနောက်က လိုက်ခဲ့မယ်လို့လည်း ပြောဆိုထားတာ မရှိဘူး။ ဘယ်သူက ထွက်ထွက် ဒီအပေါက်ကပဲ ထွက်ကြရတယ်၊ တစ်ဦးနဲ့တစ်ဦး အချိတ်အဆက်မရှိဘဲ ဒီအပေါက်ကပဲ ထွက်ကြသလို စက္ခုဝိညာဏ်စိတ်ဖြစ်လို့ရှိရင် မနောဝိညာဏ်စိတ်တွေဟာ နောက်ကလိုက်လာတယ်။

**အကျင့်ရမှု ဥပမာ**
“ပထမ လှည်းတစ်စီးသွားတယ်။ အဲဒီလှည်းသွားတဲ့ လှည်းလမ်းကြောင်းအတိုင်း နောက်တစ်စီးက မောင်းလိုက် တယ်၊ ဒီလှည်း ၂-စီးဟာ တစ်စီးနဲ့တစ်စီး တိုင်ပင်ထားတာ မရှိဘူး။ အဲဒီတော့ ပထမလှည်းတစ်စီးက ငါ ဒီလမ်းကသွားမယ်၊ မင်း ဒီလမ်းကလိုက်ခဲ့လို့ ပြောခဲ့တာမရှိဘူး။ နောက်လှည်းတစ်စီးက လည်းပဲ မင်းအရင်သွားနှင့်၊

ငါ ဒီနောက်က လိုက်ခဲ့မယ်လို့ ပြောတာ မရှိဘူး၊ သို့သော် လှည်းလမ်းကြောင်းကြီးဟာ ဖုန်နေတော့ ဒီလမ်းကပဲ သွားကြသလို စက္ခုဝိညာဏ်စိတ်ဖြစ်လို့ရှိရင် မနောဝိညာဏ်စိတ်တွေဟာ နောက်က လိုက်လာတယ်။

**လေ့ကျင့်မှု ဥပမာ**

ကလေးတစ်ယောက် ပထမဆုံး ပညာသင်စအခါမှာ စာရေးတာ၊စာဖတ်တာ၊ ဂဏန်းတွက်တာ နှေးကွေးတယ်။ သို့သော် အလေ့အကျင့်ရသွားပြီ ဆိုရင် အလွယ်တကူ လျင်လျင်မြန်မြန် အကုန်လုပ်နိုင်ကြသလို စက္ခုဝိညာဏ်စိတ် ဖြစ်လို့ရှိရင် မနောဝိညာဏ်စိတ်တွေဟာ နောက်က လိုက်လာတယ်။

**မနောဝိညာဏ ကြံတွေးစိတ်ဖြစ်တဲ့အခါ ဖဿဆိုတာ ဖြစ်လား? ဝေဒနာဆိုတာ ဖြစ်လား?**

ဖြစ်၏။ မနောဝိညာဏ်စိတ် ဖြစ်လျှင် - ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဝိတက်၊ ဝိစာရ စသော ဖဿနှင့် ဆက်သွယ် လာသော သဘာဝတရားများ အားလုံးဖြစ်၏။

**စိတ်တစ်ခုက အာရုံကို ရယူဖို့ရန် လက်တံ ၇ ခု နှင့်သွားပုံ**

**ဖဿ**က အာရုံကိုယူပေးရုံပဲ၊ မခံစားနိုင်ဘူး၊ **ဝေဒနာ**က အာရုံ၏ အရသာကို ခံစားတယ်၊ သူကိုယ်တိုင် မယူနိုင်ဘူး။ **သညာ** ကျတော့ အာရုံကိုမှတ် သားတယ်၊ **စေတနာ**က မိမိကိုယ်တိုင် စွမ်းဆောင်ပြီး တွန်းအားလည်းပေးတယ်။ **ဧကဂ္ဂတာ** က အာရုံ တစ်ခုထဲအပေါ်မှာ စိတ်တွေအားလုံး စုစည်းပေးတယ်။ **မနသိကာရ** က အာရုံဘက် စိတ်ကိုလှည့်ပေးတယ်။ **ဇီဝိတိန္ဒြေ** က နာမ်တရားတွေ နောက်ထပ် ဆက်လက်ရှင်သန်နေဖို့ စောင့်ရှောက်ပေးတယ်၊ ထိုစေတသိက် ၇-ခုသည် စိတ်တိုင်းမှာ ပါဝင်ပြီး အာရုံနဲ့ဆိုင်ရာ အလုပ်ကိုလုပ်၏။

## ၃၃-ဖဿလက္ခဏာပဉှာ

Q33. ဖဿဟာ အဘယ် အမှတ်သား လက္ခဏာရှိပါသလဲ?

A33. ဖဿသည် ထိတွေ့ခြင်းလက္ခဏာ ရှိ၏။ (ဖုသန လက္ခဏာ)

ဥပမာဆိုရသော် -

၁) သိုးနှစ်ကောင်ဟာ တစ်ကောင်နဲ့တစ်ကောင် ပြေးပြီး ခေါင်းချင်းတိုက်ခွေ့ကြသလို မျက်စိဟူသော ပထမသိုး တစ်ကောင်နှင့် အဆင်း ရူပါရုံ ဟူသော ဒုတိယသိုးတစ်ကောင်တို့ ပေါင်းဆုံထိခိုက်မှုသဘောသည် ဖဿ၏ သဘော ဖြစ်၏။

၂) အောက်ကခံတဲ့ လက်ဖဝါးနှင့် အပေါ်ကတီးတဲ့ လက်ဖဝါးကိုသုံးပြီး လက်ခုပ်တီးကြတဲ့အခါ ပထမလက် ဖဝါးသည် စက္ခုပသာဒနဲ့ တူတယ်(မျက်လုံးနဲ့ တူတယ်)၊ ဒုတိယ လက်ဖဝါးသည် အဆင်းအာရုံနဲ့ တူတယ်၊ အဲဒီ လက်ဖဝါး၂-ခု ဆုံမိခြင်းဟာ ဖဿနဲ့တူတယ်။

၃) လင်ကွင်းဥပမာ (လက်ဖဝါး နေရာတွင် လင်ကွင်း ပြောင်းရေးပါ)

## ၃၄-ဝေဒနာလက္ခဏပဉှာ

Q34. ဝေဒနာရဲ့အမှတ်လက္ခဏာ ကို ပြောပါဦး?

A34. ဝေဒနာသည် အာရုံ အတွေ့အကြုံရခြင်း၊ အာရုံကို ခံစားခြင်းလက္ခဏာ ရှိ၏။ (ဝေဒယိတ လက္ခဏာ)

ဝေဒနာသည် အာရုံ၏ အရသာကို သိခြင်းလက္ခဏာ ရှိ၏။ (အနုဘဝန လက္ခဏာ)

ဥပမာဆိုရသော် -

၁) ဘုရင်ကြီးကို ငါက အကူအညီပေးလိုက်လို့ ဘုရင်ကြီးက ငါ့ကိုတုန့်ပြန်သောအားဖြင့် ဆုချီးမြှင့်သောကြောင့် ငါဟာ အခုလို ချမ်းချမ်းသာသာ နေရတယ်ဟု .... ကျေးဇူးပြုခြင်းကို အကြောင်းပြုပြီး ဖြစ်ပေါ်လာသော ဝမ်းသာခြင်း စိတ်ခံစားမှုသည် ဝေဒနာ၏ သဘောဖြစ်၏။

၂) လူတစ်ယောက်ဟာ လက်ရှိဘဝမှာ ကုသိုလ်ကောင်းမှုတွေ လုပ်သည့်အတွက်ကြောင့် နတ်ပြည်ရောက်သွားတဲ့ အခါမှာ"ဪ-ငါကုသိုလ်လုပ်ခဲ့လို့ ဒီချမ်းသာ တွေကို ငါခံစားရတာပဲ"ဟု ပြန်စဉ်းစားပြီး ဖြစ်ပေါ်လာသော ဝမ်းသာခြင်း စိတ်ခံစားမှုသည် ဝေဒနာ၏ သဘောဖြစ်၏။

### ရှင်ဗုဒ္ဓဃောသ ရှင်းပြသော ဥပမာ

(**အဋ္ဌသာလိနီ အဋ္ဌကထာ**)

ဘုရင်၏ စားတော်ချက်သည် ပွဲတော်ပြင်ပြီးသောအခါမှာ ဘုရင်အား အဆိပ်ခပ်မှာစိုး၍ သူချက်သမျှ အစားအစာ များကို ဘုရင့်ရှေ့၌ မြည်းပြရ၏။ ပြီးတော့မှ ဘုရင်ကြီးက စားဖွယ်များကို အားရပါးရ အဝစား၏။

ထို့အတူ လူတို့၏ သန္တာန်၌ ဖြစ်ပေါ်လာသော စိတ် စေတသိက်တို့သည် ခံစားမှုတော့ ရှိကြသည်။ စားတော်ချက် ခံစားသလို မြည်းရုံပဲမြည်းပြီး အာရုံရဲ့အရသာကို အပြည့်အဝ ခံစားရတာ ဝေဒနာမှခံစားရတယ်။ ထို့ကြောင့် ဝေဒနာကိုသာလျှင် ဝေဒယိတ လက္ခဏာ- ခံစားခြင်းလက္ခဏာ ရှိတယ်၊ အနုဘဝန လက္ခဏာ- အာရုံရဲ့ အရသာကို သိခြင်းသဘော ရှိတယ်ဟုဆိုရ၏။

## ၃၅-သညာလက္ခဏပဉှာ

**သံ + ဉာ = သညာ = သံ** - မှတ်သားထားသည့်အတိုင်း / အမှတ်အသားပြု၍၊ **ဉာ** - သိခြင်း

Q35. သညာရဲ့အမှတ်အသား လက္ခဏာက ဘာပါလဲ?

A35. သညာ ဆိုတာ မှတ်သားခြင်း၊ အမှတ်အသားဖြင့် သိခြင်းလက္ခဏာ ရှိ၏။ (သဉ္ဇာနန လက္ခဏာ)

ဥပမာဆိုရသော် -

ဘုရင်ကြီး၏ ဘဏ္ဍာတော်ထိန်းသည် ဘဏ္ဍာတိုက်ကိုဖွင့်ပြီး အထဲ၌ရှိသော ရွှေငွေရတနာတို့ကို အရောင်ဖြင့် ခွဲခြားမှတ်သားထားသည့်အတိုင်း သိသကဲ့သို့တည်း။

### ရှင်ဗုဒ္ဓဃောသ ရှင်းပြသော ဥပမာ

လက်သမားတစ်ယောက်သည် သစ်သားတို့ကိုဖြတ် တောက်သောအခါ အမှတ်အသားပြုလုပ်ပြီးနောက် ထိုအမှတ်အသားကိုကြည့်ပြီး ပြန်ဆက်၏။ ထိုလက်သမားဆရာ၏ မှတ်သားထားသောအတိုင်း သိသကဲ့သို့တည်း။

**မဟာယာန ဘိက္ခု၊ ဘိက္ခုနီတို့၏ နဖူး အထက်နားမှ အပြောက် ၃-ပြောက်**

နဖူးကို ဘုရားမီးပူဇော်သော အမွှေးတိုင်နဲ့ထိုးလိုက်တဲ့အခါ မီးလောင်ကျွမ်းသွားပြီး ဆံပင်မပေါက်တော့ဘဲ အရာလေး ဖြစ်သွား၏။ ပထမ အပြောက်က - ကိုရင်ဝတ်ထားတယ်၊ ဒုတိယ အပြောက်က - ဘိက္ခု၊ ဘိက္ခုနီ - ရဟန်းခံပြီးပြီ။ တတိယအပြောက်က - ဗောဓိသတ္တ - သူတို့ကိုယ်သူတို့ ဘုရားအလောင်းလို့ ခံယူပြီးပြီ ဟူသော အမှတ်အသား။

**ရဟန်းတို့၏ သင်္ကန်းထောင့်၌ အစက်အပြောက် ချထားခြင်း ('ဗိန္ဒု' ထိုးခြင်း)**

ဘုရားလက်ထက်က ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၏ အဝတ်တို့ကို သူခိုးဓားပြတို့က ချွတ်ယူလိုက်၏။ ထိုအခါ ဘုရင်၏ အမှုထမ်းတို့က ဓားပြများကိုဖမ်းပြီး ခိုးယူထားသော အဝတ်တို့ကို သယ်လာပြီး ရဟန်း၊ ပုရပိုဇ်တို့အား အကုန်လုံး ရွေးခိုင်း၏။ ပုရပိုဇ်တို့က သူ့ဟာနဲ့သူ မှတ်ထားတာတွေရှိ၍ ယူသွားကြ၏၊ ရဟန်းတို့က မမှတ်မိကြ။ ထို့ကြောင့် မြတ်စွာဘုရားက အမှတ်သင်္ကေတလေးတွေ လုပ်ထားရမည်ဟုမိန့်၏။ နာမည်ရေးတာ မဟုတ်ဘဲ အစက် အပြောက်ကလေး ချထားခြင်းကို **ဗိန္ဒုထိုးသည်**ဟု ခေါ်၏။ (ဝိနည်းနှင့် ပတ်သက်သော ဗဟုသုတ)

## ၃၆-စေတနာလက္ခဏပဥှ

**တခ်ဏုပ္ပတ္တိဉာဏ်** (တခ်ဏ + ဥပ္ပတ္တိ + ဉာဏ်) = ခဏလေးအတွင်း၌ ဖြစ်ပေါ်လာသော **အသိဉာဏ်**

**မှတ်ဖွယ်။** အဘယမင်းသားက မြတ်စွာဘုရားကို မေးလျှောက်ဖူးတယ်။ "အရှင်ဘုရား၊ ပညာရှိတွေက မေးခွန်းတွေ မေးတဲ့အခါ ဘယ်လိုမေးရင် ဘယ်လိုဖြေမယ်ဆိုတာ ကြိုတင် စဉ်းစားထားပါ သလား"တဲ့။ အဘယမင်းသားဟာ မြင်းရထားနဲ့ ပတ်သက်ပြီး အလွန် ကျွမ်းကျင်တယ်။ "ရထားအကြောင်းမေးရင် သင်မင်းသား ချက်ချင်းဖြေနိုင်သလို ငါလဲ ချက်ချင်းဖြေတာပဲ ဖြစ်တယ်" လို့ မြတ်စွာဘုရားက မိန့်တယ်။

မိလိန္ဒမင်းကြီးရဲ့ မေးခွန်းတွေကို တစ်ချို့ ပုဂ္ဂိုလ်တွေဟာ ပိဋကတ်ကျွမ်းကျင်သော်လည်းပဲမဖြေနိုင်ကြဘူး။ ရှင်နာဂသေန ကတော့ တခ်ဏုပ္ပတ္တိဉာဏ်နဲ့ မိလိန္ဒမင်းကြီး စိတ်တိုင်းကျအောင် ဖြေဆိုနိုင်ခဲ့တယ်။

**ကံ = စေတနာ**

မြတ်စွာဘုရားက (နိဗ္ဗေဓိကသုတ်၌) **စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ** - ကံလို့ ပြောတာသည် စေတနာကို ပြောတာဖြစ်၏။ ထို့အတူ (၂၄)ပစ္စည်းမှာ စေတနာကို ကမ္မပစ္စယောလို့ဟော၏။

## စေတနာ ၂မျိုး

**၁။ သဟဇာတစေတနာ**

မိမိဖြစ်နေသောအခိုက် အတူတကွဖြစ်သည့်တရားတို့ကို အထောက်အကူပြုသော စေတနာ။ စိတ် (၈၉)ပါး ၌ ယှဉ်သော စေတနာအားလုံးသည် ကမ္မပစ္စယောအရ ကံအမည်ရ၏။

**၂။ နာနာက္ခဏိကစေတနာ**

ကုသိုလ်, အကုသိုလ် စိတ်တို့၌ ယှဉ်သောစေတနာ။ ကုသိုလ်,အကုသိုလ်သည် အခုဖြစ် အခုအကျိုးပေးခြင်း မဟုတ်။ စေတနာဆိုသော ကံတရား ဖြစ်ပေါ်လာမှုအခိုက်အတန့်က ခဏတစ်ခု၊ အကျိုးထုတ်လုပ်သော အခိုက်အတန့်က ခဏတစ်ခုဖြစ်သောကြောင့် နာနာက္ခဏိက ကမ္မ ဟု ဟော၏။

Q36. စေတနာဆိုတဲ့ သဘာဝတရားရဲ့ အမှတ်လက္ခဏာက ဘာလဲ?

A36. စေ့စေ့စပ်စပ် ဆော်ဩတတ်၊ တိုက်တွန်းတတ်သော လက္ခဏာ ရှိ၏။ (စေတယိတ လက္ခဏာ) အကျိုးတရားများကို ပြင်ဆင်ပြုလုပ်တတ်သော လက္ခဏာ ရှိ၏။ (အဘိသင်္ခါရဏ လက္ခဏာ)

**အကုသိုလ် စေတနာ (ဥပမာ)**

လူတစ်ယောက်သည် အဆိပ်ကို ဖော်စပ်ပြီး သူလည်း သောက်၊ တခြားလူသောက်ဖို့လည်း တိုက်တွန်းလျှင် အဆိပ်ကြောင့် သူလည်း ဒုက္ခရောက်ပြီး၊ သူတိုက်တွန်းသည့်အတိုင်း သောက်သောလူလည်း ဒုက္ခရောက်၏။
ထို့အတူ လူတစ်ယောက်သည် အကုသိုလ်အလုပ်ကို မိမိကိုယ်တိုင်လည်း လုပ်ပြီး၊ သူတစ်ပါးကိုလည်း လုပ်ဖို့တိုက်တွန်းလျှင် မိမိကိုယ်တိုင် ထိုအကုသိုလ်၏ အကျိုးကို ခံစားရပြီး နောင်ဘဝရောက်သည့်အခါ အပါယ်လေးဘုံ၌ ခံရ၏။ သူတိုက်တွန်း၍ အကုသိုလ်အမှုပြုသော သူသည်လည်း အပါယ်ဘုံရောက်ပြီး ဆင်းရဲဒုက္ခ ခံကြရ၏။

**ကုသိုလ် စေတနာ (ဥပမာ)**

ထောပတ်တို့/ပျားရည်တို့ကို ရောမွှေပြီး လူတစ် ယောက်သည် မိမိကိုယ်တိုင်လည်း သောက်ပြီး သူများကိုလည်း သောက်ခိုင်းလျှင် မိမိကိုယ်တိုင်လည်းချမ်းသာသုခရပြီး တစ်ခြားသူလည်း ချမ်းသာသုခ ရ၏။
ထို့အတူ လူတစ်ယောက်သည် ကုသိုလ်အလုပ်ကို မိမိကိုယ်တိုင်လည်း လုပ်ပြီး၊ သူတစ်ပါးကိုလည်း လုပ်ဖို့တိုက်တွန်းလျှင် မိမိကိုယ်တိုင်လည်း ကောင်းရာသုဂတိ ရောက်ပြီး ချမ်းသာရ၏။ သူတိုက်တွန်း၍ ကုသိုလ် ကောင်းမှု လုပ်သည့်သူသည်လည်း ချမ်းသာရ၏။

**ရှင်ဗုဒ္ဓဃောသ ရှင်းပြသော ဥပမာ**

“အာရုံတစ်ခုခုပေါ်မှာ အလုပ် လုပ်ကြတဲ့အခါ စေတနာကိုယ်တိုင်ကလည်း အလုပ်လုပ်တယ်၊ အတူတကွ ဖြစ်ဖော်ဖြစ်ဖက် တရားတွေကိုလည်း အလုပ်လုပ် စေတယ်”။ “တပည့်ကြီး၊ လက်သမား၊ စစ်ဗိုလ်”တို့သည် မိမိကိစ္စကိုဂုဏ်၊ သူတစ်ပါးကိစ္စကိုဂုဏ် ပြီးစေသကဲ့သို့တည်း။

## ၃၇-ဝိညာဏလက္ခဏပဉှာ

Q37. ဝိညာဏဆိုတဲ့ တရားဟာ ဘယ်လိုအမှတ်လက္ခဏာ ရှိပါသလဲ?
A37. ဝိညာဏသည် သိခြင်း လက္ခဏာရှိ၏။ (ဝိဇာနန လက္ခဏာ)

ဥပမာ -မြို့စောင့်ယောက်ျားသည် အရပ်၄မျက်နှာမှ ဝင်လာသူ အားလုံးကို သူမြို့က ဟုတ်/မဟုတ် သိသလို ၆ ဒွါရမှ ဝင်လာသမျှအာရုံ တို့ကို ဝိညာဏ်က သိ၏။

**စာပေကျမ်းဂန်လာ အသိ(၃)မျိုး (အထူး)**

၁) **သညာသိ** = မှတ်ထားသည့်အတိုင်း အမှတ်အသားဖြင့် သိသောအသိ ဖြစ်၏။
ဥပမာ- ကလေးငယ် ငွေဒင်္ဂါးကိုသိပုံကဲ့သို့
(အပြားကလေး အဝိုင်းကလေးဆိုတဲ့ ပုံသဏ္ဌာန်ကိုသာသိတယ်။ ဘယ်လောက်တန်တယ်ဆိုတာမသိဘူး။)

၂) **ဝိညာဏ်သိ** = စိတ်၏ အသိဖြစ်၏။ သညာ သိထက်ပိုသိ၏။
ဥပမာ- ပညာသင်ကြားထားခြင်းမရှိသော ပုဂ္ဂိုလ် တစ်ယောက် ငွေဒင်္ဂါးကိုသိပုံကဲ့သို့
(ဒင်္ဂါးဆိုတာ သိတယ်၊ ဘယ်လောက် တန်တယ်ဆိုတာ သိတယ်၊ သို့သော် ဒီဒင်္ဂါးဟာ ဘယ်မှာ ထုတ်လုပ်တယ်၊ ဘယ်ခုနှစ်မှာ ထုတ်လုပ်တယ်၊ ဘာနဲ့ ရောစပ် ထားတယ်ဆိုတဲ့ အသေးစိတ်ကိုတော့ မသိဘူး)

၃) **ပညာသိ** = အလွန်ထူးခြားသော အကျိုး ကျေးဇူးများ ဖြစ်ပေါ်သည့်အထိအောင် သိသော အသိဖြစ်၏။ အသိ ၃-မျိုးထဲတွင် အမြင့်ဆုံးဖြစ်၏။
ဥပမာ- ဒင်္ဂါးသွန်းလုပ်သော ပန်းထိမ်ဆရာ ငွေဒင်္ဂါးကိုသိပုံကဲ့သို့
(ဒင်္ဂါးနဲ့ ပတ်သက်ပြီး အကုန် အသေးစိတ်ကိုသိတယ်)

## ၃၈-ဝိတက္ကလက္ခဏပဉှာ

Q38. ဝိတက္က ဆိုတာ ဘယ်လို အမှတ်လက္ခဏာ ရှိပါသလဲ?
A38. ဝိတက်သည် စိတ်ကို အာရုံသို့ ထည့်သွင်းပေးခြင်း လက္ခဏာ ရှိ၏။ (အပ္ပနာ လက္ခဏာ)
ဥပမာဆိုရသော် -
လက်သမားဆရာ တစ်ယောက်သည် သစ်သားတစ်ခုနဲ့ တစ်ခု စပ်ဖို့ သူထွင်းထားတဲ့အထဲမှာ သစ်သားကို ထည့်သွင်းသကဲ့သို့၊ (စရွေးသွင်းသကဲ့သို့)။

**အဘိနီရောပန လက္ခဏာ -** စိတ်ကို အာရုံပေါ်သို့တင်ပေးခြင်းလက္ခဏာ

ယှဉ်ဖက်တရားတို့သည် ဝိတက်ကို အမှီပြုပြီး အာရုံပေါ် တက်ရောက်ကြ၏။ တောအရပ်ဒေသမှ လူတစ်ယောက်သည် ဘုရင့် နန်းတော်ကို မရောက်ဖူး၍ ဘုရင်နှင့် ရင်းနှီးသောပုဂ္ဂိုလ်ကို အမှီပြုပြီး ဘုရင့် နန်းတော်သို့ ဝင်ရောက်သကဲ့သို့တည်း။

## ၃၉-ဝိစာရလက္ခဏာပဉှ

Q39. ဝိစာရဟာ ဘယ်လိုအမှတ် လက္ခဏာ ရှိပါသလဲ။

A39. ဝိစာရသည် အဖန်ဖန်အထပ်ထပ် သုံးသပ်ခြင်း လက္ခဏာရှိ၏။ (အနုမဇ္ဇန လက္ခဏာ)

**ဝိတက်နှင့် ဝိစာရ (အထူး)**

ဝိတက် - စိတ်ကူးတယ်၊

ဝိစာရ- ကြံစည်တယ်။

ဥပမာဆိုရသော် -

၁) ကြေးမောင်း၊ ကြေးစည်တို့ တီးတဲ့အခါ ပထမဆုံး ထွက်ပေါ်လာတဲ့ အသံက တစ်ခု၊ ပြီးတဲ့အခါမှာ ဟီပြီးတော့ ဆက်ပေါ်လာတဲ့ အသံတွေလည်း ရှိတယ်။ ပထမဆုံးမြည်တဲ့ အသံဟာ ဝိတက်နဲ့ တူတယ်ပေါ့။ နောက်ဆက်ပြီးတော့ ဟီနေတဲ့အသံနဲ့ ဝိစာရနဲ့ တူတယ်။ **(ရှင်နာဂသေန)**

၂) အိုင်ကြီးထဲမှာ ပွင့်နေတဲ့ ကြာပန်းရဲ့အနံ့တွေ လေထဲမှာလွင့်ပျံနေတဲ့အခါမှာ ကြာဝတ်ဆံကို မက်မောတဲ့ ပိတုန်းကောင်ဟာ အဝေးကနေ ပျံလာတယ်။ ကြာပန်းပေါ်ကို ပထမ ထိုးဆင်းလိုက်တယ်၊ အဲဒီလို ကြာပန်းပေါ်ထိုးဆင်းတာနဲ့ ဝိတက်နဲ့တူတယ်။ ကြာပန်းပေါ်မှာ နားဖို့ နေရာရှာရင်းနဲ့ ရစ်ဝဲနေတာနဲ့ ဝိစာရနဲ့တူတယ်။ **(ဃော)**

၃) ငှက်ကြီးတစ်ကောင်ဟာ ကောင်းကင် ပျံတက်တဲ့အခါမှာ တောင်ပံတွေ ခတ်ပြီးတော့ ပျံတက်ရတယ်။ ပျံတက်သွားလို့ အတော်အသင့် မြင့်သွားတဲ့ အခါမှာ တောင်ပံမခတ်တော့ဘူး၊ ဝဲပြီးတော့နေတယ်။ အဲဒီတော့ တောင်ပံခတ်ပြီး ပျံတက်သွားတာနဲ့ ဝိတက်နဲ့တူတယ်။ ပျံဝဲနေ တာနဲ့ ဝိစာရနဲ့တူတယ်။ **(ရှင်မဟာဗုဒ္ဓဃောသ)**

# ၄။ နိဗ္ဗာနဝဂ်

## ၄၀-ဖဿာဒိ ဝိနိဗ္ဘုဇနပဉှာ

**စိတ်၊ စေတသိက်တရားများ၏ လက္ခဏာ အကျဉ်းချုပ်မှတ်သားရန်ဇယား**

| တရား | လက္ခဏာ |
|---|---|
| **ဖဿ** | **ဖုသန လက္ခဏာ** - ထိတွေ့ခြင်းလက္ခဏာ |
| **ဝေဒနာ** | **ဝေဒယိတ လက္ခဏာ** - ခံစားခြင်းလက္ခဏာ |
| | **အနုဘဝန လက္ခဏာ -** အာရုံ၏ အရသာကို သိခြင်းလက္ခဏာ |
| **သညာ** | **သဉ္ဇာနန လက္ခဏာ** - မှတ်သားခြင်း၊ အမှတ်အသားဖြင့် သိခြင်းလက္ခဏာ |
| **စေတနာ** | **စေတယိတလက္ခဏာ** - စေ့စေ့စပ်စပ် ဆော်ဩတတ်၊ တိုက်တွန်းတတ်သောလက္ခဏာ |
| | **အဘိသင်္ခရဏ လက္ခဏာ -** အကျိုးတရားတို့ကို ပြင်ဆင်ပြုလုပ်တတ်သော လက္ခဏာ |
| **မနသိကာရ** | **ဉီဟန လက္ခဏာ** - စိတ်ကူးကြံစည်မှု လက္ခဏာ |
| **ဝိတက်** | **အပ္ပနာ လက္ခဏာ** - စိတ်ကို အာရုံထဲထည့်သွင်းခြင်း လက္ခဏာ |
| | **အဘိနိရောပန လက္ခဏာ -** စိတ်ကို အာရုံပေါ် သို့ တင်ပေးခြင်းလက္ခဏာ |
| **ဝိစာရ** | **အနုမဇ္ဇန လက္ခဏာ** - အဖန်ဖန်အထပ်ထပ်သုံးသပ်ခြင်း လက္ခဏာ |
| **သီလ** | **ဥပဓာရဏ လက္ခဏာ** - တည်ရာအဖြစ်ကို ဆောင်ရွက်သော လက္ခဏာ |
| **သဒ္ဓါ** | **သမ္ပသာဒန လက္ခဏာ**- စိတ်အစဉ်ကို ကြည်လင်သန့်ရှင်းသွား အောင်လုပ်ခြင်း လက္ခဏာ |
| | **သမ္ပက္ခန္ဒန လက္ခဏာ-** ရဲရဲဝံ့ဝံ့ ဆုံးဖြတ်သွားရောက်နိုင်ခြင်း လက္ခဏာ |
| **ဝီရိယ** | **ဥပတ္ထမ္ဘန လက္ခဏာ** - အထောက်အကူပြုသော/ ထောက်ပံ့ကူညီတတ်သော လက္ခဏာ |
| **သတိ** | **အပိလာပန လက္ခဏာ** - အမှတ်ရခြင်း၊ မြုပ်နေတာကိုပေါ်လာစေခြင်း လက္ခဏာ |
| | **ဥပဂ္ဂဏှန လက္ခဏာ** - ချီးမြှောက်ခြင်း၊ ထောက်ကူပေးခြင်း၊ မြှင့်တင်ပေးခြင်း လက္ခဏာ |
| **သမာဓိ** | **ပမုခ လက္ခဏာ** - အခြေအနေကောင်းတို့ကို ဦးဆောင်ကြီးမှူးသွားသော အမှတ်အသား လက္ခဏာ |
| **ပညာ** | **ဆေဒနလက္ခဏာ** - ဆုံးဖြတ်တတ်သော လက္ခဏာ |
| | **ဩဘာသန လက္ခဏာ** - အလင်းရောင် ဖြန့်ကျင်းခြင်း / အလင်းပေးခြင်းလက္ခဏာ |
| **ဝိညာဏ** | **ဝိဇာနန လက္ခဏ -** သိခြင်းအမှတ်အသားလက္ခဏာ |

Q40. စိတ်တစ်ခုဖြစ်တဲ့အခါ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဝိတက်၊ ဝိစာရ ဆိုတဲ့ အတူတကွဖြစ်တဲ့ တရားတွေကို တစ်ခုစီတစ်ခုစီ ခွဲခြားပြီး သီးသန့်ထားလို့ ရနိုင်သလား?

A40. တစ်ခုစီ တစ်ခုစီ ခွဲဖို့ဆိုတာ အင်မတန်မှ ခဲယဉ်းလို့ ခွဲခြားဖို့ မဖြစ်နိုင်ပါ။

ဥပမာဆိုရသော် -

စားဖိုသည်,သည် အရသာမျိုးစုံပါသော ဟင်းတစ်ခွက်ဖြစ်အောင် ဟိုဟာ၊ ဒီဟာထည့်၍ ချက်ပြီးသော အခါတွင် ဘယ်ဟာက ဘယ်အရာ၏ အရသာ ဆိုသည်ကို ပြောဖို့ရန် အင်မတန်ခဲယဉ်းသကဲ့သို့တည်း။

**ရှင်ဗုဒ္ဓဃောသ ရှင်းပြသော ဥပမာ**

လူတစ်ယောက်အား ပင်လယ်ရေကို ခပ်ယူလိုက်ပြီး ဒီရေသည် ဂင်္ဂါမြစ်မှ ရေ ၊ ယမုံနာမြစ်မှ ရေ ဟုခွဲခြားပြီး သိနိုင်ပါ့မလားဟု မေးလျှင် သိဖို့ရန် ခက်သည်ဟု ဖြေဆိုသကဲ့သို့တည်း။

## ၄၁-နာဂသေနပဉှ*

“**သာကစ္ဆာယ ပညာ ဝေဒိတဗ္ဗာ”** - လူတစ်ယောက်၏ ပညာအရည်အချင်းကို ထိုပုဂ္ဂိုလ်နှင့် ဆွေးနွေးတိုင်ပင် ပြောဆိုခြင်းဖြင့် သိနိုင်၏။

Q41. + A41.

(နာ) ဆားဟာ စက္ခုဝိညာဏ်စိတ်ဖြင့် သိရတဲ့အရာလား?

(မိ) ဆားဆိုတာ မျက်စိနဲ့ကြည့်ပြီး သိနိုင်ပါတယ်။ (ဟုတ်လို့လား မင်းကြီး ဆိုတော့... . )

(မိ) ဆားဟာ လျှာနဲ့မှ သိနိုင်တဲ့အရာလား?

(နာ) ဆားဆိုတာ လျှာနဲ့မှ သိတယ်။

(နာ) ဆားကို လျှာနဲ့သာ သိနိုင်တယ်ဆိုရင် ဘာဖြစ်လို့ ဆားတွေကို လှည်းပေါ်တင်ပြီး သယ်ကြတာတုန်း?။

အငန်ဓာတ်သည် ဆားထဲမှာရှိပြီး၊ အငန်နှင့် ဆားခဲသည် တွဲဖက်ပြီးနေ၍ ခွဲလို့မရပါ။

အငန်သည် လျှာ(ဇိဝှါဝိညာဏ်)၏အာရုံ၊ ဆားခဲသည် မျက်စိ(စက္ခုဝိညာဏ်)၏ အာရုံဖြစ်သည်။ အငန်ဓာတ်မှာ အလေးချိန် မရှိသော်လည်း အငန်ဓာတ် တည်ရာဖြစ်သော ဆားခဲမှာ အလေးချိန်ရှိ၏။ ထို့ကြောင့် အငန်ဓာတ်ကို ချိန်လို့မရဘဲ ဆားခဲကိုသာ ချိန်လို့ရပါသည်။ သို့ဖြစ်၍ ဆားတွေကို လှည်းပေါ်တင်ပြီး သယ်ကြခြင်းဖြစ်ပါသည်။

**(လောဏ အရ =** အငန်ဓာတ် (မုချ)၊ ဆားခဲ(ဌာနူပစာ) ကိုရ၏။**)**

## ၄၂-ပဉ္စာယတန ကမ္မနိဗ္ဗတ္တပဉှ

Q42. မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကာယဆိုတဲ့ အာယတန ငါးမျိုးဟာ ကံအမျိုးမျိုးကြောင့် ဖြစ်တာလား (သို့မဟုတ်) တူညီသော တစ်ခုတည်းသောကံကြောင့် ဖြစ်တာလား?

A42. မတူညီတဲ့ ကံအသီးသီးကြောင့် ဖြစ်၏။

ဥပမာဆိုရသော် - စိုက်ပျိုးတဲ့ မြေကွက်တစ်ကွက်ထဲမှာ မျိုးစေ့အမျိုးမျိုးကို စိုက်မည်ဆိုရင် မတူညီတဲ့မျိုးစေ့တွေက မတူညီတဲ့ အပင်တွေ ပေါက်လာပြီး မတူညီတဲ့အသီးတွေ သီးလာသကဲ့သို့တည်း။

### ကံမျိုးစုံရှိသော ဘဝတစ်ခု

*အများနားလည်ပုံ* - လူဖြစ်စေတတ်တဲ့ကံ၊ နတ်ဖြစ်စေတတ်တဲ့ကံ စသည်ဖြင့် ဘဝတစ်ခုသည် ကံတစ်ခုပဲရှိ၏ဟု ယေဘုယျအားဖြင့် ပြောကြ၏။

*ရှင်နာဂသေန၏ အဖြေအရ* - ဘဝတစ်ခုကို ကံတစ်ခုထဲက ထုတ်လုပ်တာ မဟုတ်ဘဲ ကံပေါင်းများစွာက ထုတ်လုပ်၏။

**ဥပမာ။**

လူ့ခန္ဓာကိုယ်ကြီးမှာ မျက်စိဖြစ်ဖို့ ကံတရားက မျက်စိကို ထုတ်လုပ်၏။ နားဖြစ်ဖို့အတွက် နားကို ဖြစ်စေတတ်တဲ့ကံတရားက ထုတ်လုပ်၏။ နှာခေါင်းဖြစ်စေဖို့ အတွက် နှာခေါင်းဖြစ်စေတတ်တဲ့ ကံတရားက ထုတ်လုပ်၏။ လျှာအတွက် လျှာကိုဖြစ်စေတတ်တဲ့ ကံတရားက ထုတ်လုပ်၏။ ကိုယ်ကာယ အတွက် ကိုယ်ကာယကို ဖြစ်စေတတ်တဲ့ ကံတရားက ထုတ်လုပ်၏။ လောက၌ လူဖြစ်လာသော်လည်း တစ်ချို့ပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေတည်သော အချိန်ကတည်းက မျက်စိကန်းလာ၍ ဖွားမြင်၏။ (**ဇစ္စန္ဓ** Blind from birth)

[ဆိုလိုသည်မှာ - ကံက ပြည့်စုံအောင် ထုတ်လုပ်မှုမရှိဘူးဆိုရင် လူ့ သန္တာန်မှာ ချို့ယွင်းချက်တွေ ဖြစ်လာနိုင်တယ်။ မတူညီတဲ့ကံတရား က မတူညီတဲ့ စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ သူ့မျိုးစေ့နဲ့သူဖြစ်တယ်]

## ၄၃-ကမ္မနာနာကရဏပဉှ

Q43. လောက လူတွေဟာ ဘာကြောင့် တစ်ယောက်နဲ့တစ်ယောက် မတူကြတာလဲ?
A43. မြေကြီးပေါ်မှာ ပေါက်တာချင်း တူလျက်သားနဲ့ သစ်ပင်တွေဟာ မျိုးစေ့မတူတာကြောင့် တစ်ချို့က ချဉ်တယ်၊ တစ်ချို့က ငန်တယ်၊ တစ်ချို့က ခါးတယ်၊ တစ်ချို့က စပ်တယ်၊ တစ်ချို့က ဖန်တယ်ဆိုသကဲ့သို့ ထို့အတူ ကံတွေ မတူကြလို့ လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် မတူကြဘူး။
(သစ်ပင်မျိုးစုံဟာ ဗီဇကိုအခြေခံပြီး အရသာ ပြောင်းလဲ သလို လူတွေဟာ တစ်ယောက်နဲ့တစ်ယောက်မတူတာ ကံဆိုတဲ့ မျိုးစေ့ဗီဇနဲ့ဆိုင်တယ်)

### စူဠကမ္မဝိဘင်္ဂသုတ်

ကိုယ်လုပ်ခဲ့တဲ့ကံတရားတွေရဲ့ ကံကြမ္မာပုံရိပ်တွေဟာ ကိုယ့်ဘဝမှာ လာပေါ်တယ်။
ပါဏာတိပါတ လုပ်လို့ > အသက်တို။
ပါဏာတိပါတက ရှောင် > အသက်ရှည်။
သူများကို နှိပ်စက်ခဲ့ရင် > ရောဂါများ။
သူများကို မနှိပ်စက်+မေတ္တာပွား > ရောဂါ နည်း။
ဒေါသကြီးတဲ့သူ > အရုပ်ဆိုးတယ်။
မေတ္တာ ပွားတဲ့သူ > ရုပ်အဆင်းလှ။

**ကံတွေ မတူ ကြလို့ လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် မတူကြတာ ဖြစ်ပါတယ်”ဆိုတာကို ရှင်နာဂသေန က စူဠကမ္မဝိဘင်္ဂသုတ်ကို ကိုးကားပြီး ဆက်လက်ရှင်းပြပုံ**

“**ကမ္မဿကာ မာဏဝ သတ္တာ-** - လူငယ်၊ သတ္တဝါ တွေဟာ ကံဆိုတဲ့ကိုယ်ပိုင်ဥစ္စာ ရှိကြတယ်။ **ကမ္မဒါယာဒါ**- ကံပေးတဲ့အမွေကို ခံယူကြရတယ်။ **ကမ္မယောနိ**- ကံသာလျှင် အကြောင်းရှိကြတယ်၊ **ကမ္မဗန္ဓု** - ကံဆိုတဲ့ ဆွေမျိုးရှိကြတယ်၊ **ကမ္မပဋိသရဏာ**- ကံသာလျှင် အားကိုးရာရှိကြတယ်။ **ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယ**- အဆင့် အတန်းချင်းမတူအောင် ကံက သတ္တဝါတွေကို ခွဲခြားသတ်မှတ် ပေးနေတယ်။”

## “ဘယ်သူမပြု မိမိမှု၊ ကိုယ်လုပ်တဲ့အတိုင်း ကိုယ်ရ”

ကံတရားကို လက်ခံလိုက်မယ်ဆိုလျှင် ဘယ်သူ့ကိုမှ အပြစ်တင်စရာ မရှိတော့ပါ။ အပြစ်တင်ရင် ကိုယ့်ဟာကိုယ်ပဲ အပြစ်တင်ဖို့ ရှိပါသည်။ ဆင်းရဲတာ၊ ချမ်းသာတာ၊ အသက်ရှည်တာ၊, အသက်တိုတာ စသည်တို့သည် ကိုယ်ကိုတိုင် လုပ်ခဲ့လို့ ဖြစ်ရသောကြောင့် ဘယ်သူမှ အပြစ်တင်စရာ မလိုပါ။ ထို့ကြောင့် `**ဘယ်သူမပြု မိမိမှု၊ ကိုယ်လုပ်တဲ့အတိုင်း ကိုယ်ရ**” ဆိုသော အဓိပ္ပါယ်သည် စိတ်နေသဘောထားကို ပိုပြီး ယဉ်ကျေးသိမ်မွေ့အောင်၊ ငြိမ်းချမ်းသွားအောင် ဖြစ်စေနိုင်၏။

## ၄၄-ဝါယာမကရဏပဉှာ

Q44. ကိုယ်တော်တို့ ဘာလို့ ဘုန်းကြီးဝတ်တာတုန်း?
A44. ရပြီးသား ဒုက္ခ ချုပ်ငြိမ်းဖို့နဲ့ အသစ်ဒုက္ခ မရဖို့ဆိုတဲ့ ဒုက္ခချုပ်ငြိမ်းမှုအတွက် ဘုန်းကြီးဝတ်တာပါ။

Q44.1. အရှင်တို့ မဖြစ်သေးတဲ့ဒုက္ခတွေ မဖြစ်ရအောင်၊ ဖြစ်ပြီးဒုက္ခတွေ ချုပ်ငြိမ်းအောင်ဆိုပြီး ဒီလို ကြိုတင်ပြီး လုံ့လပြုတာဟာ ဘာအကျိုးရှိမှာလဲ။ နဖူးတွေ့ ဒူးတွေ့ တွေ့လာမှလုပ်သင့်တာ မဟုတ်လား?
A44.1. ဘယ်အရာပဲဖြစ်ဖြစ် ကြိုတင်ပြင်ဆင်လုပ်ကိုင်မှ အကျိုးပြုတယ်။ ရောက်လာမှလုပ်ရင် အကျိုးမဖြစ်ဘူး။
ဥပမာဆိုရသော် -
၁) အရှင်မင်းကြီးမှာ ဆန့်ကျင်ဘက် စစ်ပြု နေတဲ့ ရန်သူမင်းတွေရှိတယ်ဆိုလို့ရှိရင် ရန်သူတွေ ဝိုင်းပြီး စစ်တိုက်နေတဲ့ အချိန်မကျခင် ကျုံးတူး၊ မြို့ရိုးတည် ဆောက်ထားရသကဲ့သို့။
၂) အရှင်မင်းကြီးမှာ ရန်သူတွေ မလာခင်ကပင် ဆင်စီးအတတ် ၊ မြင်းစီးအတတ် ၊ ဓားခုတ်, လှံထိုး, လေးမြှားအပစ် သင်ထားရသကဲ့သို့။
၃) ရေမဆာသေးသော်လည်း “နောင်ဆာရင် သောက်ဖို့ ရေတွင်းတူးထားသကဲ့သို့ ။
၄) ထမင်းမဆာသေးသော်လည်း “နောင်ဆာရင် စားဖို့ လယ်စိုက်ထားသကဲ့သို့။

**ကြိုတင်လုပ်ရခြင်း၏ အကျိုးကျေးဇူးတို့ကို မြတ်စွာ ဘုရားဟောကြားပုံ**

**၁။ ပဋိကစ္စေဝ တံ ကယိရာ၊ ယံ ဇညာ ဟိတမတ္တနော။**

ကိုယ့်အတွက် အကျိုးဖြစ်မည်ဟု သိထားသောအလုပ်ကို ကြိုတင်ပြီးလုပ်ပါ။

**၂။ န သာကဋိကစိန္တာယ၊ မန္တာ ဓီရော ပရက္ကမေ။**

လှည်းသမားအတွေး မတွေးဘဲ၊ ပညာရှိသည် ပညာဖြင့် ကြိုတင်ပြင်ဆင်ထားရ မည်။

***(လှည်းသမားရဲ့ အတွေးဆိုတာ?)***

**၃။ ယထာ သာကဋိကော မဋ္ဌံ၊ သမံ ဟိတွာ မဟာပထံ။ ဝိသမံ မဂ္ဂမာရုယှ၊ အက္ခစ္ဆိန္နောဝ ဈာယတိ။**

လှည်းသမားတစ်ယောက်သည် ချောညက်သောလမ်းက မသွားဘဲ၊ မညီညွတ်သောလမ်း, ချောက်ကမ်းပါး ရှိသောလမ်းမှ သွားမိသောအခါ လှည်းဝင်ရိုး ကျိုးလေ၏။ မကောင်းသော လမ်းကသွားလို့ လှည်းဝင်ရိုး ကျိုးသွား ပြီဆိုရင် ထိုနေရာမှာ လက်မှိုင်ချပြီး ဒုက္ခရောက်သလိုပဲဖြစ်ရ၏။

**၃။ ဧဝံ ဓမ္မာ အပက္ကမ္မ၊ အဓမ္မ မနုဝတ္တိယ။ မန္ဒော မစ္စုမုခံ ပတ္တော၊ အက္ခစ္ဆိန္နောဝ ဈာယတိ။**

ထို့အတူ ဓမ္မလမ်းကြောင်းမှ ဖယ်ခွဲပြီး အဓမ္မလမ်းကြောင်းလိုက်ရင် ဉာဏ်နည်း သူသည် သေမင်းခံတွင်း ဆင်းရပြီ။ ထိုအခါ လှည်းဝင်ရိုးကျိုးသော လှည်းသမားလို လက်မှိုင်ချရပြီ ဖြစ်၏။

**ကြိုတင်ပြင်ဆင်မှု**

နေ့စဉ်ဘဝမှာ အဓမ္မဟူသော ဒုစရိုက်လမ်းကြောင်းကို ရှောင်ပြီး၊ ဓမ္မဟူသော သုစရိုက်လမ်းကြောင်းကို ရွေးချယ်ပြီး သွားဖို့ လိုအပ်၏။

## ၄၅-နေရယိကဂ္ဂိဉာဏ်ဘာဝပညှာ

Q45. ကျောက်ခဲတုံးလေးကို ပကတိမီးထဲထည့်ရင် တစ်နေကုန် မီးဖုတ်တောင် ကြေမွမသွားဘူး၊ ငရဲမီးထဲမှာဆိုရင် အိမ်အထွဋ်လောက်ကြီးတဲ့ ကျောက်တုံးကြီး ဖြစ်ပါစေ ထည့်လိုက်တာနဲ့ တစ်ခဏအတွင်း ကြေမွသွားမယ်၊ ဒီစကား ကျွန်ုပ်မယုံဘူး။ ငရဲမှာဖြစ်တဲ့ သတ္တဝါတွေကတော့ နှစ်ပေါင်းများစွာ ငရဲမှာ မီးဖုတ်ခံရသော်လည်း ကြေမွမသွားကြ ဘူး၊ ဒီစကား ကိုလည်း လက်မခံ နိုင်ဘူး။

A45. ရေထဲက မကာရ်မတွေ၊ မိကျောင်းမတွေ၊ လိပ်မတွေ၊ ကုန်းပေါ်က ဒေါင်းမတွေ၊ ခိုမတွေဟာ အစာစားတဲ့အခါ ကျောက်ခဲလေးတွေ မျိုမိကြပြီး ကျောက်တုံးကျောက်ခဲတွေ ကြေသွားကြသော်လည်း သူတို့ရဲ့ ဝမ်းတွင်းမှာဖြစ်တဲ့ သန္ဓေလောင်းကတော့ ကံအစွမ်းကြောင့် ကြေမသွားသကဲ့သို့ ထို့အတူ ငရဲထဲမှာဖြစ်တဲ့ ငရဲသားဟာလည်း သူတို့ရဲ့ ကံအစွမ်းကြောင့် နှစ်ထောင်ချီကြာသော်လည်း အင်မတန်မှ ပြင်းထန်တဲ့ ငရဲမီးကြောင့် ကြေမသွားကြပါ။

## ၄၆-ပထဝီသန္ဓာရကပဉှ

Q46. မြေကြီးက ရေပေါ်မှာ တည်နေတယ်၊ ရေက လေပေါ်မှာတည်နေတယ်၊ လေက အာကာသမှာ တည်နေတယ် ဒီစကားကို သူလက်မခံနိုင်ဘူး။

A46. ရှင်နာဂသေနက ရေပြင်ကြီးပေါ်မှာ မြေကြီးတည်နေ တာကိုတော့ ရှင်းမပြဘူး။ လေထုပေါ်မှာ ရေထုကြီး တည်နေတာကိုတော့ ဥပမာနဲ့ ရှင်းပြခဲ့တယ်။

ရှေးခေတ်က ရဟန်းသံဃာတွေ ခရီးသွားရာ ဆောင်ယူလေ့ရှိတဲ့ ဓမ္မကရိုဏ်ရေစစ်ကို ရေထဲနှစ်ပြီး အပေါ်ကို မလိုက်တဲ့အခါ လေအားနဲ့ဆွဲထားလို့ ရေတွေဟာ အောက်ကို ကျမသွားသကဲ့သို့ ထို့အတူ ကမ္ဘာမြေကြီးအောက်မှ ရေထုကြီးကိုလည်း လေထုကနေ ဆွဲထားပါသည်။

### ပါဠိစာပေမှာ အကြောင်းတစ်ခုခုကြောင့် လျှင်လှုပ်ပြီ ဆိုတဲ့အခါမှာ -

လေထုကြီးက စလှုပ်၏ လေထုလှုပ်တဲ့အခါမှာ ရေထုက လှုပ်၏။ ရေထုလှုပ်တဲ့အခါမှ မြေကြီးထုက လှုပ်၏။ အောက်ဆုံးက 'လေ'၊ အလယ်ခေါင်က 'ရေ'၊ အပေါ်ဆုံးက 'မြေ' အဲဒီနည်းနဲ့ လေလှုပ်လို့ ရေလှုပ်တယ်၊ ရေလှုပ်လို့ မြေလှုပ်တယ်ဟု ဆို၏။

## ၄၇-နိရောဓနိဗ္ဗာနပဉှ

**သဗ္ဗေ ဗာလပုထုဇ္ဇနာ** - ဉာဏ်ရည်ဉာဏ်သွေး မမီကြသော လူအများစုက -

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကာယ၊ မန ဆိုသော **အဇ္ဈတ္တိကာယတန** တို့ကို စွဲမက် မြတ်နိုးကြ၏၊ **ဗာဟိရာယတန** ဆိုသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ ကြံတွေးစရာအာရုံ တို့ကိုလည်း နှစ်သက် မြတ်နိုး စွဲလမ်းကြ၏။ စွဲလမ်းကြသည့် အတွက်ကြောင့် စွဲလမ်းနေသော ရေယဉ်ကြောကြီးမှာ မျောပါနေကြ၏။ တဏှာ ဆိုသော ရေယဉ်ကြောထဲမှာ မျောပါနေသည့် အတွက်ကြောင့် မွေးဖွားခြင်း၊ အိုခြင်း၊ သေခြင်းတို့မှ မလွတ်။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့မှလည်း မလွတ်။ ဒုက္ခမှန်သမျှက မလွတ်ပါ။

Q47. ဘယ်လိုချုပ်ငြိမ်းမှုဟာ နိဗ္ဗာန်ဖြစ်ပါသလဲ?

A47. **မြတ်စွာဘုရားရဲ့အဆုံးအမကို ကြားနာရတဲ့ အရိယာသာဝကများသည်** မျက်စိနား၊ နှာ၊ လျှာကာယ၊ မန ဆိုတဲ့ အဇ္ဈတ္တိကာယတန(၆)ပါးမှာ ထင်ဟပ်တတ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အထိအတွေ့ ကြံတွေးစရာအာရုံဆိုတဲ့ ဗာဟိရာယတန (၆)ပါး၊ ဆိုတဲ့ သဘာဝတရားတွေပေါ်မှာ စွဲလမ်းမှုမရှိကြဘဲ အားလုံးဟာ မမြဲတဲ့အရာတွေ၊ မမြဲခြင်း နှိပ်စက်မှုကြောင့် ဒုက္ခတွေသာဖြစ်တယ်၊ ငါမပိုင်တဲ့ အနတ္တသဘောတရားတွေသာ ဖြစ်တယ်၊ ငါလည်း မဟုတ်ဘူးငါ့ဟာလည်း မဟုတ်ဘူးလို့ ဝိပဿနာဉာဏ်နဲ့ ရှုမြင်သုံးသပ်ပြီးတဲ့ပုဂ္ဂိုလ်တွေဟာ တွယ်တာမှု တွေ မရှိဘူး၊ တွယ်တာမှု- တဏှာချုပ်သွားတဲ့အခါမှာ ဥပါဒါန်လို့ဆိုတဲ့ ငါ၊ ငါ့ဟာဆိုတဲ့ စွဲလမ်းမှုလည်း ချုပ်သွားပြီ။

ဥပါဒါန်ချုပ်သွားလို့ရှိရင် ဘဝဆိုတဲ့ ကံတရားတွေ၊ ကံတရားကြောင့် ဖြစ်ပေါ်လာတဲ့ ခန္ဓာငါးပါး ဆိုတာတွေ ချုပ်တယ်။ ဘဝချုပ်ငြိမ်းသွားလို့ရှိရင် ဇာတိဆိုတာလည်း ချုပ်ငြိမ်းသွားတယ်။
ဇာတိဆိုတာ ချုပ်ငြိမ်းသွားသည့်အတွက်ကြောင့် ဇရာ- မရဏ၊ သောက- ပရိဒေဝ၊ ဒုက္ခ-ဒေါမနဿ၊ ဥပါယာသဆိုတာလည်း မလာတော့ဘူး။ အဲဒီ ဒုက္ခဟူသမျှတွေဟာ အားလုံး အဆုံးသတ် ချုပ်ငြိမ်းသွားမှုကို နိဗ္ဗာန်လို့ခေါ်ပါတယ်။

## ၄၈-နိဗ္ဗုနလဘနပဉှာ

Q48. သတ္တဝါအားလုံးဟာ နိဗ္ဗာန်ကို ရကြသလား?

A48. သတ္တဝါအားလုံးကတော့ နိဗ္ဗာန်ကို မရပါ။ ဝိပဿနာကျင့်စဉ်ကို ကျင့်လိုက်တဲ့အခါ ဒုက္ခ၊ သမုဒယ၊ နိရောဓမဂ္ဂ လို့ဆိုတဲ့ သစ္စာလေးပါးကို အမှန်အတိုင်း သိသွားတဲ့ပုဂ္ဂိုလ်သည်သာလျှင် နိဗ္ဗာန်ရတယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေ မရဘူး။

## ၄၉-နိဗ္ဗာနသုခဇာနနပဉှာ

Q49.နိဗ္ဗာန် မရသေးတဲ့ ပုဂ္ဂိုလ်သည် နိဗ္ဗာန်ဟာ ချမ်းသာတယ်လို့ သိနိုင်သလား? if yes, how?

A49. နိဗ္ဗာန် မရသေးတဲ့ ပုဂ္ဂိုလ်သည် နိဗ္ဗာန်ဟာ ချမ်းသာတယ်လို့ သိနိုင်၏။
လက်ခြေ အဖြတ်ခံရတဲ့လူက အော်ဟစ်ပြီး ငိုကြွေးတဲ့အသံကို ကြားပြီး ကြည့်နေတဲ့ လူကလည်းပဲ ကိုယ်ကိုယ်တိုင် အဖြတ်ခံရတာ မဟုတ်သော်လည်းဘဲ ဒုက္ခကို သိသကဲ့သို့ ထို့အတူ နိဗ္ဗာန်ရတဲ့ပုဂ္ဂိုလ်တွေက (ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါတို့၏ ဥဒါန်းကျူးရင့်သံ) နိဗ္ဗာန်ဆိုတာ သိပ်ချမ်းသာတယ်လို့ ပြောတဲ့အသံကို ကြားပြီး နိဗ္ဗာန်ကို ချမ်းသာတယ်လို့ သိနိုင်ပါတယ်။

**အထူးမှတ်ဖွယ်။**

Q.နိဗ္ဗာန်ကို ချမ်းသာတယ်လို့ ပြောတာဟာ ခံစားတဲ့ဝေဒနာ မရှိဘဲနဲ့ ဘယ်လိုလုပ်ပြီး သုခလို့ ပြောနိုင်တာတုန်း?

A. ခံစားတဲ့ဝေဒနာရှိနေသေးလို့ရှိရင် သုခသည် ဝိပရိဏာမဒုက္ခ ပြောင်းလွဲသွားတာနဲ့ ဒုက္ခဖြစ်တဲ့တရား ဖြစ်တယ်။ ဝေဒနာမရှိလို့ နိဗ္ဗာန်ဟာ ချမ်းသာတယ်။ (ဥဒါယီမေး၊ ရှင်သာရိပုတ္တရာအဖြေ)

## ၅။ ဗုဒ္ဓဝဂ်

## ၅၀-ဗုဒ္ဓဿအတ္ထိနတ္ထိဘာဝပဉှ

Q50. ကိုယ်တိုင် ဗုဒ္ဓကို မြင်ခဲ့ဖူး ပါသလား?။ မမြင်ခဲ့ဘူးဆိုရင် အရှင်ဘုရားဆရာတွေရော ဗုဒ္ဓကို မြင်ခဲ့ဖူး သလား?။ အရှင်ဘုရားဆရာတွေရော ဗုဒ္ဓကို မမြင်ခဲ့ဘူးဆိုရင်ဒီလိုဆို ဗုဒ္ဓမရှိဘူးပေါ့?
A50. ဗုဒ္ဓကို ကိုယ်တိုင် မမြင်ဖူးပါ။ ဥပဇ္ဈာယ် ဆရာတွေလည်း မမြင်ဖူးပါ။
သို့သော် -
လောကမှာ အသင်မင်းကြီးကိုယ်တိုင်လည်း ဦဟာမြစ် ကို မမြင်ဖူးဘူး။ သင်မင်းကြီးရဲ့ ဖခမည်းတော်ကြီးကလည်း မမြင်ဖူးဘူးသော်လည်း (ဦဟာမြစ် အကြောင်း ရေးသားပြောဆိုထားတာတွေက ရှိသောကြောင့် ဟိမဝန္တာတောင်မှာ ဦဟာမြစ် မရှိဘူးဟု မဆိုနိုင် (ရှိတယ်) သကဲ့သို့ ထို့အတူ ငါလည်းမမြင်ဖူးဘူး၊ ငါ့ရဲ့ဆရာတွေလည်း မမြင်ဖူးဘူး ပေမယ့် ဗုဒ္ဓဆိုတာ ရှိတယ်။

### တေဝိဇ္ဇသုတ်

မြတ်စွာဘုရား - မင်းတို့ ဗြဟ္မာကို မြင်ဖူးသလား?၊

ဗြဟ္မဏ - မမြင်ဖူးဘူး။

မြတ်စွာဘုရား - ဝေဒကျမ်းတွေကို ပထမဆုံး ထီတွင်ရေးသားတဲ့ ဆရာ ရသေ့ကြီးတွေကရော ဗြဟ္မာကို မြင်ဖူးသလား?

ဗြဟ္မဏ - မြင်ဖူးတယ်လို့ ပြောသံမကြားဘူး။

မြတ်စွာဘုရား - ဗြဟ္မာ ဆိုတာလည်း တွေ့ဖူးတာမဟုတ်။ ဗြဟ္မာ့ပြည်ရောက်ကြောင်းတရားကို မသိဘဲ အခုလို ဗြဟ္မာ့ပြည်ရောက်ဖို့ ကြိုးစားနေကြတာဟာ လွဲမှားနေတာဖြစ်တယ်။

ငါက ဗြဟ္မာကိုလည်း မြင်ဖူးတယ်။ ဗြဟ္မာ့ပြည်ရောက်ကြောင်းတရားကိုလည်း သိတယ်။ ဗြဟ္မာတွေက ဘယ်လို ကုသိုလ်လုပ်ခဲ့လို့ ဗြဟ္မာဖြစ်တယ်ဆိုတာလည်း သိတယ်။ ဗြဟ္မာ့ပြည်ကို ရောက်အောင် ဘယ်လိုလုပ်ရတယ်ဆိုတာ ငါသိတယ်။

## ၅၁-ဗုဒ္ဓဿအနုတ္တရဘာဝပဉှာ

Q51. ဗုဒ္ဓဟာ အမြတ်ဆုံးလား?။ မမြင်ဖူးတဲ့ဗုဒ္ဓကို အမြတ်ဆုံးလို့ အရှင်ဘုရား ဘယ်လို ပြောနိုင် တာတုန်း?။
A51. မှန်ပါတယ်၊ ဗုဒ္ဓဟာ အမြတ်ဆုံး ပုဂ္ဂိုလ်ပါ။
ပင်လယ်ကြီးဟာ အလွန်ကျယ်ပြန့် နက်ရှိုင်းပြီး ရေတွေအားလုံးဟာ စီးဝင်တယ်ဆိုတာတွေကို မမြင်ဖူးပေမယ့် သိနိုင်သကဲ့သို့ ထို့အတူ ပရိနိဗ္ဗာန်စံသွားတဲ့ ဘုန်းတန်ခိုးကြီးမားတဲ့ မြတ်ဗုဒ္ဓရဲ့ တပည့် သာဝကတွေကိုကြည့်ပြီး မြတ်စွာဘုရားဟာ အဲဒီ ဘုန်းတန်ခိုး အကြီးဆုံးဆိုတဲ့ ပုဂ္ဂိုလ်ထက် မြင့်မြတ်တယ်ဆိုတာဟာ သိလို့ ရပါတယ်"။

## ၅၂-ဗုဒ္ဓဿအနုတ္တရဘာဝဇာနနပဉှာ

Q52. ဗုဒ္ဓဟာ အမြတ်ဆုံး ဆိုတာ သိနိုင်သလား?။
A52. နှစ်ပေါင်းများစွာ ကြာလွန်တုန်းက ရေးခဲ့တဲ့ကျမ်းတွေကို ကြည့်ပြီး တိဿမထေရ်ကြီး ရှိခဲ့တယ် ဆိုတာ သိရသကဲ့သို့ ထို့အတူ မြတ်စွာဘုရားရဲ့ မြင့်မြတ်မှုကို မြတ်စွာဘုရား ဟောကြားဆုံးမခဲ့တဲ့တရားတွေကို တွေ့ရလို့ရှိရင် မြတ်စွာဘုရားကိုတွေ့ရသလိုပဲ သိနိုင်ပါတယ်။

## ၅၃-ဓမ္မဒိဋ္ဌပဉှာ

Q53. တရားကို ကိုယ်တိုင် မြင်ပြီးပြီလား?
A53. ရှင်နာဂသေနက တရားကို သိတယ်, မသိဘူး မဖြေဘဲ မြတ်စွာဘုရားရဲ့ ဦးဆောင်မှု၊ သိစေမှုဖြင့် တပည့် သာဝကတွေ ဟာ တစ်သက်လုံး တရားအတိုင်း လိုက်နာကျင့်သုံးနေကြတာသာ ဖြစ်ပါတယ်လို့ ဖြေလိုက်တဲ့အခါ မိလိန္ဒမင်းကြီးက လက်ခံသွားတယ်။

### ရဟန်းတော်တွေအနေနှင့် ကိုယ်သိထားသော တရားကို လူတိုင်းအားပြောခွင့်မရှိခြင်း

မမှန်မကန်ပြောတာမျိုး မဖြစ်စေရန်၊ လူအထင်ကြီးအောင် ပြောတာမျိုး မဖြစ်စေရန် ကိုယ်တိုင်သိသော တရားမျိုးကို ပြောဆိုလေ့ မရှိကြပါ။

### အရိယာပုဂ္ဂိုလ်တို့သည် မိမိသိထားသော တရားကို ထုတ်ဖော်ပြောဖို့ရာ အင်မတန်မှ ဝန်လေးကြပုံ

သောတာပန် ဖြစ်သွားရင်တောင်မှပဲ သောတာပန်ဟာ သူ့ကိုယ်သူ သောတာပန်လို့ မပြောကြပါ။ သောတာပန် ပုဂ္ဂိုလ်၏ စိတ်နေသဘောထား နှစ်မျိုးမှာ (၁) သူသိသောတရားကို လူတိုင်းသိစေချင်၏။ (၂) သူ သောတာပန် ဆိုတာကို လူသိမှာ စိုး၏။ မြှုပ်ထားသောရွှေအိုး လူတွေသိမှာစိုးသလိုဖြစ်၏။

ပရိနိဗ္ဗာန်စံခါနီးကျမှ တရားထူးတရားမြတ် ရမရ သိလိုကြ၍ မေးသောအခါ ဖွင့်ဟပြောဆိုသွားကြ၏။ ဗုဒ္ဓလက်ထက်က မထေရ်ကြီးတစ်ပါးသည် အနာဂါမ်လို့ပြောရမှာရှက်၏။ သေခါနီးအခါ ဝိုင်းမေးကြသော ကြောင့် မထေရ်ကြီးက **နတ္ထိ ကိဉ္စိ**လို့ ပြောသွား၏။ **နတ္ထိ ကိဉ္စိ**ဆိုတာ ဘာမှမရှိဘူးလို့ အဓိပ္ပါယ်ရ သောကြောင့် သူ့တပည့်တို့က ဝမ်းနည်းပြီး ငိုကြ၏။ နောက် မြတ်စွာဘုရားထံ ရောက်သောအခါ ကျမှ သူပြောသည့် **နတ္ထိ ကိဉ္စိ** ဆိုတာ **အာကိဉ္စညာယတနစျာန်ရသော အနာဂါမ်ဘဝ**ကို ရည်ညွှန်းမှန်း သိရ၏။

## ၅၄-အသက်မန ပဋိသန္ဓဟနပဉှာ

Q54. ဒီဘဝမှ ကူးသွားတာ မဟုတ်ဘူး။ ပြန်စပ် တာသာ ဖြစ်တယ်။ ဟုတ်ပါသလား?

(ie. ဒီဘဝက တစ်ခုမှ ဟိုဘက်ကိုပါသွားတာမရှိဘူး။ သို့သော် ဒီဘဝ မှာလုပ်တဲ့ ကံတရားကြောင့် နောင်ဘဝမှာ အကျိုးတရား ဖြစ်ပေါ် လာတယ်)

လူတွေဟာ သေဆုံးသွားတဲ့အခါ ဒီဘဝက ရုပ်တွေနာမ်တွေဟာ နောင်ဘဝကို ကူးပြောင်းသွားတာ မဟုတ်ဘူး။ သို့သော် ဒီဘဝရုပ်နာမ်ကို အကြောင်းပြုပြီး နောင်ဘဝမှာ ပြန်စပ်သွားတာပဲ ရှိတယ်။

ဥပမာဆိုရသော် -

၁) ဆီမီးတိုင်မှမီးကူးပြီး နောက်ဆီမီး ထွန်းတယ်၊ အဲဒီမှာ နောက်ဆီမီးဟာ ပထမဆီမီးမှ ကူးပြောင်းတာ မဟုတ်သလို ပထမဆီမီးနှင့် ကင်း၍လည်း မဖြစ်သကဲ့သို့တည်း။

၂) ငယ်ငယ်တုန်းက ဆရာသင်ပေးလိုက်တဲ့ ကဗျာလေးဟာ ဆရာရဲ့ နှုတ်က သင်မင်းကြီးထံ ကူးလာတာလားတာ မဟုတ်သလို ဆရာရဲ့နှုတ်နှင့်ကင်း၍လည်း မဖြစ်သကဲ့သို့တည်း။

## ၅၅-ဝေဒဂူပဉှာ

Q55. ဝေဒဂူကို အစစ်အမှန်အားဖြင့် ရနိုင်ပါသလား?

A55. ဝေဒဂူကို ပရမတ္ထအားဖြင့် လုံးဝမရနိုင်ပါ။

## ၅၆-အညကာယသက်မနပဉှာ

**တိဗက်ဗုဒ္ဓဘာသာ**

**တန္တရမန္တရ အယူဝါဒ** ဖြစ်၏။ **'ဥုံ မဏိပဒမေ ဟုံ'** ဟူသော ဂါထာကို အခေါက်ပေါင်း ၈၄၀၀၀ ပြည့်အောင် ရွတ်လေ့ရှိ၏။ ရုပ်ခန္ဓာကြီး ပျက်စီးသွားလို့ နောက်ရုပ်ခန္ဓာ တစ်ခုမှာ ဝင်စားတယ်လို့ ယုံကြည်၏။ လူတစ်ယောက် သေဆုံး သွားပြီးနောက်မှာ ၄၉-ရက်တိတိ နောက် ခန္ဓာ အသစ် ရှာနေသော အချိန်ပိုင်းဟုဆို၏။ ထိုအယူအဆမျိုးတွေဟာ ဂျပန်နိုင်ငံက ဗုဒ္ဓဘာသာ အချို့မှာလည်း ရှိ၏။

**သတ္တဆိုတာ**

အတ္တ၊ အသက်၊ လိပ်ပြာ၊ ဝိညာဉ်ကောင်။ မြန်မာတို့က သတ္တ ကို သတ္တဝါလို့ပြော၏။ ပုဂ္ဂလ၊ သတ္တ၊ ပုရိသတို့ဆိုသော အသုံးအနှုန်းတို့သည် Philosophical Term အရဆိုလျှင် အယူဝါဒရေးရာနှင့် ပတ်သက်၏။ လက်ရှိကာယကနေပြီး နောက်ထပ် ကာယတစ်ခုကို ပြောင်းရွှေ့သွားတဲ့ (အတ္တ၊ အသက်၊ လိပ်ပြာ၊ ဝိညာဉ်ကောင်၊) သတ္တဝါဆိုတာ မရှိပါ။

ဒီကာယကနေ နောက် ကာယတစ်ခု ကူးပြောင်းသွားတာ မရှိသော်လည်း ဒီဘဝ ရုပ်နာမ်တို့နှင့် လုပ်သော ကံတရားက နောင်ဘဝ ရုပ်နာမ်အသစ်ကို ဖြစ်ပေါ်စေတာ ဖြစ်သောကြောင့် ကံနှင့်ဆက်စပ်နေသည့် အတွက်ကြောင့် အပြစ် မလွတ်နိုင်ပါ။

Q56. လောက ကြီးမှာ လက်ရှိကာယကနေပြီး တစ်ခြားကာယကို ပြောင်းသွားတဲ့ သတ္တဝါဆိုတာ ရှိပါသလား"
A56. လက်ရှိကာယကနေပြီး နောက်ထပ်ကာယတစ်ခုကို ပြောင်းရွှေ့သွားတဲ့ (အတ္တ၊ အသက်၊ လိပ်ပြာ၊ ဝိညာဉ်ကောင်) သတ္တဝါဆိုတာ မရှိပါ။

Q56.1 ဒီဘဝက ကူးသွားတာမရှိဘူးဆိုရင် မဟုတ်တာတွေလုပ်ထားတဲ့ အကုသိုလ် ကံမှ အဲဒီပုဂ္ဂိုလ် လွတ်မသွားဘူးလား။
A56.1 ဒီဘဝကသာ လိုက်ပါမသွားပေမယ်လို့ ဘဝနှစ်ခုဟာ အကြောင်းအကျိုး ဆက်စပ်မှုရှိခြင်း ကြောင့် မကောင်းမှုကံမှ မလွတ်ပါ။
ဥပမာ ဆိုရသော် -
သရက်ခြံပိုင်ရှင်စိုက်တဲ့ သရက်စေ့က ပေါက်လာသော သရက်ပင်က သီးတဲ့အသီး ဖြစ်သည့်အတွက်ကြောင့် ခိုးယူတဲ့လူက အပြစ်မလွတ်သလိုပဲ ဒီဘဝရုပ်နာမ်က လုပ်ထားတဲ့ကံတရားက မွေးထုတ်ပေးလိုက်တဲ့ ဘဝဖြစ်လို့ အဲဒီပုဂ္ဂိုလ်ဟာ ကံတရားက မလွတ်နိူင်ပါ။

## ဘဝမှာ အရေးကြီးသော အယူအဆ အသိအမြင်နှင့် ပတ်သက်ပြီး မြတ်စွာဘုရားဟောပုံ

### ၁။ ဥဘော ပုညဉ္စ ပါပဉ္စ၊ ယံ မစ္စော ကုရုတေ ဣဓ။ တဉှိ တဿ သကံ ဟောတိ၊ တဉ္စ အာဒါယ ဂစ္ဆတိ။

လူတစ်ယောက်ဟာ လက်ရှိဘဝမှာ ကောင်းတာလည်း လုပ်တယ်၊ မကောင်းတာလည်း လုပ်တယ်။ အဲဒီ ကောင်း, မကောင်း ကိုယ်လုပ်တဲ့အလုပ်ဟာ ကိုယ်နဲ့သာသက်ဆိုင်တယ်။ ကိုယ်ပိုင်တဲ့ အရာဖြစ်တယ်။ ကိုယ်လုပ်တဲ့အရာ ကိုသာ နောက် ဘဝ ယူသွားရတယ်။

### ၂။ တဉ္စဿ အနုဂံ ဟောတိ၊ ဆာယာဝ အနပါယိနီ

အဲဒီ ကိုယ်လုပ်ခဲ့တဲ့ကံသည်သာ ဘဝခရီးမှာ အရိပ်ပမာ လိုက်နေမှာပဲ။

**[မြတ်စွာဘုရားက “ကံရဲပုံရိပ်”ကို ဟောပုံ**

ကောင်းတာလုပ်ရင် ကောင်းတဲ့အကျိုး၊ မကောင်းတာ လုပ်ရင် မကောင်းတဲ့အကျိုး ဆိုတာတွေကို ရရှိခံစားရမယ်၊ လူတွေဟာ ကိုယ်လုပ်တဲ့ ကံကြမ္မာပုံရိပ်တွေအတိုင်း ထင်တယ်။]

**၃။ ကမ္မံ သတ္တေ ဝိဘဇတိ၊ ယဒိဒံ ဟီန ပဏီတတာယ"**

"မိမိလုပ်ခဲ့တဲ့ ကံတရားသည် သတ္တဝါတွေရဲ့ အထက်တန်းကျမှု, အောက်တန်းကျမှု၊ အဆိုး, အကောင်းကို ကံပဲ ဖန်တီးနေတာ ဖြစ်တယ်။ **ဥပမာ။** အသက်ရှည်ခြင်း၊တိုခြင်းသည် ပါဏာတိပါတ ကံကို ရှောင်ခြင်း၊ ကျူးလွန်ခြင်း ပေါ်မူတည်၏။

## ၅၇-ကမ္မဖလ အတ္ထိဘာဝပဉှ

Q57. ဒီရုပ်နာမ်နဲ့ ကောင်းတာရော မကောင်းတာရော၊ ကုသိုလ်ရော အကုသိုလ်ရော လုပ်ကြရာ ထိုကံတရား တွေဟာ ဘယ်မှာတည်ရှိနေပါသလဲ။
A57. သတ္တဝါတွေလုပ်တဲ့ ကံတရားတွေဟာ ဘယ်မှာ တည်ရှိနေတယ်ဆိုတာ မဖြေဘဲ “အဲဒီကံတွေက အရိပ်ပမာ တကောက်ကောက် လိုက်နေတယ်” လို့ ဖြေတယ်။

**မှတ်ဖွယ်။ ကံ၏ တည်ရာ**

ကံတရားတွေဟာ ဦးနှောက်မှာ တည်ရှိတာလည်း မဟုတ်ဘူး၊ နှလုံးသားမှာ တည်ရှိတာလည်း မဟုတ်ဘူး။ စိတ္တသန္တတိ - စိတ်ဖြစ်စဉ်မှာ တည်ရှိလို့ဆိုရမယ်။ စိတ်ဖြစ်စဉ်ဆိုတာက ရှေ့စိတ်ပျက်သွားရင် နောက်စိတ်ပေါ် တယ်။ ရှေ့စိတ်ရဲ့သတ္တိသည် နောက်စိတ်ပေါ် ရောက်သွားတယ်။ နောက်စိတ်ရဲ့သတ္တိသည် နောက်အခြားစိတ်ပေါ် ရောက်သွားတယ်။ ထို့ကြောင့် ကမ္မသတ္တိတွေ ဟာ စိတ်အစဉ် မှာပဲ တည်ရှိနေတယ်လို့ ဆိုနိုင်၏။

Q57.1. ကံတွေဟာ ဘယ်မှာရှိတယ်ဆိုတာကို အရှင် ဘုရား ပြနိုင်သလား။
A57.1. ဖြစ်စဉ်တစ်ခုက ပြတ်စဲမသွားဘဲ ရှိနေသည့်အတွက်ကြောင့် ကံတွေဟာ ဘယ်နေရာမှာ ရှိတယ်ဆိုတာ ပြဖို့မဖြစ်နိုင်ပါ။ သို့သော် လုပ်ထားသည့်ကံက အကျိုးကို ဖြစ်စေလိမ့် မယ်လို့ ဆိုနိုင်တယ်။
ဥပမာ - သရက်ပင်စိုက်ထားလို့ရှိရင် ဒီသရက်ပင်က သရက်သီး,သီးမယ်လို့တော့ ပြောနိုင်တယ်။ သို့သော် ဒီသရက်သီးက ဘယ်နားမှာရှိတယ် ဆိုတာတော့ မပြနိုင်သကဲ့သို့တည်း။

## ကံ၊ ကံ၏ အကျိုးနှင့် ပတ်သက်၍

**ဗုဒ္ဓဘာသာဝင် သူတော်စင်**တို့၏ အဓိက လက်ခံထားသောအချက်က - ကံနှင့် ကံ၏အကျိုးကို လက်ခံခြင်း ဖြစ်၏။ မြတ်စွာဘုရားကိုယ်တိုင်က **ကမ္မဝါဒီ** ကံရှိတယ်၊ **ကရိယဝါဒီ** ထိုကံကို လုပ်လို့ရတယ်လို့ ဟော၏။

ကံကို ငြင်းပယ်ရင် ဗုဒ္ဓဘာသာ မဟုတ်နိုင်ဘူး။ တစ်ခါတရံ ဗုဒ္ဓဘာသာဝင် ဖြစ်ပါလျက် ကံတရားကို ငြင်းပယ်တဲ့ အနေအထားမျိုးတွေ အရိပ်အယောင်လေးတွေ တွေ့နေရတယ်။

**ဥပမာ** - ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ ဟူသော လောကီမင်္ဂလာကို လက်ခံယုံကြည်ကြခြင်း။

သို့သော် **အိန္ဒိယနိုင်ငံမှာ** တစ်ချိန်တုန်းက ကံ၊ ကံ၏အကျိုးကို ငြင်းပယ်သောဝါဒများ ပေါ်ခဲ့ဖူး၏။

**အကိရိယဝါဒ** - ကံကို ငြင်းပယ်သောဝါဒ၊ ကံဟာ လုပ်လို့မရဘူး။

**နတ္ထိက ဝါဒ** - ကံ၏အကျိုးကို ငြင်းပယ် သောဝါဒ။

**ဟေတုကဝါဒ** - အကြောင်းကို ငြင်းပယ်သော ဝါဒ၊ ကံရော၊ ကံ၏အကျိုးရော နှစ်ခုစလုံးကို ငြင်းပယ်သော ဝါဒ။ ငြင်းပယ်သော ဝါဒတို့ကို ဒုစရိုက်တရား ၁၀-ပါး၌ မိစ္ဆာဒိဋ္ဌိ (လွဲမှား နေသော အမြင်)ဟု ဖော်ပြ၏။

## ၅၈-ဥပ္ပဇ္ဇတိဇာနနပဉှာ

Q58. ဖြစ်သူကိုယ်တိုင်က သူဖြစ်လိမ့်မယ်ဆိုတာကို သိပါသလား။
A58. Yes ,လယ်သမား တစ်ယောက်ဟာ သူ စပါးစိုက်ပျိုးတဲ့အချိန်မှာ မိုးလေဝသက အင်မတန်မှကောင်းမွန်ပြီး စပါးပင်တွေဟာ ရှင်သန်နေတာကိုကြည့်ပြီးတော့ စပါးတွေ အများကြီး ရမှာလို့ သူ ကြိုတင်ပြီး သိနိုင်သလို ထို့အတူ ဖြစ်တဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ ကိုယ်ဖြစ်လိမ့် မယ်ဆိုတာကို ကြိုတင်ပြီးတော့သိနိုင်၏။

## ၅၉-ဗုဒ္ဓနိဒဿနပဉှာ

**ဘဂဝါ အခေါ်**

မြန်မာလူမျိုးတွေက - ဘုရား။ အိန္ဒိယနိုင်ငံက - သူတို့လေးစားသော ဆရာကြီး/ ဂုရုကြီး။

**ဘဂဝါ ပုဒ်အဖွင့် (ရှင်မဟာဗုဒ္ဓဃောသ)**

**၁။ ဘဂဝါတိ ဂရု -** လေးစားထိုက်သာဆရာကို ဘဂဝါ လို့ ခေါ်၏။

**၂။ ဂရုံ ဟိ လောကေ ဘဂဝါတိ ဝဒန္တိ -** လောက လူတို့ သူတို့ လေးစားသောသူကို ဘဂဝါ လို့ ခေါ်၏။

(မြတ်စွာဘုရားသည် အလွန်လေးစားရသောပုဂ္ဂိုလ် ဖြစ်သောကြောင့် **ဘဂဝါ** မည်၏။ သာမန်သင်ကြားသော ပုဂ္ဂိုလ်ကို **- အာစရိယ** ဟုခေါ်၏။)

**နိဗ္ဗာန် ၂မျိုး**

**သဉပါဒိသေသနိဗ္ဗာန် =** ကိလေသာနှင့် ကံတရားတို့ ကုန်သွားသော်လည်း ကံနှင့်ကိလေသာတို့က ထုတ်လုပ်ထားသော ခန္ဓာကိုယ်သည် ကြွင်းကျန်နေသေးသောကြောင့် သဉပါဒိသေသနိဗ္ဗာန် မည်၏။

**အနုပါဒိသေသနိဗ္ဗာန် =** ကိလေသာနှင့်, ကံတရားတို့ ကုန်သွားပြီး ကံနှင့်ကိလေသာတို့က ထုတ်လုပ်ထားသော ခန္ဓာကိုယ်သည်လည်း မရှိသောကြောင့် အနုပါဒိသေသနိဗ္ဗာန် မည်၏။

**ကာယ သုံးပါး အယူအဆ**

မဟာယာနဗုဒ္ဓဘာသာနိုင်ငံများ - တရုတ်, ကိုရီးယား, ဂျပန်, ဗီယက်နမ်နိုင်ငံ။ မဟာယာန ဗုဒ္ဓဘာသာရဲ့ အယူအဆအရ **နိမ္မိတကာယ၊ သမ္ဘောဂကာယ၊ ဓမ္မကာယ**လို့ ကာယ ၃-မျိုးနဲ့ မြတ်စွာဘုရားကို ညွှန်းဆိုတာ ရှိတယ်။

ဒီ **ဓမ္မကာယ** ဆိုတဲ့ စကားဟာ သူတို့အတွက် သဲလွန်စ အခြေခံ ဖြစ်ကောင်းဖြစ်မယ်၊ ဓမ္မကာယ ဆိုတာ မြတ်စွာဘုရား မရှိတော့သော်လည်းပဲ မြတ်စွာဘုရားရဲ့ ကိုယ်စား တရားတွေကို ဓမ္မကာယ ဆိုတာ ဖြစ်တယ်။ (**သီလက္ခန် ဋီကာသစ်ကျမ်း** - ကျမ်းတတ်သာသနာပိုင် မောင်းထောင်းဆရာတော်ကြီးကို ပြလို့ရ၏။) ဓမ္မကို ဘုရားဟောတာဖြစ်သောကြောင့် ဓမ္မဖြင့် ဘုရားကို ညွှန်ပြလို့ ရ၏။ သို့သော် **နိမ္မိတကာယ၊ သမ္ဘောဂကာယ**လို့ ဆိုတာကတော့ နောက်ပိုင်း ဖြစ်ပေါ်လာတဲ့ အယူအဆတစ်ရပ် သာဖြစ်၏။

**ထေရဝါဒ ကျမ်းဂန်များအရ ပြောရမယ်ဆိုရင် -** မြတ်စွာဘုရားသည် **အပ္ပညတ္တိံ ဂတော**-ခေါ်ဝေါ်စရာ မရှိတော့တဲ့ အဖြစ်ရောက်သွားပြီ၊ ပရိနိဗ္ဗာန်စံသွားပြီ။ ညွှန်ပြစရာအကြောင်း ဘာမှ မရှိတော့ဘူး။ ပညတ်တင်ပြီးပြောဖို့ရာ ခန္ဓာမရှိတော့ဘူး။

Q59. ဗုဒ္ဓမြတ်စွာ ရှိပါသလား။ ဗုဒ္ဓရှိတယ်ဆိုရင် ဘယ်အရပ်မှာ ရှိတယ်လို့ ရှိတဲ့နေရာကို ပြောပြနိုင်မလား။
A59. ဗုဒ္ဓမြတ်စွာ ရှိပါတယ်။ ခန္ဓာအကြွင်းအကျန် ဘာတစ်ခုမှ မကျန်တဲ့ နိဗ္ဗာန်ဓာတ်နဲ့ ချုပ်ငြိမ်းသွားပြီ (ပရိနိဗ္ဗာန်ပြုသွားပြီ) ဖြစ်၍ ဘယ်နေရာမှာ မြတ်စွာဘုရား ရှိတယ်ဆိုတာတော့ ပြလို့မရတော့ပါ။
ဉပမာဆိုရသော် -
မီးပုံကြီးရဲ့ မီးလျှံကြီးတစ်ခု ငြိမ်းသွားသောအခါ ထိုမီးလျှံကြီးကို ဘယ်နေရာမှာရှိတယ်လို့ မပြရနိုင်သကဲ့သို့ တည်း။

**မှတ်ချက်။**
မြတ်စွာဘုရားရဲ့ ရူပကာယ, နာမကာယတော်ဟာ အနုပါဒိသေသ နိဗ္ဗာန်ဓာတ်နဲ့ ငြိမ်းသွားတာ ဖြစ်လို့ မြတ်စွာဘုရား ဘယ်မှာရှိတယ်ဆိုတာကို ပြလို့မရပါ။ သို့သော် ဘုရားဟောထားတဲ့ တရားတွေ ဖြစ်တဲ့ ဓမ္မကာယနဲ့ ပြလို့ရတယ်။

# ၆။ သတိဝဂ်

## ၆၀-ကာယပိယာယနပဉှာ

Q60. ရဟန်းတွေဟာ ကိုယ်ကာယ ကာယကို မြတ်နိုး ခင်တွယ်မှု ရှိကြသလား။ မရှိဘူးဆိုရင် ဘာဖြစ်လို့ သူတို့က ကိုယ်ကာယကို အရေးတကြီး ဂရုစိုက်ပြီး နေကြတာလဲ။
A60. မရှိပါ။
စစ်ပွဲတစ်ပွဲကို ဆင်နွှဲတဲ့အခါ ရန်သူကပစ်လို့ မြားဒဏ်ရာတွေရလာရင် ဆေးလိမ်းတာ၊ ပတ်တီးစီးတာ လုပ်ခြင်းသည် အနာကို မချစ်မပေမယ့် အသားနုတက်ပြီး အနာပျောက်စေရန် လုပ်ရခြင်းဖြစ်သလို ရဟန်းတော်တွေဟာ ကိုယ်ကာယကို ချစ်ခင်မြတ်နိုးခြင်း မရှိပေမယ်လို့ ခန္ဓာကိုယ် ကြီးကို အသုံးချပြီးတော့ မြင့်မြတ်တဲ့ အကျင့်တရားကို ကျင့်ကြံ နိုင်ဖို့အတွက် ကိုယ်ကာယကို သန့်သန့်ရှင်းရှင်း ရေမိုးချိုးပေးခြင်း။ အစာစားပေးခြင်းတို့ပြုလုပ်ရပါသည်။

### ခန္ဓာကိုယ်ကြီးသည် အနာကြီးနဲ့ တူပုံ

အနာမှ ပြည်တရွှတ်ရွှတ်နှင့် ပြည်ယို၊ သွေးယိုသလို လူ့ခန္ဓာကိုယ်ကြီးကို ကြည့်လိုက်လျှင် ဒွါရ ကိုးပေါက်ဖြစ်သော မျက်စိက မျက်ရည်၊ မျက်ချေး၊ နားက နဖာချေး၊ နှာခေါင်းက နှပ်ချေးတို့၊ လျှာက တံတွေး သလိပ်တွေ၊ ခန္ဓာကိုယ်မှာ ရှိသမျှ ကိုယ်ကာယတွေဟာ အကုန်လုံး ရွံစရာတွေချည်း ထွက်နေ၏။

### မြတ်စွာဘုရား ဟောထားပုံ

**အလ္လစမ္မပဋိစ္ဆန္နော**- စိုနေသောအရေထူ အရေပါးဖြင့် ဖုံးအုပ်ထားသော၊ **နဝဒွါရော မဟာဝဏော**- အပေါက်ကိုးပေါက် ရှိသော အနာကြီးနှင့်တူသော ဤခန္ဓာကိုယ်ကြီးက၊ **သမန္တတော ပဃ္ဃရတိ အသုစိ ပူတိ ဂန္ဓိယော**- မစင်မကြယ် ပုပ်စော်နံသောအနံ့တို့သည် ဤဝန်းကျင်ပတ်လည်မှာ ယိုထွက်နေတာသာ ဖြစ်၏။

## ၆၁-သဗ္ဗညုဘာဝပဉှာ

Q61. မြတ်စွာဘုရားဟာ’သဗ္ဗညု သဗ္ဗဒဿာဝီ’ အားလုံးကိုသိတယ်၊ မြင်တယ်ဆိုတာ ဟုတ်သလား။ ဟုတ်တယ်ဆိုရင် တပည့်တွေကို သိက္ခာပုဒ် ပညတ်တဲ့အခါမှာ ဘာဖြစ်လို့ တစ်ခါတည်း မပညတ်ပဲ တစ်ခုစီ အစဉ် အတိုင်း သိက္ခာပုဒ် ပညတ်ရပါသလဲ။
A61. ဟုတ်ပါတယ်။ အရှင်မင်းကြီးမှာ ဆေးအကြောင်းကို ကောင်းကောင်း နားလည်တတ်ကျွမ်းတဲ့ သမားတော်ကြီး ဟာ နေမကောင်းတဲ့လူကို အချိန်ကျမှဆေးတိုက်ရသကဲ့သို့ ထို့အတူ မြတ်စွာဘုရားဟာ အလုံးစုံကို သိသော်လည်း အပြစ်ကြုံလာတဲ့ အခါမှသာ သိက္ခာပုဒ်ကို ပညတ်၏။

**မှတ်ချက်။**

သို့သော်လည်း ဘိက္ခုနီမတွေနဲ့ ပတ်သက်လို့ ဂရုဓမ် ၈- ပါးဆိုတာ ကြိုတင်ပြီးတော့ ပညတ်တဲ့ အနုပ္ပန္နပညတ်ဆိုတာ ရှိတယ်။ (သမားတော်ကြီးဟာ ဆေးအားလုံးကို နားလည်သော် လည်းပဲ ရောဂါမဖြစ်ခင် ဆေးမကုသလို မြတ်စွာဘုရားဟာ လည်းပဲ အကြောင်းမပေါ်ခင် ဥပဒေ ပညတ်တာ မလုပ်ဘူးဟုဆိုလို)

## ၆၂-မဟာပုရိသလက္ခဏပဉှာ

**ဒီဃနိကာယ် ပါထိကဝဂ် လက္ခဏသုတ္တန်**နှင့် **မဇ္ဈိမနိကာယ် ဗြဟ္မာယုသုတ္တန်**တို့မှာ မြတ်စွာဘုရား၏ ရုပကာယမှာ ဖြစ်ပေါ်နေသော အမှတ်အသားတွေကို ဖော်ပြထား၏။

မြတ်စွာဘုရား၏ ရုပကာယနှင့် ပတ်သက်ပြီး ဖော်ပြထားသော မဟာပုရိသလက္ခဏာ ၃၂- မျိုး၊ လက္ခဏာတော်ငယ် ၈၀-နှင့် တန်ဆာဆင်ထားရာ၌

**ကဉ္စန သန္နိ ဘတ္တစော-** ခန္ဓာကိုယ်ကို ရွှေနှင့်တူညီသော/ရွှေရောင်အဆင်းရှိသော အရေပြားဖြင့် ဖုံးအုပ်ထား၏။

**ဗျာမပ္ပဘော**- ခန္ဓာကိုယ်က ထွက်နေသော ရောင်ခြည်ဝန်းသည် တစ်လံပမာဏ ရှိ၏။

Q62. မြတ်စွာဘုရားဟာ ၃၂-မျိုးသော ယောကျ်ားမြတ် လက္ခဏာတော်ကြီး၊ ၈၀-သောလက္ခဏာငယ်တွေနဲ့ တန်ဆာဆင်ထားတဲ့ ခန္ဓာကိုယ်ရှိတယ်။ အသားအရောင် အားဖြင့် ရွှေရောင်အဆင်းရှိတယ်။ တစ်လံပမာဏ ရောင်ခြည်ဝန်း ရှိတယ်လို့ဆိုတာ ဟုတ်ပါသလား?။ သူ့ရဲ့ မယ်တော်, ခမည်းတော်တွေရော အဲဒီအတိုင်း ရှိသလား?။

A62. Yes.

No. သူ့ရဲ့မယ်တော်, ခမည်းတော်တွေမှာတော့ ၃၂- ပါးသော ယောကျ်ားမြတ်လက္ခဏာ၊ လက္ခဏာတော်ငယ် ၈၀-နဲ့ တန်ဆာဆင်ထားတဲ့ ခန္ဓာကိုယ်၊ ရွှေရောင်အဆင်းနဲ့ တစ်လံလောက်ထွက်နေတဲ့ အရောင်အဝန်းတို့ မရှိကြပါ။

ဥပမာဆိုရသော် -

ပဒုမ္မာကြာဟာ ရေထဲမှာနေတာ ဖြစ်သောကြောင့် ရေနဲ့ အနံ့၊ အဆင်း၊ အရသာ မတူပါသကဲ့သို့တည်း။

### ပွင့်ချပ်တစ်ရာ ပဒုမ္မာ

**သတပတ္တ** - ပွင့်ချပ်/ပွင့်ဖတ် တစ်ရာ။ ပဒုမ္မာကြာပန်း၏ ကြာပွင့်ချပ်တို့၏ အရေအတွက်ကို ဆိုလိုသည်။ ဤ၌ ရံဖန်ရံခါ တစ်ရာမပြည့် သော်လည်း **သတ**-ဟုသုံးနိုင်သည်။ **သတ** သဒ္ဒါသည် ရံဖန်ရံခါ အများဟူသော အဓိပ္ပါယ်ကို ဖော်ပြသည်။ ပဒုမ္မာကြာပန်းသည် ရွှံ့ညွန်၌ ပေါက်သော်လည်း သူတည်ရှိရာ ရေ၊ ရွှံ့ညွန်တို့နှင့် အရောင်အဆင်း၊ အနံ့၊ အရသာ မတူပါ။

## ၆၃-ဘဂဝတောဖြဟ္မစာရီပဉှ

**ဖြဟ္မစာရီ** စကားလုံးတွင် ရှေ့ပုဒ် **ဖြဟ္မ** က အနက် ၂-မျိုးရှိ၏၊ **ဖြဟ္မ**- ဖြဟ္မာ (သို့) မြင့်မြတ်သော။

မိမိ ပြောလိုသော အဓိပ္ပါယ်ကို ဂုဏ်ထားပြီး အဓိပ္ပါယ် ၂-မျိုးထွက် ဝေါဟာရဖြင့် မေးခွန်းထုတ်ခြင်းမျိုးကို **ဝဋ္ဋတာပဟေဠိ** လို့ ခေါ်ပါသည်။

Q63. ဗုဒ္ဓဟာ ဖြဟ္မစာရီလား။ ဗုဒ္ဓဟာ ဖြဟ္မစာရီဟုတ်လျှင် ဗုဒ္ဓဟာ ဖြဟ္မာရဲ့တပည့်လော?၊
A63. မှန်ပါတယ်, လေးစားအပ်တဲ့ မြတ်စွာဘုရားဟာ ဖြဟ္မစာရီပါ။
မင်းကြီးရဲ့ ဆင်ကြီးဟာ ရုံဖန်ရံခါ ကြိုးကြာသံလို အော်တယ်ဆိုသော်လည်း ဆင်ကြီးဟာ ကြိုးကြာငှက်ရဲ့ တပည့်မဟုတ်သကဲ့သို့ ဖြဟ္မစာရီ ဆိုတာနဲ့ ဖြဟ္မာရဲ့တပည့် မဟုတ်ပါ။

**မှတ်ချက်။** ရှင်နာဂသေနဆိုလိုရင်း **ဖြဟ္မစာရီ** ="မြတ်သောအကျင့်ကို ကျင့်ခြင်း"။
မိလိန္ဒမင်းကြီး ဆိုလိုရင်း **ဖြဟ္မစာရီ**= "ဖြဟ္မာလိုကျင့်သူ/ ဖြဟ္မာရဲ့အကျင့်ကိုကျင့်သူ/ ဖြဟ္မာရဲ့နောက်လိုက်"

Q63.1. ဖြဟ္မာဟာ ဗုဒ္ဓိက လား၊ အဗုဒ္ဓိက လား?။
A63.1. ဖြဟ္မာဟာ ဗုဒ္ဓိကဖြစ်တယ်။
**(ဗုဒ္ဓိက** = အသိဉာဏ်ရှိသူ သို့မဟုတ် ဗုဒ္ဓ ကို ကိုးကွယ်သူ။ **အဗုဒ္ဓိက** = အသိဉာဏ်မရှိသူ၊ ဗုဒ္ဓကို မကိုးကွယ်သူ)

## ၆၄-ဘဂဝတော ဥပသမ္ပဒါပဉှ

**ဥပသမ္ပဒါ** = ရဟန်း အဖြစ်သို့ရောက်ခြင်း (သို့) မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်ရှိခြင်း၊

**ဥပရိဘာဝ သမ္ပန္န** = အထက်အဆင့် တိုးမြှင့် ရောက်ရှိခြင်း၊

### မြတ်စွာဘုရား၏ ဥပသမ္ပန္န နှင့် သာဝကတို့၏ ဥပသမ္ပဒါ ဖြစ်ပုံ အထူး

သာဝကတို့၌ တစ်ခြားပုဂ္ဂိုလ်တို့က **ဥပသမ္ပဒ** အဖြစ် ပေးရ၏။ မြတ်စွာဘုရား၏ စည်းမျဉ်းစည်းကမ်းအရ ဥပမာ-ကိုရင်တစ်ပါးကို ရဟန်းခံမည်ဆိုလျှင် စည်းမျဉ်းစည်းကမ်းအရ သိမ်ထဲ၌ သံဃာတို့က ဉတ်ကမ္မဝါစာ ရွတ်ဖတ်ပြီး ရဟန်း အဖြစ် မြှင့်တင်ပေးရ၏။ မြတ်စွာဘုရား၌ ထိုကဲ့သို့ သူများကပေးသော **ဥပသမ္ပဒါ** မရှိပါ။ သဗ္ဗညုတဉာဏ် ရလိုက်တာနှင့် တစ်ပြိုင်နက် **ဥပသမ္ပန္န** ဖြစ်၏။

**မှတ်ချက်။** မြတ်စွာဘုရားက ဥပသမ္ပဒါ လုပ်နည်းကားကို သာဝကတွေကို ပညတ်ပေးခဲ့သောကြောင့် သာဝကတွေက တစ်သက်လုံး လိုက်နာရမယ့်အချက် ဖြစ်၏။

Q64. မြင့်မြတ်သော အဖြစ်သို့ ရောက်ခြင်းဆိုတဲ့ ဥပသမ္ပဒါဟာ ကောင်းသလား။ မြတ်စွာဘုရားမှာ ဥပသမ္ပဒါ ရှိသလား၊ မရှိဘူးလား?။ (ဥပသမ္ပဒါဟာ ကောင်းတယ်ဆိုရင် မြတ်စွာဘုရားဟာ ရဟန်းခံထားသလား၊ ရဟန်းမခံဘူးလား။ ဘုရားဟာ ဥပသမ္ပဒါ ရှိသလား? မရှိဘူးလား? လို့ မေးတာဖြစ်တယ်။)

A64. Yes.

မြတ်စွာဘုရားဟာ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရလိုက်တာနဲ့ တစ်ပြိုင်နက် ဥပသမ္ပန္န- မြင့်မြတ်တဲ့ ရဟန်း အဖြစ်ကို ရောက်ရှိသွားပြီ။ သာဝကတွေမှာလို သူတစ်ပါးတွေပေးတဲ့ ဥပသမ္ပဒါတော့ မရှိဘူး။

## ၆၅-အသုဘေသဇ္ဇာ' ဘေသဇ္ဇပဉှ

Q65. အမေသေလို့ ငိုတဲ့ပုဂ္ဂိုလ်ရယ်၊ တရားဓမ္မကို မြတ်နိုးပြီးတော့ တရားထူးတရားမြတ်ရတဲ့အခါမှာ ဝမ်းသာလွန်းအားကြီးပြီး ငိုတဲ့ ပုဂ္ဂိုလ်ရယ် အဲဒီနှစ်ယောက်ရဲ့ မျက်ရည်ဟာ ဘယ်သူ့ မျက်ရည်က ဆေးဖြစ်ပြီး ဘယ်သူ့မျက်ရည်က ဆေးမဖြစ်သလဲ?။

A65. "အမေသေလို့ ငိုတဲ့သူတစ်ယောက်ရဲ့မျက်ရည်က ရာဂ၊ ဒေါသ၊ မောဟဆိုတဲ့ အညစ်အကြေးရှိတယ်။ပူတယ်။ တရားထူးတရားမြတ်ရတဲ့အခါမှာ ဝမ်းသာလွန်းအားကြီးပြီး ငိုတဲ့သူရဲ့ ဝမ်းသာပီတိဖြစ်ပြီး ကျတဲ့ မျက်ရည်ကတော့ အညစ်အကြေးကင်းတယ်၊ အေးတယ်။ အေးတဲ့ မျက်ရည်က ဆေးဖြစ်ပြီး ပူတဲ့မျက်ရည်က ဆေးမဖြစ်ဘူး"။

**(မှတ်ချက်။** ရောဂါကိုပျောက်စေတတ်တဲ့ ဆေးဖြစ်တယ် မဖြစ်ဘူးကို ပြောတာတော့ မဟုတ်ဘူး။)

## ၆၆-သရာဂ ဝီတရာဂ နာနာကရဏပဉှ

Q66. ရာဂရှိတဲ့ပုဂ္ဂိုလ်ရယ်၊ ရာဂကင်းတဲ့ ပုဂ္ဂိုလ်ရယ်၊ သူတို့နှစ်ဦးရဲ့ ကွဲပြားခြားနားချက်က ဘာလဲ?။ လွှမ်းမိုးခံရတယ်၊ လွှမ်းမိုးမခံရဘူး ဆိုတာ ဘာပြောတာလဲ?

A66. ရာဂရှိတဲ့ပုဂ္ဂိုလ်- လိုချင်မှုရှိတယ်။ ရာဂရဲ့ လွှမ်းမိုးမှုကို ခံရတယ်။

ရာဂကင်းတဲ့ပုဂ္ဂိုလ် - လိုချင်မှု မရှိဘူး။ ရာဂရဲ့ လွှမ်းမိုးမှုကို မခံရဘူး။

**သရာဂ၊ ဝီတရာဂ ပုဂ္ဂိုလ် ၂ဦး၏ အထူး**

| သရာဂ ပုဂ္ဂိုလ် | ဝီတရာဂ ပုဂ္ဂိုလ် |
|---|---|
| ရာဂရှိသူက ရာဂ၏ လွှမ်းမိုးမှု ခံရ၏။ | ရာဂမရှိသူက ရာဂ၏ လွှမ်းမိုးမှု မခံရပါ။ |
| လိုချင်မှုရှိ၏။<br><br>အကောင်းကြိုက်တာခြင်းတူသော်လည်း<br><br>ရာဂရှိသူ၏ အကောင်းကြိုက်မှုက အရသာလည်း ခံ၏။ အရသာပေါ် တွယ်တာသော တဏှာကလည်း သူ့ကို လွှမ်းမိုး၏။ | လိုချင်မှုမရှိပါ။<br><br>ရာဂကင်းပြတ်သော ရဟန္တာပုဂ္ဂိုလ်သည် အရသာကို သိ၏၊ သို့သော် အရသာအပေါ် တွယ်တာသော တဏှာက သူ့ကိုလွှမ်းမိုးခြင်း မရှိပါ။ |

**ရာဂ၏ လွှမ်းမိုးမှုရှိ/မရှိ?**

**ရှင်အာနန္ဒ ရှင်းပြပုံ**

မြတ်စွာဘုရား၌ မျက်စိ၊ နား၊ နှာခေါင်း, လျှာ, ကိုယ်ကာယတို့ရှိသလို သာမန်ပုဂ္ဂိုလ်တို့၌လည်း ရှိ၏။ မျက်စိ၊ နား၊ နှာခေါင်း, လျှာ, ကိုယ်ကာယတို့မှ ကောင်းသောအာရုံကိုလည်း သိရ၏။ မကောင်းသော အာရုံကိုလည်း သိရ၏။

**ထူးခြားချက်မှာ -**

*သာမန်ပုဂ္ဂိုလ်တို့က* ကောင်းသော အာရုံ၌ လောဘဖြစ်၍ မကောင်းသောအာရုံ၌ ဒေါသဖြစ်၏။ *မြတ်စွာဘုရားက* ကောင်းတာကို ကောင်းတယ်လို့ သိတယ်၊ လောဘ မဖြစ်ပါ။ မကောင်းသော အာရုံ၌လည်း မကောင်းဘူးလို့ သိတယ်၊ ဒေါသ မဖြစ်ပါ။

## ၆၇-ပညာပတိဋ္ဌာနပဉှ

**ပဋိပုစ္ဆာ ဝိနီတ -**

မြတ်စွာဘုရားသည် သတ္တဝါတို့ကို ဆုံးမသွန်သင်သောအခါ ပြန်လှန်မေးခွန်းထုတ်ပြီး ဆုံးမသွန်သင် လေ့ရှိ၏။

**ဥဂ္ဂဟ ပရိပုစ္ဆာ**

မြတ်စွာဘုရား၏ အဆုံးအမ တရားတော်တို့သည် -

**ဂမ္ဘီရ**- နက်နဲ၏၊

**ဒုဒ္ဒသ**-မြင်ဖို့ခက်၏၊

**ပဏ္ဍိတဝေဒနီယ**-ပညာ ထက်မြက်သော ပုဂ္ဂိုလ်တို့သာ သိနိုင်၏။

**အတက္ကာဝစရ**- ယုတ္တိကျသောနည်းဖြင့် ချဉ်းကပ်ပြီး ကြောင်းကျိုးဆင်ခြင်ရုံနှင့် မသိနိုင်။

**နိပုဏော**-အလွန်သိမ်မွေ့၏။

ထို့ကြောင့် **ဥဂ္ဂဟ**- သင်ယူခြင်း၊ **ပရိပုစ္ဆာ**- ဆွေးနွေးမေးမြန်းခြင်းဖြင့် သိအောင် ကြိုးစား ကြရမည်။

Q67. လူတွေရဲ့အသိပညာဆိုတာ ဘယ်မှာ တည်ရှိနေသလဲ၊[ **ကုဟိံ ပညာ ပဋိဝသတိ**]
A67. လောကမှာ လေရှိတယ်ဆိုတာ လူတိုင်းက လက်ခံသော်လည်း လေရဲ့တည်ရာဌာနကိုပြပါဆိုရင် ပြဖို့ခက်သကဲ့သို့ ထို့အတူ ပညာဆိုတာ ရှိပြီး ဘယ်နေရာမှာ တည်ရှိသည်ကို ပြဖို့ခက်၏။

## ၆၈-သံသာရပဉှာ

**သံသရတိ > သံသာရ = (သံသရာ)**

အဖန်ဖန် အထပ်ထပ် လှည့်လည်တတ်သောကြောင့် 'သံသာရ' (သံသရာ)ဟု ခေါ်၏။

Q68. သံသရာဆိုတာ ဘယ်ဟာလဲ?

A68."ဒီဘဝမှာမွေးပြီး ဒီဘဝမှာသေတယ်။ သေပြီးရင် နောက် ဘဝတစ်နေရာမှာ ဖြစ်ပြန်တယ်။ တစ်ခါ အဲဒီဘဝမှာ မွေးပြန်တယ်၊ မွေးပြီးရင် တစ်ခါသေမယ်။ သေပြီးရင် တစ်ခါဖြစ်ပြန်တယ်။ ဒါကို သံသရာလို့ ဆိုလိုတယ်"

ဥပမာဆိုရသော် -

လူ တစ်ယောက်ဟာတဲ့ သရက်သီးမှည့်ကိုစားပြီး အစေ့ကို မြေကြီးမှာ စိုက်တယ်။ အဲဒီ စိုက်လိုက်တဲ့အပင်ဟာ ကြီးလာပြီး အသီးသီးတယ်။ တစ်ခါ အဲဒီအပင်က အသီးကို စားပြီးစိုက်၊ အပင်ပေါက် အသီးသီး၊ အဲဒီနည်းအတိုင်း ဖြစ်တဲ့အခါ သရက်ပင်တို့ရဲ့အစကို မသိနိုင်တော့ဘူး။

"ထို့အတူ လူတစ်ယောက်တည်းမှာ ဘဝပေါင်း မြောက်များစွာ မွေးလိုက်သေလိုက် စဉ်ဆက်မပြတ် ဖြစ်ပေါ်နေတာဟာ သံသရာဖြစ်တယ်။

(**တစ်နည်း**) ခန္ဓာအာယတန၊ ဓာတ်တွေဟာ မပြတ်မစဲ ဆက်လက် ဖြစ်ပေါ်နေခြင်းဟာ သံသရာဖြစ်တယ်။

## ၆၉-စိရကတသရဏပဉှာ

Q69. လူတွေဟာ ငယ်စဉ်က လုပ်ခဲ့တဲ့ဟာ တွေကို ပြန်ပြီး အမှတ်ရကြတယ်၊ အဲဒီအမှတ်ရတာဟာ ဘယ်အရာနဲ့ အမှတ်ရသလဲ"သတိနဲ့မှတ်မိတာ မဟုတ်ဘဲ စိတ်နဲ့မှတ်မိတာမဟုတ်လား?

A69. သတိနဲ့ အမှတ်ရတယ်။ စိတ်နဲ့မှတ်မိတာမဟုတ်။ အကြောင်းမှာ - အလုပ်တစ်ခုလုပ်ရမှာ မေ့နေခြင်းသည် စိတ်ကင်းမဲ့နေတာ မဟုတ်ဘဲ သတိသာ မရှိနေခြင်းသာ ဖြစ်သောကြောင့်တည်း။

## ၇၀-အဘိဇာနန္တသတိပဉှာ

Q 70. သတိအားလုံးဟာ မွေးရာပါပင်ကိုယ်အသိရှိပြီး မှတ်မိတာလား (သို့) တစ်ဦးဦးက သတိရစေလို့ အမှတ်ရတာလား"

A70. ၂-မျိုးလုံးပင်ဖြစ်၏။

Q70.2. သတိဟူသမျှ **အဘိဇာနန္တ သတိ**သာ ဖြစ်တယ်၊ **ကဋ္ဌုမိကာ သတိ** မရှိနိုင်ဘူး? If yes, why?

A70.2. **ကဋ္ဌုမိကာ သတိ** ရှိနိုင်ပါသည်။ အကြောင်းမှာ - သင်ကြားမှတ်သားပြီး နှိုင်းယှဉ်သိတဲ့ ကဋ္ဌုမိကာ သတိမျိုး၊ ဉာဏ်နဲ့ယှဉ်တဲ့သတိမျိုး မရှိဘူးဆိုရင် လောကမှာ အတတ်ပညာရှင်တွေ၊ ပညာသင် ကျောင်းတွေ တစ်ခုမှ မလိုအပ်တော့ဘူး"ဖြစ်သော ကြောင့်တည်း။

**မှတ်ချက်။**

**အဘိဇာနန္တိသတိ**= မွေးရာပါအသိနဲ့ မှတ်မိသော သတိ၊ **ကဋ္ဌုမိကာသတိ** = အခြားသူတစ်ယောက်ပေးတဲ့ အသိ။

# ၇။ အရူပဓမ္မဝဝတ္ထာနဝဂ်

## ၇၁-သတိဥပဋ္ဌနပဉှ

**ဇာတိဿရ** = **ဇာတိ** - အတိတ်ဘဝ အဖြစ်အပျက်များကို၊ **သရ** - အမှတ်ရခြင်း။ [ဥပမာ - ရှင်အာနန္ဒ၊ ခုဇ္ဇုတ္တရာ]

Q71. သတိဖြစ်ခြင်း အကြောင်း ဘယ်နှစ်မျိုးရှိပါလဲ"
A71. သတိဖြစ်ကြောင်းတရား ၁၇-မျိုးရှိတယ်"

(၁) **အဘိဇာနန္တသတိ** - မွေးရာပါသတိနဲ့ လူတွေဟာ ဘဝဟောင်းကို မှတ်မိခြင်း
(၂) **ကဋုမိကာသတိ** -သင်ယူပြုလုပ်မှုကို အကြောင်းပြုပြီး မှတ်မိခြင်း
(၃) **ဩဠာရိကဝိညာဏတောပိ** -သိသာထင်ရှားတဲ့ အကြောင်းကြောင့်မှတ်မိခြင်း
(၄) **ဟိတဝိညာဏတောပိ** -အကျိုး ပြုတဲ့ အသိစိတ်ကြောင့်မှတ်မိခြင်း
(၅) **အဟိတဝိညာဏ** - သုခနဲ့ မှတ်မိသလိုပဲ ဒုက္ခရောက်ခဲ့တာတွေကိုလည်း လူတွေက စွဲစွဲမြဲမြဲ မှတ်မိခြင်း

(၆) **သဘာဂနိမိတ္တတောပိ** - ပုံတူ အာရုံတစ်ခုတွေ့၍ မှတ်မိခြင်း
(၇) **ဝိသဘာဂ နိမိတ္တတောပိ** - မတူတာတွေ့လို့ရှိရင် လည်း တူတာတွေကိုသွားပြီး မှတ်မိခြင်း
(၈) **ကထာဘိညာဏတော** - တစ်ဦးဦးက သတိပေး စကား ပြောခြင်းကြောင့် မှတ်မိခြင်း
(၉) **လက္ခဏတော**- အမှတ်အသား လုပ်ထားလို့ အမှတ် အသားကြောင့်လည်း မှတ်မိခြင်း

(၁၀) **သာရဏတော** - ကိုယ့်အပေါင်းအသင်းတွေ၊သတိပေးလို့ မှတ်မိခြင်း
(၁၁) **မုဒ္ဒါတော** (ဗုဒ္ဓတော)- စာပေသင်ကြားတဲ့ အခါမှာလည်းပဲ ဒီစာလုံးတွေကို မှတ်မိခြင်း
(၁၂) **ဂဏနာတော** - ဂဏန်းသင်ထားရင် ဂဏန်းနည်းနဲ့ လည်းမှတ်မိခြင်း
(၁၃) **ဓာရဏတော** - ဆောင်ထားခြင်းကြောင့်မှတ်မိခြင်း

(၁၄) **ဘာဝနာတော** - သတိတိုးတက်လာအောင် သတိ သမ္ပဇဉ ကျင့်စဉ်တစ်ခုကျင့်ခြင်းကြောင့် မှတ်မိခြင်း
(၁၅) **ပေါတ္ထကနိဗန္ဓနတော** - စာအုပ်မှာ မှတ်တမ်းတင် ထားခြင်းကြောင့်လည်း မှတ်မိခြင်း
(၁၆) **ဥပနိက္ခေပတောပိ** -အနီးအနား ချပြတဲ့ပစ္စည်းကိုကြည့်ပြီး တွေ့ဖူးရင် တွေ့ဖူးတယ်၊ မတွေ့ဖူးရင် မတွေ့ဖူးဘူး ဆိုပြီး မှတ်မိခြင်း၊
(၁၇) **အနုဘူတတောပိ** - ကိုယ်တိုင် ကြုံတွေ့ခံစားမှု၊ ခံစားဖူးလို့ရှိရင်လည်း မှတ်မိခြင်း

[**ဆောင်** - အဘိ၊ ကု၊ ဩဠာ၊ ဟိတ၊ အဟိတနဲ့ ။ သဘာ၊ ဝိသ၊ ကထာ၊ လက္ခဏ။ သာရ၊ ဗုဒ္ဓ၊ ဂဏ၊ ဓာရ။ ဘာ၊ ပေါ၊ ဥပ၊ အနုဘူတ။]

## သတိဖြစ်ကြောင်းတရား (၁၇)ပါး

၁။ **အဘိဇာနန္တ** -အမြဲသိမှတ်သောအားဖြင့်

၂။ **ကဋုမိကာ** - (အခြား သူတို့) လှုံ့ဆော်သောအားဖြင့်

၃။ **ဩဠာရိကဝိညာဏ** - ထင်ရှားသောအာရုံကို သိသောအားဖြင့်

၄။ **ဟိတဝိညာဏ** - အကျိုးစီးပွါးရှိ၏ဟု သိသောအားဖြင့်

၅။ **အဟိတဝိညာဏ** - အကျိုးစီးပွါးမရှိဟု သိသောအားဖြင့်

၆။ **သဘာဂ နိမိတ္တ** - သဘောတူ အာရုံအားဖြင့်

၇။ **ဝိသဘာဂ နိမိတ္တ** - သဘောကွဲ အာရုံအားဖြင့်

၈။ **ကထာဘိညာဏ** - စကားကို ကြားသိသော အားဖြင့်

၉။ **လက္ခဏ** - မှတ်ကြောင်းအင်္ဂါလက္ခဏာအားဖြင့်

၁၀။ **သာရဏ** - သူတစ်ပါးသတိပေးသော အားဖြင့်

၁၁။ **မုဒ္ဒ** (ဗုဒ္ဓ) - အက္ခရာအရေးအသား အားဖြင့်

၁၂။ **ဂဏနာ** - ဂဏန်းသင်္ချာ အရေအတွက် အားဖြင့်

၁၃။ **ဓာရဏ** - နှုတ်တက်အာဂုံဆောင်သောအားဖြင့်

၁၄။ **ဘာဝနာ** - ကမ္မဋ္ဌာန်းဘာဝနာ အားဖြင့်

၁၅။ **ပေါတ္ထကနိဗန္ဓန** - ပေ ပုရပိုက် စာအုပ်တို့နှင့် ဖွဲ့ယှက်ဆက်စပ်သော အားဖြင့်

၁၆။ **ဥပနိက္ခေပ** - အနီး၌ ဆည်းထား(ချထား)သော အားဖြင့်

၁၇။ **အနုဘူတ** - သုံးဆောင် ခံစားဖူး သောအားဖြင့် .... သတိဖြစ်၏။ [**မိလိန္ဒပဥှာ (မြန်မာပြန်)**]

## ၇၂-ဗုဒ္ဓဂုဏာသတိပဋိလာဘပဉှာ

Q72.1. အသက်တစ်ရာနေရတဲ့ပုဂ္ဂိုလ်က နှစ်ပေါင်း ၁၀၀ အကုသိုလ်တွေ လုပ်ထားစေဦးတော့ သေခါနီးမှာ မြတ်စွာဘုရားရဲ့ဂုဏ်ကို အာရုံပြုရင်း သေမယ်ဆိုရင် သူဟာ နတ်ပြည် ရောက်တယ်လို့ ဟောပြောကြတယ်။ ?
A72.1. တန် နှစ်ဆယ်ခန့်ရှိသော ကျောက်တုံးကြီးကို ကုန်ချိန်များစွာ တင်နိုင်သော ပင်လယ်ကူးသင်္ဘောကြီးနှင့် တင်လာလို့ရှိလျှင် ထိုကျောက်တုံးကြီး ရေမှာပေါ်နိုင်သကဲ့သို့ ထို့အတူ "ကုသိုလ်ဆိုတာ လှေသင်္ဘောနဲ့တူတယ်" ဘယ်လောက်ပဲ အကုသိုလ်တွေ လုပ်ထား လုပ်ထား၊ကုသိုလ်မှုက ကယ်နိုင်တယ်၊ အပါယ်ငရဲမှာ မြုပ်မသွားဘူး။

Q72.2 ပါဏာတိပါတကံ တစ်ကြိမ်လုပ်ရုံနဲ့ ငရဲကျနိုင်တယ်လို့ ဆိုတယ်?
အကုသိုလ်မှန်သမျှဟာ အောက်ဆိုတဲ့ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ အပါယ်ဘုံတွေကို ကိုပို့ဆောင်တယ်။ ကျောက်ခဲဆိုတဲ့ အကုသိုလ်ကတော့ အောက်ဆွဲမှာပဲ၊ ရေမှာပေါ် ဖို့ မရှိဘူး။

**ကုသိုလ်မှန်သမျှဟာ အထက်ကိုပို့ဆောင်တယ်**
အကုသိုလ် (ကျောက်ခဲ) တွေရှိနေသော်လည်းပဲ ကုသိုလ်ကောင်းမှုကနေ (လှေ သဖွယ်) ဆောင်ရွက်ပေးလို့ရှိရင် ဒီလူဟာ အပါယ်ငရဲ မကျဘူး။ (ကျောက်ခဲတွေ ရေမမြုပ်ဘူးတဲ့။ )

**အကုသိုလ်မှန်သမျှ အောက်သို့ပို့ဆောင်ပုံ**

တစ်ခုသောပါဏာတိပါတကံကို ကျူးလွန်မိတယ်။ သူများအသက် တစ်ခါပဲသတ်လိုက်မိတယ်၊ အဲဒီတစ်ခါ သတ်တာနဲ့ပဲ ဒီလူဟာ ငရဲကျသွားတယ်။

**အကုသိုလ်ထက် ကုသိုလ်က စွမ်းအားကြီးပုံ**

**၁။ တမ္ဗဒါဌိက လူသတ်သမား -** နှစ်ပေါင်း ၅၀ လူသတ်လာပြီး သေတော့ နတ်ပြည်ရောက်သွား၏။

**၂။ အဇာတသတ်မင်း**

ပဉ္စာနန္တရိယကံ ဟူသော အကုသိုလ်ကံမျိုးကို ကယ်တင်လို့မရပါ။ ကယ်တင်လို့မရဆိုသော အကုသိုလ် တောင်မှ ငရဲကို ရက်တိုတိုနှင့် လွတ်နိုင်တာ ရှိသေး၏။ အဇာတသတ်မင်းကြီးသည် သူ့ဖခင် ဗိမ္ဗိသာရ မင်းကြီးကို ထောင်သွင်းအကျဉ်းချပြီး နောက်ဆုံး သူ့အမိန့်နှင့် သတ်ဖြတ်လိုက်၏။ (ပိတုဃာတကကံ) ငရဲမှာ နှစ်ပေါင်းများစွာ ကြာရှည်မခံရအောင် သာမညဖလသုတ်နာရသော ကုသိုလ်က အထောက်အကူ ပြုလိုက်၏။ အဇာတသတ်မင်း အနှစ်ခြောက်သောင်းပဲ ငရဲမှာ ခံရပြီး ပြန်လွတ်လာမည်။ အကန့်အသတ် လေးရသွား၏။

# ၇၃ - ဒုက္ခပ္ပဟာနဝါယာမပဉှာ

Q 73. ပြီးခဲ့တဲ့အတိတ်ဒုက္ခကို ပယ်ဖို့ ကြိုးစားကြတာလား” နောင်ဖြစ်လာမယ့်ဒုက္ခကို ဖယ်ရှားဖို့ ကြိုးစားတာလား၊ အခုလက်ရှိ ဖြစ်နေဆဲဒုက္ခကို ဖယ်ရှားနိုင်ဖို့ ကြိုးစားတာလား” why?
“မဟုတ်ပါဘူး”၊ “မဟုတ်ပါဘူး”၊“မဟုတ်ပါဘူး”Because,
အခုလက်ရှိဒုက္ခငြိမ်းပါစေ၊ တစ်ခြားဒုက္ခတွေလည်း ထပ်ပြီးမဖြစ်ပါစေနဲ့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကြိုးစားကြတာပါ”။

Q73.2. “ နောင်လာမယ့် အနာဂတ်ဒုက္ခဆိုတာ ရှိနေပြီလား”။

A73.2. not yet ,but

“နောင်အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် အန္တရာယ်တွေကို ဟန့်တားဖို့ရန်အလို့ငှါ-

၁) အရှင်မင်းကြီးမှာ ဆန့်ကျင်ဘက် စစ်ပြုနေတဲ့ ရန်သူမင်းတွေရှိတယ်ဆိုလို့ရှိရင် ရန်သူတွေ ဝိုင်းပြီး စစ်တိုက်နေတဲ့ အချိန်မကျခင် ကျုံးတူး၊ မြို့ရိုးတည် ဆောက်ထားရသကဲ့သို့

၂) အရှင်မင်းကြီးမှာ ရန်သူတွေ မလာခင်ကပင် ဆင်စီးအတတ် ၊ မြင်စီးအတတ် ၊ ဓားခုတ်, လှံထိုး, လေးမြားအပစ် သင်ထားရသကဲ့သို့

၃) ရေမဆာသေးသော်လည်း “နောင်ဆာရင် သောက်ဖို့ ရေတွင်းတူးထားသကဲ့သို့

၄) ထမင်းမဆာသေးသော်လည်း “နောင်ဆာရင် စားဖို့ လယ်စိုက်ထားသကဲ့သို့

# ၇၄-ဗြဟ္မလောကပဉှာ

Q74.1. ဒီလူ့ပြည်ကနေ ဗြဟ္မာ့ပြည်ဟာ ဘယ်လောက်ဝေးပါသလဲ။”

A.74.1. လူ့ပြည်နဲ့ ဗြဟ္မာ့ပြည်ဆိုအလွန်ဝေးတယ်။ ဥပမာဆိုရသော် -
အိမ်ရဲ့ အထွတ်ကြီးလောက်ကြီးတဲ့ ကျောက်တုံး ကြီးတစ်ခု ဗြဟ္မာ့ပြည်က ပစ်ချလိုက်မယ်ဆိုလို့ရှိရင် တစ်နေ့ တစ်နေ့မှာ ကျောက်တုံးကြီးရဲ့အောက်ကိုကျတဲ့နှုန်းဟာ ယူဇနာ ပေါင်း ၄၈၀၀၀ ခရီးပေါက်မယ်၊ အဲဒီနှုန်းနဲ့ကျနေတဲ့ ကျောက်တုံး ကြီးဟာ လေးလကြာမှ မြေပြင်ရောက်နိုင်မယ်။ **(Distance = Speed x Time) (၁ယူ = ၈/၁၂မိုင်)**

Q74.2. ဆန့်ထားတဲ့လက်ကို ကွေးလိုက်သလို, ကွေး ထားတဲ့လက်ကို ဆန့်လိုက်သလို စိတ်စွမ်းရည် ထက်မြက်တဲ့ ရဟန်းဟာ လူ့ပြည်မှပျောက်ကွယ်ပြီး ဗြဟ္မာ့ပြည်သို့ စက္ကန့်ပိုင်းနှင့် ရောက်သွား နိုင်တယ်ဆို How he goes?

A74.2. “ယူဇနာ ၂၀၀ ဝေးတဲ့ မင်းကြီးရဲ့ ဇာတိနယ်မြေ **အလသန္ဒကျွန်း**မှာ မင်းကြီး ငယ်ငယ်တုန်းက လုပ်ခဲ့ တာတွေကို မှတ်မိတာ ရှိသလား”လို့မေးရင် “ရှိတာပေါ့”ဟု မြန်မြန်တွေးနိုင်သကဲ့သို့ ထို့အတူ စိတ္တဂမနလို့ ခေါ်တဲ့ ရုပ်ခန္ဓာကိုယ်ကြီးကို စိတ်ထဲမှာ ထည့်လိုက်ပြီး စိတ်နှုန်းနဲ့ သွားတာဆိုတော့ ချက်ချင်း ရောက်တာပေါ့။

(**မှတ်ချက်။ စိတ္တဂမန** စိတ်ဖြင့်သွားခြင်း ရှိတယ်၊ **ကာယဂမန** ကာယဖြင့်သွားခြင်း ရှိတယ်။ ကိုယ်ခန္ဓာကြီးနဲ့သွားရင် ဖြည်းဖြည်းပဲ သွားလို့ရမယ်။ စိတ်နဲ့သွားတာကျတော့ ဖြုတ်ခနဲ ရောက်သွားတယ်။)

## ၇၅ - ဒွိန္နံ လောကုပ္ပန္နာနံ သမကဘာဝပဉှာ

Q75. သာဂလမြို့မှ လူတစ်ဦး ကွယ်လွန် အနိစ္စရောက်ပြီး ဗြဟ္မာ့ပြည်မှာ ဖြစ်တယ်ဆိုတဲ့ သတ္တဝါတစ်ဦးနှင့် ကသ္မီရ အရပ်ဒေသမှာဖြစ်တဲ့ သတ္တဝါတစ်ဦး၊ ထိုနှစ်ဦးရဲ့အချိန်ဟာ ဘယ်သူက ပိုကြာပြီး ဘယ်သူက ပိုလျင်မြန်သလဲ"
A75. အချိန် အတူတူပဲ ရောက်ပါတယ်။
စုတိစိတ်နှင့် ပဋိသန္ဓေစိတ်အကြား စိတ်အစဉ် ပြတ်တောက်သွားခြင်းမရှိသောကြောင့် ဒီကနေသေပြီး ဗြဟ္မာဖြစ်သွားတဲ့ပုဂ္ဂိုလ်ရော ကသ္မီရမှာမွေးတဲ့ပုဂ္ဂိုလ်ရော တစ်စက္ကန့်ဆို တစ်စက္ကန့်အတွင်း မွေးဖွားကြ,ပဋိသန္ဓေ တည်ကြ၏။

**စိတ်အစဉ်ဟာ ပြတ်တောက်သွားခြင်း မရှိပုံ**
ဒီဘဝ စုတိစိတ်ဖြစ်မယ်။ စုတိစိတ်ပြီးရင် ပဋိသန္ဓေစိတ်။ ပဋိသန္ဓေစိတ် ပြီးရင် ဘဝင်စိတ်တွေ လာပြန်တယ်။ စုတိနဲ့ ပဋိသန္ဓေကြားမှာ ဘယ်စိတ်မှ ခြားကွယ်မှုမရှိဘူး။ အချိန် အနေနဲ့လည်း ခြားကွယ်မှု မရှိဘူး။ စုတိစိတ်ချုပ်သည်၏ အခြားမဲ့၌ ဥပါဒ်လျှင် ဥပါဒ်ချင်း ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာ၏။
**ဥပမာ။** သာဂလမြို့နှင့် ၂၀၀ယူဇနာ ဝေးသော ကလသိဂ္ဂါ နှင့် ၁၂ယူဇနာ ဝေးသော ကသ္မီအရပ် - ကွဲပြားခြားနားတဲ့ ဒေသနှစ်ခုကို ပြန်တွေးကြည့်လိုက်လျှင် တစ်ခဏအတွင်း တွေးနိုင်သည်ဖြစ်ရာ ကြာချိန် တူတူပဲ ဖြစ်သလို။

## ၇၆-ဗောဇ္ဈင်္ဂပဉှာ

**ဗောဇ္ဈင် (ဗောဓိ+အင်္ဂ)** = ဗောဓိဆိုသော ယောဂီပုဂ္ဂိုလ် (သို့) သစ္စာသိဖို့ရန် ဓမ္မသာမဂ္ဂီ၏ အင်္ဂါအကြောင်းတရား။

Q76. ဗောဇ္ဈင်ဘယ်နှစ်ပါး ရှိသလဲ။ သိတဲ့အခါ ဘယ်မျှသောဗောဇ္ဈင်နဲ့ သိပါသလဲ။
ဓမ္မဝိစယ တစ်ခုတည်းနဲ့သိလို့ရှိရင်ရင် ဘာလို့ ၇-ခုဟောရတာတုန်းတဲ့၊ တစ်ခုတည်း ဟောပါလား။
A76. ဗောဇ္ဈင် ၇-ပါးရှိတယ်။ "သိတာက ဓမ္မဝိစယ သမ္ဗောဇ္ဈင် တစ်ခုတည်းနဲ့ သိတယ်" အိမ်ထဲထည့်ထားတဲ့ ဓားရှည်ကြီးဟာ ခုတ်တဲ့လက်မပါဘဲနဲ့ ခုတ်စရာတွေကို မခုတ်ဖြတ်နိုင်သလို ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဟာ ကျန်တဲ့ ဗောဇ္ဈင် ၆-ပါး မပါရင် သူ့ဟာသူ မသိနိုင်သောကြောင့်တည်း။

**ဗောဇ္ဈင် ၇-မျိုး၏ ကိစ္စ**

| | |
|---|---|
| သတိ - အမှတ်ရခြင်း | ပဿဒ္ဓိ - စိတ်နှလုံး အေးချမ်းခြင်း |
| ဓမ္မဝိစယ (ပညာ) - သိခြင်း | သမာဓိ - တည်ငြိမ်ခြင်း |
| ဝီရိယ - အားထုတ်ခြင်း၊ စိတ်ကို မြှင့်တင်ပေးခြင်း | ဥပေက္ခာ - ညီတူညီမျှ ဖြစ်စေခြင်း |
| ပီတိ - စိတ်ထဲကျေနပ်၊ နှစ်ခြိုက်ခြင်း | |

# ၇၇ - ပါပပုညာနံ အပ္ပါနပ္ပဘာဝပဉှ

Q77. ကုသိုလ်နဲ့ အကုသိုလ် ဘယ်ဟာက ပိုများသလဲ”။“ဘာ့ကြောင့်လဲ”။
A77. “ကုသိုလ်က များတယ်၊ အကုသိုလ်က နည်းတယ်”
လူတွေဟာ မကောင်းမှုလုပ်ပြီး “ငါ မကောင်းမှု လုပ်မိသွားပြီ” လို့ နှလုံးမသာမယာ ဖြစ်ကြတယ်၊ ဒါ့ကြောင့် အကုသိုလ်က မတိုးပွါးဘူး။”

## အကုသိုလ်တရား မတိုးပွါးပုံ

အကုသိုလ်လုပ်ပြီး စိတ်မကောင်းဖြစ်ကြခြင်းသည် လူတိုင်းတော့ မဖြစ်ပါ။ (လူမိုက်တို့၌) မကောင်းတာ လုပ်ပြီး **ဝိပ္ပဋိသာရ** အခုမဖြစ်ပေမယ့် ဒုက္ခဖြစ်လာပြီဆိုရင် (ငရဲကျတဲ့အခါ) ဖြစ်၏။ ဒုက္ခတွေ့ပြီ ဆိုတဲ့အခါ ကျတော့ ငါမှားတယ်ဆိုတာ ဖြစ်တယ် (သို့) လူတော်လူကောင်းစိတ်ရှိတဲ့ ပုဂ္ဂိုလ်က တစ်ခါတလေ မှားမှားယွင်းယွင်း လုပ်ပြီးရင်လည်း ပြန်တွေးမိရင် စိတ်မကောင်းဖြစ်တယ်။ စိတ်ထဲမှာ ဝမ်းသာကြည်နူးမှု မဖြစ်ဘူး။ ထို့ကြောင့် အကုသိုလ်က မတိုးပွားပါ။

## ကုသိုလ်တရား တိုးပွါးပုံ

ကုသိုလ်ကောင်းမှုကတော့ ပြုလုပ်တဲ့အခါမှာ **အဝိပဋိသာရ**- နှလုံးသာယာမှုကို ဖြစ်စေ၏။ ကုသိုလ် ကောင်းမှု လုပ်ပြီးသောပုဂ္ဂိုလ်သည် ကိုယ်လုပ်သောလုပ်ရပ်ပေါ်မှာ ကျေနပ်၏။ ကျေနပ်ခြင်းကြောင့် **ပါမောဇ္ဇ** ဝမ်းမြောက်၏၊ ဝမ်းမြောက်ခြင်းကြောင့် **ပီတိ** ဖြစ်၏၊ ပီတိဖြစ်ခြင်းကြောင့် **ပဿဒ္ဓိ** ဖြစ်၏။ ပဿဒ္ဓိဖြစ်ခြင်းကြောင့် **သုခ** ဖြစ်၏။ သုခဖြစ်ခြင်းကြောင့် **သမာဓိ** ဖြစ်၏။ သမာဓိ ဖြစ်လာပြီဆိုလျှင် **ယထာဘူတဉာဏဒဿန** - အမှန်ကိုသိလာ၏။ ထို့ကြောင့် ကုသိုလ်ကောင်းမှု က တိုးပွား၏။

## ကုသိုလ်သည် တိုးပွား၊ အကုသိုလ်သည် မတိုးပွား

ကုသိုလ်သည် ဝမ်းသာကြည်နူးမှုတို့နှင့် သွားသည့် အတွက်ကြောင့် တိုးပွား၏။ အကုသိုလ်သည် စိတ်မ ကောင်းဖြစ် လို့ တိုးလာမှု မရှိ။ ဤရှုထောင့်ကနေပြီး အကုသိုလ်က နည်းတယ်၊ ကုသိုလ်က များတယ်လို့ ဖြေဆိုခြင်း ဖြစ်၏။

## ပန်းတစ်ပွင့် ကုသိုလ်

ခြေလက်ပြတ်နေသော သူတစ်ယောက်သည် မြတ်စွာဘုရားကို ကြာပန်းတစ်ပွင့် လှူလိုက်သော ကုသိုလ် ကြောင့် ၉၁-ကမ္ဘာထိအောင် အပါယ်ငရဲ မရောက်။ ပန်းတစ်ပွင့်လှူသော ကုသိုလ်ကို အကြောင်းပြုပြီး ကောင်းရာသုဂတိ၌ ဖြစ်ရ၏။ လူဖြစ်၏၊ နတ်ဖြစ်၏ နတ်ဖြစ်ပြီးတော့ လူပြန်ဖြစ်၏။ လူပြန်ဖြစ်သောအခါ ကုသိုလ်ကောင်းမှုတွေ ဆက်လုပ်၏။ ဆက်လုပ်တော့ နတ်ဖြစ်လိုက်၊ လူဖြစ်လိုက် ကောင်းတာတွေချည်းပဲ ဆက်ဆက်လုပ်သွားသည့် အတွက်ကြောင့် ၉၁-ကမ္ဘာ ထိအောင် အပါယ်ငရဲကို မရောက်ရခြင်း ဖြစ်၏။

## ၇၈-ဇာနန္တာ ဇာနန္တ ပါပကရဏပဉှ

Q78. မကောင်းမှုလုပ်တဲ့အခါမှာ သိလို့လုပ်တာနဲ့ မသိလို့ လုပ်မိတာ ဘယ်ဟာပိုဆိုးသလဲ?

A78. "မသိလို့လုပ်တဲ့ပုဂ္ဂိုလ်ရဲ့အကုသိုလ်က ပိုများပါတယ်"။ ပူကျက်နေတဲ့ သံတုံးကြီးကို သိလျက်ကိုင်သောသူနှင့် ၊မသိလို့ ကိုင်မိသောသူတို့တွင် မသိတဲ့ပုဂ္ဂိုလ်က ပိုလောင်ပြီး၊ သိတဲ့ပုဂ္ဂိုလ်က သက်သာသကဲ့သို့ ထို့အတူ အကုသိုလ်လုပ်ရင်လည်း မသိလို့လုပ်မိတယ် ဆိုတဲ့အကုသိုလ်က ပိုပြီးတော့ များတယ်။

## ၇၉-ဥတ္တရကုရုကာဒိ ဂမနပဉှ

Q79. ဒီကိုယ်ကာယနဲ့ ဥတ္တရကုရု (မြောက်)ကျွန်း သွားနိုင်သူ သို့မဟုတ် ဖြဟ္မာ့ပြည်နဲ့ တခြားကျွန်း ဒေသသွားနိုင်သူ တစ်စုံတစ်ယောက် ရှိပါသလား။ How he goes?

A79. ရှိပါတယ်။ ဒီခန္ဓာကိုယ်ကြီးနဲ့ ဘယ်လောက်ထိအောင် ခုန်မယ်ဆိုပြီး စိတ်အားသွင်းလိုက်တယ်။ သွင်းပြီးတဲ့ အခါ ခုန်လိုက်လျှင် သူ့စိတ်ထဲ ရည်မှန်းချက်အတိုင်း သူ့ ခန္ဓာကိုယ်ကြီးက ပေါ့ပါးမြောက်တက်သွားသကဲ့သို့ ထို့အတူ စိတ်ကိုပိုင်နိုင်တဲ့ တန်ခိုးရှင်တစ်ယောက်ဟာ သူ့ရဲ့ခန္ဓာကိုယ်ကြီးကို စိတ်ထဲထည့်လိုက်ပြီး စိတ်စွမ်းအားနဲ့ ကောင်းကင်ပျံတက်တာ ဖြစ်သောကြောင့် ဒီကိုယ်ကာယနဲ့ ဥတ္တရကုရု (မြောက်)ကျွန်း သွားနိုင်သူ သို့မဟုတ် ဖြဟ္မာ့ပြည်နဲ့ တခြားကျွန်း ဒေသသွားနိုင်သူ ရှိပါ၏။

(**စိတ်စွမ်းအား** >ပထဝီ + အာပေါကို လျော့ချပြီး၊ တေဇော + ဝါယောကို မြှင့်တင်> ခန္ဓာကိုယ် ပေါ့ပါး > ခုန်ပျံလို့ရ)

## ၈၀-ဒီဃဋ္ဌိပဉှ

Q80. သစ်ပင်တွေတောင် ယူဇနာတစ်ရာရှည်တဲ့သစ်ပင် မရှိလျှင် သတ္တဝါရဲ့အရိုးဟာ ဘယ်လိုလုပ် ယူဇနာတစ်ရာ မက ရှည်မလဲ။

A80. ပင်လယ်ထဲမှာ ယူဇနာငါးရာလောက် ထိအောင် ရှည်လျားကြီးမားတဲ့ ငါးကြီးတွေ ရှိလျှင် ထိုငါးကြီးတွေရဲ့ အရိုးတွေဟာလည်း ယူဇနာငါးရာလောက်ရှည်မည်။

## ၈၁- အဿာသ ပဿာသနိရောဓပဉှ

Q81. အဿာသ ပဿာသလို့ဆိုတဲ့ ဝင်လေထွက်လေကို ချုပ်ငြိမ်းအောင် လုပ်လို့ရသလား?

A81. ထွက်လေဝင်လေ ချုပ်အောင်လုပ်လို့ ရပါသည်။ ကာယ၊ စိတ္တ၊ သီလ၊ ပညာနဲ့ပတ်သက်ပြီး လေ့ကျင့်ထားတာ မရှိတဲ့ သာမန်ပုဂ္ဂိုလ်တစ်ယောက် ဟောက်နေလျှင် ထိုသူ့၏ ခန္ဓာကိုယ်အနေအထား ပြောင်းလိုက်လို့ရှိရင် ဟောက်သံ ရပ်သွားနိုင်သည်ဆိုလျှင် **ဘာဝိတကာယ,ဘာဝိတ စိတ္တ**, **ဘာဝိတသီလ, ဘာဝိတပညာ** လို့ခေါ်တဲ့ စနစ်တကျလေ့လာထားတဲ့ ကိုယ်အနေအထား၊ စိတ်အနေအထား, သမာဓိအနေအထားတွေကြောင့် စတုတ္ထဈာန် ဝင်စားနေတဲ့ပုဂ္ဂိုလ်ဟာလည်း ထွက်လေဝင်လေ (မရှိ)ချုပ်နေနိုင် သည်မှာ ပြောစရာမလိုတော့ပြီ ဖြစ်သည်။

## ၈၂-သမုဒ္ဒပဉှာ

Q82. ဘာကြောင့် ပင်လယ်ရေတွေကို **သမုဒ္ဒ** လို့ပြောကြသလဲ?

A82. (ရေရှိသမျှ အငန်ရှိ၏။ အငန်ရှိသမျှရေ ရှိ၏။ ရေနှင့်အမျှ အငန်ဓာတ်များရှိသောကြောင့် သမုဒ္ဒ ဟုခေါ်၏။)
ရေနဲ့အမျှ အငန် ဓာတ်ရှိသောကြောင့် သမုဒ္ဒ ဟုဆို၏။
လ,ထွက်သောအခါ ရေတိုးသောနေရာဖြစ်သောကြောင့် သမုဒ္ဒ ဟုဆို၏။ (အဘိဓာနပ္ပဒီပိကာဋီကာ)

## ၈၃-သမုဒ္ဒ ဧကရသပဉှာ

Q83. ဘာကြောင့် သမုဒ္ဒရာရေတွေဟာ အငန်ဓာတ် တစ်မျိုးတည်း ရှိရသလဲ?

A83. ရေတို့သည် နှစ်သန်းပေါင်းများစွာ ပင်လယ်ထဲ၌ ရှိနေကြသောကြောင့် ငန်သောအရသာတစ်မျိုးတည်း ဖြစ်ပါသည်။

**(အခုခေတ် အဖြေထုတ်ပုံ)**

မိုးရွာချလိုက်တဲ့အခါ ကျောက်ဆောင်နှင့်၊ မြေတွေပေါ်တွင်ရှိသော အငန်ဓာတ်များမိုးရေတွေနှင့်ပါသွားပြီး ပင်လယ်ထဲ ရောက်သွား၏။ အပေါ်ရေများ အခိုးဖြစ်ပြီး ထွက်သွားပြီး အောက်တွင် အငန်ဓာတ်များကျန်ရစ်ခဲ့သည်။
နှစ်သန်းပေါင်းများစွာကြာသောအခါ အငန် ဓာတ်များ စုမိပြီး ဆားငန်ရေအတိ ဖြစ်သွားပါသည်။

Q83.1 ဒီရေ ဘာကြောင့်တက်သလဲ?

A 83.1.

**(သံယုတ္တနိကာယ ဥပယန္တိသုတ် အဖွင့်ဋီကာ)**

ပင်လယ်ထဲမှ ကျောက် ဆောင်ကြီးများတွင် စန္ဒြကန္တကျောက်သည် တစ်ခြားအချိန်၌ ကျောက်ဆောင်ထဲမှာ ရေဝပ်နေပြီး လ,ရောင်နဲ့တွေ့လျှင် ရေတွေထွက်လာသောကြောင့် ဒီရေတက်ရပါသည်။

**(ယနေ့ခေတ်)**

လ,ရဲ့ဆွဲအားကြောင့် လဆန်းရက်မှစပြီး ဒီရေတက်လေ့ ရှိပြီး။ လပြည့်နေ့ကျ အမြင့်ဆုံးတက်၏။

**မှတ်ဖွယ်။ ကျောက် ၂-မျိုး**

(၁) **သူရိယကန္တကျောက်**က နေရောင်နဲ့တွေ့ရင် မီးတောက်တယ်၊

(၂) **စန္ဒြကန္တကျောက်**က လ,ရောင်နဲ့တွေ့ရင် ရေတွေ အန်ထွက်တယ်။

## ၈၄-သဗ္ဗသုခုမပဥှာ

Q84. အလွန် သိမ်မွေ့တဲ့အရာကို ဖြတ်တောက်လို့ရနိုင်ပါသလား? အလွန်သိမ်မွေ့တဲ့ အရာဆိုတာ ဘာလဲ?
A84. အလွန် သိမ်မွေ့တဲ့အရာကို ဖြတ်တောက်လို့ရနိုင်ပါသည်။ အလွန်သိမ်မွေ့တဲ့ အရာမှာ **ဓမ္မ**ဆိုတဲ့ သဘာဝတရား ဖြစ်ပါသည်။ သို့သော် တရားဓမ္မတိုင်း သိမ်မွေ့သည် မဟုတ်။

### သိမ်မွေ့မှု သိသာမှု

သိမ်မွေ့တဲ့အရာတွေမှန်သမျှကို အသိဉာဏ်/ပညာနဲ့ ခွဲခြမ်းစိတ်ဖြာ လို့ရတယ်။ ပညာနဲ့ ခွဲခြမ်းစိတ်ဖြာမယ်ဆိုရင် ဓမ္မရဲ့သဘာဝတွေကို အမျိုးမျိုး ရှင်းပြလို့ရနိုင်တယ်။ (အလွန်သိမ်မွေ့တဲ့ဓမ္မကို ခွဲခြမ်း စိတ်ဖြာပြီး ပညာနဲ့သိနိုင်တယ်။) (ရုပ်ဝတ္ထုကို အသေးစိတ် ခွဲခြားသလို ဓမ္မဆိုတဲ့ အလွန်သိမ်မွေ့တဲ့ တရားကိုလည်း အသိဉာဏ်/ပညာနဲ့ ခွဲခြမ်း စိတ်ဖြာနိုင်တယ်။)

## ၈၅-ဝိညာဏနာနတ္တပဥှာ

Q85. ဝိညာဏရယ်၊ ပညာရယ်၊ ခန္ဓာမှာရှိတဲ့ ဇီဝရယ်၊ ဒီသုံးမျိုးဟာ စကားလုံး ကွဲပြား သလို အနက်အဓိပ္ပါယ်လည်း ကွဲပြားပါသလား သို့မဟုတ် စကားလုံးသာ ကွဲပြားပြီး အနက်အဓိပ္ပါယ်က တူပါသလား?
A85.1.
**ဝိညာဏ** - ထင်ဟပ်လာသော အာရုံကိုသိပြီး ရယူတတ်သောသဘော / အာရုံကိုသိသော သဘာဝလက္ခဏာ ရှိ၏။
**ပညာ** - ပိုင်းပိုင်း ခြားခြား ခွဲခြားဝေဖန်ပြီးသိတတ်သော သဘာဝရှိ၏။
ဒါကြောင့် ဒီနှစ်ခုဟာ စကားလုံးလည်း မတူ၊ အနက်အဓိပ္ပါယ်လည်း ကွဲပြား၏။

သို့သော် ခန္ဓာကိုယ်မှာ **ဇီဝ** ဆိုတဲ့အရာကတော့ မရှိ။ ဇီဝ အယူဝါဒကို ဗုဒ္ဓရဲ့တရားတော်မှာ ပယ်ထား၏။ ဟိန္ဒူတွေပြောတဲ့ ဇီဝတို့ သတ္တတို့ဆိုတာ မရှိ၊ ရုပ်နဲ့နာမ် နှစ်မျိုးပဲရှိ၏။

A85.2. ဇီဝမရှိဘူးဆိုလို့ရှိရင် မျက်စိနဲ့ အဆင်းအာရုံကို မြင်တာ ဘယ်သူ မြင်တာတုန်း?
A85.2. မျက်စိဖြင့် အဆင်းအာရုံကိုမြင်တယ်ဆိုတဲ့နေရာမှာ ဇီဝက မြင်တာမဟုတ်၊ စက္ခုဝိညာဏ်စိတ်က မြင်ခြင်းဖြစ်သည်။
[မျက်စိတံခါးပေါက်ကို ဖွင့်ထုတ်လိုက်လျှင် ဟင်းလင်းပြင်ကြီး ဖြစ်လာသော်လည်း ဇီဝက ပိုပြီးမမြင်ပါ။ ထို့ကြောင့် ဇီဝသည် သီးခြားမရနိုင်ပါ။]*[ ပဥှာ - ၃၁ ဝေဒဂူတွင် အကျယ်ရှင်းပြပြီး]*

## ၈၆ - အရူပဓမ္မဝဝတ္ထာန ဒုက္ကရပဉှ

Q86. "မြတ်စွာဘုရားလုပ်သော အလုပ်များသည် ခက်ခဲသည်ဟု ပြောနိုင်မည်လော? အခက်ခဲဆုံးအလုပ်ကိုဖော်ပြပါ။

A86. မြတ်စွာဘုရားလုပ်သော အလုပ်များသည် ခက်ခဲသည်ဟု ပြောနိုင်ပါသည်။

လူတစ်ယောက်အား ပင်လယ်ရေကို ခပ်ယူလိုက်ပြီး ဒီရေသည် ဂင်္ဂါမြစ်မှ ရေ ၊ ယမုံနာမြစ်မှ ရေ ဟုခွဲခြားပြီး သိနိုင်ပါ့မလားဟု မေးလျှင် သိဖို့ရန် ခက်သည်ဟု ဖြေဆိုသကဲ့သို့ ထို့ထက်ခက်သည်မှာ အကောင်အထည်မရှိသော အာရုံ တစ်ခုတည်း၌ ဖြစ်ကြသော စိတ်, စေတသိက် တရားများကို ဒါက ဖဿ၊ ဒါက ဝေဒနာ၊ ဒါက စေတနာ၊ ဒါက စိတ်ဟု ခွဲခြမ်း စိတ်ဖြာသော အလုပ်သည် အခက်ခဲဆုံးအလုပ်ဖြစ်ပါသည်။

မိလိန္ဒမင်းကြီးက **သုဋ္ဌု ဘန္တေ- အရှင်ဘုရားဖြေတာ ကောင်းတယ်ဘုရား** လို့ လက်ခံလိုက်တယ်။

**မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များကိုလေ့လာခြင်း ပြီး၏။**

**ရေးသားရခြင်း ရည်ရွယ်ချက် -** တရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်၏ တရားတော်ကို ပူဇော်သောအားဖြင့်၎င်း၊ ပါမောက္ခချုပ်ဆရာတော်ဘုရားကြီး၏ တရားတော်များကို ပူဇော်သောအားဖြင့်၎င်း၊ စာအုပ်အလှူရှင် အန်တီဒေါ်တင်မေဦးနှင့်မိသားစုအား ကျေးဇူးဆပ်လိုသောအားဖြင့်၎င်း၊ သံသရာအဆက်ဆက်မှ ဆွေမျိုးတော်စပ်ဖူးကုန်သော ဓမ္မမိတ်ဆွေများအား ကျေးဇူးဆပ်လိုသောအားဖြင့်၎င်း မှတ်စုရေးသားရခြင်း ဖြစ်ပါသည်။ ပထမအကြိမ်၌ မိမိတက်ရောက်နေသော အတန်းထက် ကြိုတင်၍ စီစဉ်ရပါသောကြောင့် မင်းကြီး၏ အမေးနှင့် ရှင်နာဂသေန၏ အဖြေလိုရင်းတို့ကိုသာ ရေးသားနိုင်ခဲ့ပါသည်။ ယခုမှသာ နောက်ထပ် အရေးကြီးသည်တို့ကို ပြန်လည်ထည့်သွင်း၍ ပြုပြင်မွမ်းမံလိုက်ရပါသည်။ အတတ်ပညာရှင်မဟုတ်ဘဲ ဝါသနာရှင်အဖြစ် ရေးသားပါသောကြောင့် လိုအပ်ချက်များ ရှိခဲ့လျှင်လည်း အပြစ်မမြင်ဘဲ ပြုပြင်ကာ ဆက်လက်လေ့လာကြပါလို့ တောင်းပန်အပ်ပါသည်။

**ဆုတောင်း -** မြတ်စွာဘုရားရှင် ဟောကြားတော်မူသော သစ္စာလေးပါးမြတ်တရားကို အကျဉ်းပြလျှင် အကျယ်သိ၊ အကျယ်ပြလျှင် အကျဉ်းသိသောဉာဏ်ကို သံသရာခရီးတိုတိုဖြင့်ရရှိကာ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

## "အမှတ်တရစကား"

ကျွန်ုပ် ဦးထွန်းထွန်းလင်းသည် ပညာဘူမိတက္ကသိုလ်မှ ကျင်းပသော သုတဓမ္မဒီပလိုမာတန်းဆိုင်ရာ မှတ်စု အကျဉ်းချုပ် ဇယားများ (Level- 1, Level- 2, Level- 3)၊နှင့် စာမေးပွဲအထောက်အကူပြု ဆက်စပ် အတိုအထွာမှတ်စုများကို သင်ဆရာ၊ မြင်ဆရာတို့၏ ကျေးဇူးဖြင့် ရေးသားခဲ့ပါသည်။

ယခုအခါ သုတဓမ္မဂဝေသီတန်းဆိုင်ရာ မိလိန္ဒပဉှာ၊ ပါရာယနဒေသနာ၊ ဗောဓိပက္ခိယတရားကို လေ့လာသုံးသပ်ခြင်း မှတ်စုတို့ကိုလည်း ရေးသားပြီးစီးခဲ့ပါသည်။ ကျွန်ုပ်သည် BA တန်းမှတ်စုများကို ရေးသားရာ၌ ဆရာတော်ဘုရားကြီး၏ တရားတော်များကို အသေးစိတ်မနာကြားခဲ့ရပါ။ အချိန်မပေး နိုင်သည်က တစ်ကြောင်း၊ မိမိရောက်ရှိနေသော အတန်းထက် ကြိုတင်၍ ရေးသားရသည်က တစ်ကြောင်းဖြစ်ပါသည်။ ဆရာမကြီး ဒေါ်ခင်လှတင်၏ ပို့ချမှုများကိုလည်း အချိန်မပေးနိုင်၍ နာယူမှု မပြုလုပ်နိုင်ခဲ့ပါ။

မိလိန္ဒပဉှာ မှတ်စုရေးသားရာတွင် တစ်ခြားသော ဆရာများကဲ့သို့ စေတသိက်အစု၊ စိတ်အစု၊ ရုပ်အစု၊ နိဗ္ဗာန် စသည်ဖြင့် မခွဲမတွဲဘဲ ဟောစဉ်အတိုင်း ပဉှာနံပါတ်အလိုက် ရှာဖွေမှုလွယ်ကူစေရန်ငှင်း၊ မင်းကြီး၏ အမေးနှင့် ရှင်နာဂသေန၏ အဖြေတို့ကိုသာ ရွေးထုတ်၍ငှင်း လိုရင်းသာ ရေးသားခဲ့ပါသည်။ နောက်ပိုင်းတွင် အရေးကြီးသည်များကို ထပ်မံဖြည့်စွက်ရင်း ရေးသားခဲ့သည်။

ပါရာယနဒေသနာ မှတ်စုရေးသားရာတွင်လည်း မူရင်း ဝတ္ထု မေး+ဖြေကို ဖတ်ရှုကိုးကား၍ ပုဏ္ဏား ၁၆ ယောက်၏ အမေးနှင့် မြတ်စွာဘုရား၏ အဖြေတို့ကိုသာ လိုရင်းထုတ်နှုတ်၍ ရေးသားခဲ့ပါသည်။

ဗောဓိပက္ခိယတရားကို လေ့လာသုံးသပ်ခြင်း မှတ်စုရေးသားရာတွင် အများကြီး အားစိုက်ခဲ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော် တရားတော်များကို ကျွန်ုပ်၏ ပညာဖြင့် နားလည်ရန် မလွယ်ကူသောကြောင့် ဖြစ်ပါသည်။ အဘိဓမ္မတ္ထသင်္ဂဟ၊ အဘိဓမ္မတ္ထဝိဘာဝိနီ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ တို့အပြင် မဟာဗုဒ္ဓဝင်၊ ဓမ္မပဒ၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်တို့ကိုလည်း ဖတ်ရှု ကိုးကား၍ ရေးသားခဲ့ရပါသည်။

မှတ်စုများရေးသားခြင်းသည် ဝါသနာအရဖြစ်ပါသည်။ အတတ်ပညာရှင်မဟုတ်၍ အမှားအယွင်းပါခဲ့လျှင်လည်း မေတ္တာထား၍ ခွင့်လွှတ်ပေးဖို့ တောင်းပန်အပ်ပါသည်။ စာမျက်နှာနည်းဖို့၊ စာလုံးကြီးဖို့၊ A4 Portrait၊ compareလုပ်ရန် မလိုအပ်ဘဲ ဇယားတွေမထည့်မိဖို့၊ သိစေချင်တဲ့ ဗဟုသုတ အပိုတို့ကိုလည်းထည့်ပေးဖို့ စသည်ဖြင့် ရည်ရွယ်ပြီး ရေးဖြစ်ပါသည်။

ဓမ္မမိတ်ဆွေများကို မှာချင်သည်မှာ BA တန်းဖြစ်သည့်အတွက် ဒီပလိုမာတန်းကဲ့သို့ ဒါမေး+ဒါဖြေ နမူနာ မေးခွန်းတွေကို အလေးမထားစေချင်ပါ။ မိမိဘာသာ ပြဋ္ဌာန်းစာအုပ်ကို နားလည် ကျေညက်အောင် ဖတ်ရှုပြီး သဘောပေါက်စေချင်ပါသည်။ ထိုသို့ နားလည်သဘောပေါက်သွားလျှင် မိမိကိုယ်တိုင် မေးခွန်းထုတ်နိုင်သည့် အဆင့်ရောက်သို့ ရောက်သွားပါမည်။ ထိုအဆင့်ထိ ရောက်အောင် ကြိုးစား အားထုတ်ကြပြီး မြတ်ဗုဒ္ဓ ဟောကြားတော်မူသော တရားတော်များကို လေ့လာထားသည့် အတိုင်း လက်တွေ့ကျင့်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြု နိုင်ကြပါစေ။

**ဒီပလိုမာတန်းမှသည် DLitt တန်းထိ ဆက်လက်သင်ယူလေ့လာရင်း မိမိတို့ရဲ့ရင်ထဲနှလုံးသားထဲဝယ် သာသနာတည်ကြပါစို့။**

**DR. HTUN HTUN LINN**

**Diploma in Buddhavamsa, Diploma in Sutadhamma,**

**(Ongoing Study - Superior Diploma in Abhidhamma, UA. Dīgha+Majjhima nikãya Vedagū Diploma, IBPU)**